
www.burmeseclassic.com

# ဋေဂျမ်း

ညအလင်္ကာ



www.burmeseclassic.com

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

- ★ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ★ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်မှုခိုင်မာရေး
- ★ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင်တည်ဆောက်ရေး
- ★ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တည်ဆောက်ရေး

## စီးပွားရေး ဦးတည်ချက် (၄) ရပ်

- ★ စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ★ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေး ဦးတည်ချက် (၄) ရပ်

- ★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ★ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ★ စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- ★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# နုတ်သမီး

---

## ညအလင်္ကာ

www.burmeseclassic.com

www.burmeseclassic.com

အဖုံးဒီဇိုင်း - သိန်းရွှေကြည်
ထုတ်ဝေသူ - ဒေါ်မိုးသီတာ (စိုးမိုးစာပေ)
(မြဲ-၀၃၈၅၁)
အမှတ် ၁၃၊ ၁၀၇ လမ်း
မင်္ဂလာတောင်ညွန့်၊ ရန်ကုန်မြို့။
ပုံနှိပ်သူ - ဦးမြင့်သန်း (မြဲ-၀၄၉၀၂)
စံပယ်အော့ဖ်ဆက်
၆၈၊ ဓကားဝါလမ်း
ဒဂုံမြို့နယ်။
အတွင်းဖလင် - ဦးထွန်းဆိုင်
စာအုပ်ချုပ် - ကိုသန်းဌေး
ပုံနှိပ်ခြင်း - ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ။
အုပ်ရေ - ၅၀၀
တန်ဖိုး - ၁၅၀ ကျပ်

နတ်သမီး
ညအလင်္ကာ / နတ်သမီး။ - ရန်ကုန်
စိုးမိုးစာပေ၊ ၂၀၁၃
၂၈၈- စာ ၊ ၁၂ × ၁၈ စင်တီ။
(၁) ညအလင်္ကာ

BURMESE CLASSIC .com

## အခန်း (၁)

"ဝုန်း ဒုန်း ဒုန်း ဒုန်း"

"ဟာ ဟော့ ဟော့ကောင် သားချော မင်း ဒါဘာလုပ်တာလဲကွ"

ဦးမြတ်ကို လှေကားမှ မနိုင့်တနိုင် ဒရွတ်တိုက်ဆွဲချလာသော Polo ဘီးတပ်သေတ္တာကြီးကိုကြည့်ပြီး တအံ့တဩ မေးလိုက်သည်။

"အဝတ်အစားတွေလေ ဒယ်ဒီရဲ့ သား မဝတ်ချင်တော့လို့ သား သူငယ်ချင်းတွေကိုပေးဖို့ ရွေးထုတ်လာတာ"

"ဘုရားမြတ်စွာ ဒီ ဒီလောက် လက်ဆွဲသေတ္တာအကြီးကြီးနဲ့ တစ်လုံး အပြည့်ထည့်ထားတဲ့ အဝတ်အစားတွေကို မင်း မဝတ်ချင်တော့လို့ ဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



မျက်မှောင်ကြီးစုကျုံ့လျက် အိတ်ကြီးကို တစ်လှည့် သားဖြစ်သူကိုတစ်လှည့်ကြည့်ရင်း ဒီကောင် ဦးနှောက်ရော မှန်သေးရဲ့လားဟုပင် ကိုယ့်သားကိုယ် သံသယပင် ပြန်ဝင်မိသေး၏။

သူ ဝတ်ထားသော ဂျိုင်းပြတ်စွပ်ကျယ်ကို ပခုံးမှာထုံးချည်လျက် အောက်ကကျွာတားဘောင်းဘီပွပွနှင့် ကလေးမကျ လူကြီးမကျပုံ၊ ကျစ်လျစ်သန်မာသော ကိုယ်ဟန်ဖွံ့ထွားမှုရှိပေမယ့် လူ့ပို့စိတ်တစ်ဝက် ကလေးစိတ်တစ်ဝက် မိဘကအလိုလိုက်တော့ တစ်ခါတစ်ရံ အလိုမကျလျှင် ကြမ်းပြင် နှင့်ခြေထောက် ပွတ်တိုက်ပြီး တမြဲမြဲထိုင်ငိုတတ်သေးသည်။ ဆယ်တန်းအောင်ပြီးလို့ ဥပဒေနောက်ဆုံးနှစ်သာ တက်နေသည်။ ဟိုမရောက် ဒီမရောက် ကလေးမကျ လူကြီးမကျ သူ့ ဇာတ်ရာကို တဖွတ်ထိုးလုပ်တတ်သည့်သား။

BURMESE CLASSIC .com

"မင်းကွာ နည်းနည်းမှ အနှေးအမြဲမရှိတဲ့ကောင်"

"ကျွတ် ဒယ်ဒီရာ အဲဒီလောက်ထိ သဒ္ဓါတရားမနည်းစမ်းပါနဲ့ သားမှာ အဝတ်တွေ ဒီလောက်များတာ ဒယ်ဒီ့အမြင်ပဲ၊ သူငယ်ချင်းတွေကို သေတ္တာတစ်လုံးစာလောက် ဝေခြမ်းပေးလိုက်လို့ သားတို့ မွဲမသွားပါဘူး၊ ဟုတ်တယ်နော် ဒယ်ဒီ"

ချည်ပြီးတုပ်ပြီး ပြောလိုက်သော သားချော၏စကားကြောင့် ပြောမည်ဟု ကြံရွယ်ထားသော စကားလုံးတွေက လည်ချောင်းမှာ နစ်





နေသည်။ ကိုယ်က ပြောလိုက်ပြန်လျှင်လည်း ဖအေကို စကားလုံးအကြီးကြီးတွေနှင့် နှိပ်ကွပ်ဦးမည်။

နှမြောတွန့်တိုခြင်းမရှိသော သားဖြစ်သူ၏အတွင်းစိတ်ကလေးကို သဘောကျမိပေမယ့် ဒီလောက် ရက်ရောဖို့တော့ မကောင်းဘူးဟု ဦးမြတ်ကို ထင်မိပါသည်။ ပြောပြန်လျှင်လည်း မိဘက စိတ်ပုတ်သူဖြစ်ရဦးမည်။

"မင်းဟာကကွာ ပေးတာတော့ ပေးပေါ့၊ တရားလွန်ကြီးကျတော့ မိဘတွေရှာနေတဲ့ ဥစ္စာပစ္စည်းတွေက လမ်းပေါ်ကကောက်ရုံနဲ့ ရတာမဟုတ်ဘူးကွ၊ ဒီအရွယ်ထဲက အထိန်းအကွပ်မရှိရင် မင်း တစ်ချိန် အိမ်ထောင်ဦးစီးဖြစ်လို့ ရှာဖွေရသမျှ ပေးကမ်းစွန့်ကြဲနေရင် မင်းဘဝရော မင်းမိသားစုဘဝရော ရာသက်ပန် လူလုံးလှမှာမဟုတ်တော့ဘူး၊ စိတ်ချ ငါ့အသက်နဲ့လောင်းကြေးထပ်ရဲတယ်"

"ဟာ ဒယ်ဒီရာ သူတစ်ပါးအပေါ် စေတနာနဲ့ကူညီလို့ ကိုယ့်အနာဂတ်ဆိုးကျိုးတွေပဲ ဖြစ်ခဲ့မယ်ဆိုရင် သားတို့ဘုရားရှင်ဟာ ခုလို လူသားတွေ အထွတ်အမြတ် ကိုးကွယ်ဆည်းကပ်နေတဲ့ ဗုဒ္ဓဆိုတာ ဖြစ်လာမလား၊ ဒယ်ဒီ မကြားဖူးဘူးလား၊ ဘုရားရှင်ဟောတဲ့ မင်္ဂလာသုတ်တရားတော်ထဲမှာ ပေးကမ်းစွန့်ကြဲခြင်းသည် မင်္ဂလာမည်၏တဲ့"

ဟန်ကြီးပန်ကြီးဖြင့် ဖအေထက်သားနှစ်လလောက်ပိုကြီးနေ



www.burmeseclassic.com

www.burmeseclassic.com



သော သားချောကိုကြည့်ပြီး ဦးမြတ်ကို အသည်းတွေ အူတွေ ယာ
လောက်အောင် ဒေါသတွေဖြစ်နေရပြီ။

"ဟော့ကောင် မင်း အဲဒီသေတ္တာ ပြန်တင်စမ်း၊ ငါ ပြော
တယ်နော်၊ ပေးချင်ရင် မင်းငွေရှာနိုင်မှ မင်းဟာမင်းပေး သွား ပြန်
သွား"

သားချောတစ်ယောက် စိတ်ပုတ်တာလား၊ တွန့်တိုတာလာ
နမြောတာလား မသေချာသော စိတ်ကြီးဖြင့် ဟန့်တားနေသော ဖခင်
ခေါင်းလေးတခါခါဖြင့် သနားလိုက်တာဟူသော မျက်နှာပေးဖြင့်ကြည့်

"ဒယ်ဒီရာ သားက ဟိုကောင်တွေကိုပေးမယ်လို့ ပြောပြီးသွ
ပြီဗျ"

BURMESE CLASSIC .com

"အေး ကတိပေးပြီးပြီဆိုရင်လည်း တော်ရုံပေးလေကွာ၊
လောက် သေတ္တာတစ်လုံး အပြည့်ပေးစရာလား၊ မင်းကွာ ဝယ်ဝတ်တေ
တကယ့် Brand အကောင်းစားတွေကိုမှ တစ်ထည်ကို နှစ်သော
သုံးသောင်းနဲ့ ပေးဝယ်၊ ပြီးရင် တစ်ခါနှစ်ခါဝတ် ချောင်ထိုးထား၊ ချေ
ထိုးလို့ဝရင် သူများကိုပေးဝတ်၊ မင်းအဖေ အမေတွေက ငွေတု
တဲ့စက်ပိုင်တဲ့ မီလျံနာတွေ မဟုတ်ဘူး၊ လှူဒါန်းတယ် ဒါနပြုတယ်ဆိုတ
အတိုင်းအတာတစ်ခုရှိတယ် နားလည်လား၊ မင်းအခုလို သူများ
ပေးကမ်းလှူဒါန်း လို့ ငါတို့ဘုရားလောင်းလို သံသရာကနေ ထာဝရရွ





မြောက်မလား။ ဒါဆို ဖအေဖြစ်တဲ့ ငါ့အသက်ကိုတောင်စွန့်ပြီး ပါရမီဖြည့်
လိုက်ဦးမယ်၊ ဟွန်း မင်းစေတနာက ခုတော့ မိဘကို မွဲပေါက်လုပ်နေ
တာကွ နားလည်လား"

ပြောရင်းပြောရင်းဖြင့် ဦးမြတ်ကို အသံမှာ ဒေါသသံပါလာ
သည်။ သားချော ထပ်ပြီး စောဒက မတက်တော့။

မနိုင့်တနိုင် ဆွဲချလာသော သေတ္တာကို မနိုင့်တနိုင်ပင် ပြန်
မပြီး လှေကားပေါ်သို့ ပြန်တက်သွားသည်။ ပေစောင်းပေစောင်းဖြင့်
တွတ်ပွတွတ်ပွ ပြောသွားသော သားချောကိုကြည့်ပြီး ဦးမြတ်ကို တစ်
ဖက်လှည့်ပြီး ရယ်လိုက်သည်။

ဒီကောင်က သူ ကြည်ဖြူလျှင်တောင် သူ့အသက်ကိုပေးဖို့
ဝန်မလေး။ ထုံတာလား အတာလား။ ကျပ်မပြည့်တာလားတော့ မသိ။
ဘာပဲဖြစ်ဖြစ် တစ်ဦးတည်းသောသားလေးမို့ ဦးမြတ်ကိုရော ဒေါ်ခင်သစ္စာ
ပါ ငုံထားမတတ် ချစ်ကြပါသည်။

သားချော ဘဝက လက်ညှိုးညွှန်ရာ ရေဖြစ်၏။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂)

BURMESE CLASSIC .com

"ဘိုး ဘိုးပြောတဲ့အိမ်ကြီးကို ရောက်ပြီလားဟင်"

မဝံ့မရဲဟန်လေးဖြင့် မေးလိုက်သော အလင်းကြည်၏အသံ ကြည်မြမြလေးသည် သိမ်ငယ်မှုတွေနှင့် စိုးရွံ့နေ၏။

အဘိုးမာန်၏ လက်မောင်းကို ခပ်တင်းတင်းဆုပ်ကိုင်ထားသည့် အလင်းကြည်၏လက်ချောင်းဖြူသွယ်သွယ်လေးသည် စိုးရိမ်ကြောင့်ကြမှုကြောင့် ချွေးစေးပြန်ကာ အေးစက်နေ၏။

"မောင်မြတ်ကို ရွာကိုလာတုန်းက ပေးခဲ့တဲ့လိပ်စာအရဆိုရင်တော့ ဒီခြံကြီးပဲ မြေးရဲ့"

ပခုံးမှာလွယ်ထားသော လွယ်အိတ်အနွမ်းလေးထဲမှ တွန့်ခေါက်





နွမ်းလျနေသောလိပ်စာ ရေးမှတ်ထားသည့်စာရွက်ကို သေချာစေရန် အဘိုးမာန် ပြန်ကြည့်လိုက်သည်။

သေချာသည်။ လုံးဝမမှား။

"ဘိုး အိမ်ကြီးက အရမ်းခမ်းနားတယ်ထင်တယ်၊ နောက်ပြီး ပန်းခြံလေးလည်းရှိမယ့်ပုံနော်၊ အလင်းရဲ့နှာခေါင်းထဲမှာ ပန်းအနံ့တွေ မွှေးကြိုင်နေသလို ခံစားရတယ်"

"ဟုတ်တယ် မြေးရေ၊ အိမ်ကြီးက ဘိုးအရင်တစ်ခေါက် ရောက်တုန်းကထက် ပိုပြီး ခမ်းနားသွားတယ်၊ မြေး ပြောသလို ပန်းပေါင်းစုံလည်း ပွင့်နေတယ်"

အမြင်အာရုံချို့တဲ့နေရှာသော မြေးဖြစ်သူကို အိမ်ကြီး၏ အနေအထားပုံစံကို ရှင်းပြနေ၏။ ပြီးမှ လူခေါ်ဘဲလ်ကိုနှိပ်ရန် သတိရလိုက်သဖြင့် ကြွေပြားကပ်ထားသော ခြံစည်းရိုးအုတ်တိုင်မှ ခလုပ်ကလေးကို နှိပ်လိုက်သည်။

သိပ်မကြာလိုက် အိမ်ကြီးထဲမှ သားချော ထွက်လာသည်။

"အဘ ဘာကိစ္စလဲ"

"မောင်မြတ်ကို ရှိလားကွယ့်"

"ဗျာ မောင်မြတ်ကို ဟုတ်လား၊ အင်း မောင်မြတ်ကိုတော့ မရှိဘူးဗျာ၊ ဦးမြတ်ကိုတော့ ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



သားချော၏ အဆီအငေါ်မတည့်သော အပြောကြောင့် ဘိုးမာ

ပြုံးလိုက်သည်။

"အေး လူလေးပြောတဲ့ ဦးမြတ်ကိုပဲ ဆိုပါတော့ကွာ"

"အဲဒီကော ဒါဆို ဝင်လေ အဘ"

သားချော ဘိုးမာန်နောက်မှရပ်နေသော ကောင်မလေးကို ဖျ

ခနဲ တစ်ချက်ကြည့်လိုက်ပြီး ခြံတံခါးကို ဖွင့်ပေးလိုက်သည်။

ဘိုးမာန် အလင်းကြည် လက်ကိုဆွဲပြီး အိမ်ကြီးဆီသို့ လျှော

ဝင် သွားလိုက်သည်။ ရင်ထဲမှာတော့ တထိတ်ထိတ်နှင့်။ သူ့တစ်ယော

တည်း ခေါင်းဝင်ကိုယ်ဆံ့ ဘယ်နေရာကဖြစ်ဖြစ် လက်ခံပေမယ့် အ

မြေးလုပ်သူက ကိုယ့်အနားမှာ တတန်းတန်းပါနေတော့ အိမ်ကြီးရှင်တွေ

ကြည်ဖြူပါ့မလား"

စိုးရိမ်ပူပန်မှုနှင့်အတူ မြေးလေး၏လက်ကို ခပ်တင်းတင်း ဆ

ကိုင်လိုက်သည်။

"ဒယ်ဒီ ဧည့်သည်"

သားချော အိမ်၏ဧည့်ခန်းထဲသို့ အပြင်မှလှမ်း၍ အသံပြုလို

သည်။ ဦးမြတ်ကို ဧည့်သည်ဆို၍ အိမ်ကြီးထဲမှ ထွက်လာသည်။

"ဟာ ဦးလေး"

ဘိုးမာန်ကိုမြင်တော့ ဦးမြတ်ကို ဝမ်းသာသွားပုံရသည်။



"မောင်မြတ်ကို မင်းနေကောင်းရဲ့နော်"

"နေကောင်းပါတယ် လာ လာ ဝင်ကြ၊ ဘယ့်နှယ် အကြောင်း

ကြား ဘာမကြားနဲ့ မြန်းစားကြီး ရောက်ချလာပါလား"

"ဟုတ်တယ် တူမောင်ရေ၊ မြန်းစားကြီးလာဆို အကြောင်းက

နေလာတာကိုးကွယ့်"

ဘိုးမာန် မြေးလက်ကိုဆွဲပြီး ဦးမြတ်ကို ဦးဆောင်ရာနောက်

သို့ ခပ်ကုပ်ကုပ် လိုက်လာလိုက်သည်။

"ထိုင် ထိုင်ကြ"

ဘိုးမာန် ပြောင်လက်နေသော ကျွန်းဆက်တီခုံကြီးမှာ ဝင်

ထိုင်လိုက်သည်။ အလင်းကြည်ကတော့ ဘိုးမာန်၏ခြေရင်း ပါကေး

ကြမ်းခင်းတွင် ကျုံ့ကျုံ့လေး ဝင်ထိုင်လိုက်သည်။

ဦးမြတ်ကို ကြမ်းခင်းတွင် ထိုင်ချလိုက်သော အလင်းကြည်ကို

ကြည့်ကာ

"သမီး ခုံပေါ်တက်ထိုင်ပါ၊ ဘယ့်နှယ် အောက်ကြီးမှာ ထိုင်ရတာ

"ရပါတယ် အဘ"

"နေပါစေ မောင်မြတ်ကိုရယ်၊ ဦးလေးတို့က အထူးတလည်

ရိုက်ဧည့်ခံရမယ့်သူတွေ မဟုတ်ပါဘူး၊ ဒီတော့ ဦးလေး လာရင်းကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



လေးကို ပြောပါရစေ”

“ဟုတ်ကဲ့ ပြောပါ ဦးလေး၊ ကျွန်တော် ဘာကူညီရမလဲ”

“ဒီလိုပါကွယ် အခု ဦးလေး ရန်ကုန်ကို တက်လာတာ အလုပ်တစ်ခုခု လုပ်ချင်လို့ပါကွယ်၊ ဒါကြောင့် မောင်မြတ်ကိုများ ကူညီနိုင်မလား လို့ပါ”

“ဦးလေးက ဘာအလုပ်လုပ်ချင်လို့လဲ”

“ခြံစောင့်တို့ ညစောင့်တို့ပေါ့ကွယ် နေစရာလေးပါ ရမယ့် အလုပ်မျိုးပေါ့၊ ဘယ်နေရာမှာဖြစ်ဖြစ် ဦးလေး လုပ်နိုင်ပါတယ်၊ ဖြစ်နိုင်ရင် ကူညီပါ တူမောင်ရယ်၊ ဦးလေးတို့ မြေးအဖိုး ရန်ကုန်တက်လာတဲ့ ရည်ရွယ်ချက်က အလုပ်တစ်ဖက်လုပ်ပြီး ဟောဒီက မြေးလေး မျက်စိ ကွယ်နေတာကို ပျောက်ကင်းအောင် ကုဖို့ပါပဲ”

“ဟင် ဒီကလေးက မျက်စိမမြင်ဘူးလား”

“ဟုတ်ပါတယ် မမြင်ပါဘူးကွယ်”

“ကြော် သနားစရာလေးပဲ၊ သူ့မိဘတွေကရော”

“ရှေ့ဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်သွားကြပါပြီကွယ်၊ ဒါကြောင့် ဒီမြေးလေးရဲ့ဘဝရေးရေးအတွက် ရန်ကုန်ကို အရဲစွန့်ပြီးတက်လာတာပါ၊ ရန်ကုန်မှာကလည်း အသိမိတ်ဆွေ ရပ်ဆွေရပ်မျိုးဆိုလို့ မင်းတစ်ယောက်တည်းရှိတာ မှတ်လား”





ဦးမြတ်ကို ဘိုးမာန်တို့ မြေးအဘိုး ဒုက္ခကို ကြည့်ပြီး သနားကရုဏာသက်မိ၏။ ဘယ်အချိန်ကတည်းက ညှို့ခန်းထဲရောက်နေသည် မသိသော သားချောပင် နားစွန်နားဖျားကြားပြီး အလင်းကြည်လေးကို ကွက်ကြည့်ကွက်ကြည့်ဖြင့် ကြည့်ရင်း

“ဒယ်ဒီ ဒီအဘတို့ မြေးအဘိုးကို အိမ်မှာပဲ ခေါ်ထားလိုက်ပါလားဗျာ၊ အိမ်မှာ ခြံစောင့်ကြီး ဦးမောင်ညွန့်လည်း ရှိတော့တာ မဟုတ်ဘူး”

နေရာဝကာ ဝင်ပါတတ်သော သား၏အကြံကို ဒီတစ်ခါ လက်ခံရတော့မည်။ ကိုယ်မှ မကယ်လျှင် ဒီမြေးအဘိုး အခက်တွေ့ဦးမှာ။ ရန်ကုန်မှာ အလုပ်တစ်ခုရှာရဖို့ လွယ်တာမှမဟုတ်တာ။ နောက်ပြီး မျက်မမြင် မြေးမရဲ့ဝန်ထုပ်ဝန်ပိုးကိုလည်း ထမ်းထားရရှာတော့ ဘယ်လွယ်လိမ့်မလဲ။

“အင်းလေ သား ပြောသလိုပဲ ဦးလေးတို့မြေးအဘိုး ဒီအိမ်မှာပဲ နေလိုက်ကြပါ၊ ခြံထဲက ပန်းအလှပင်လေးတွေ ပျိုးထောင်ပေး၊ ခြံသန့်ရှင်းရေးလေး ဘာလေးလုပ်၊ ကျွန်တော် လစာပေးမယ်၊ အဲဒီလစာကို ဦးလေးရဲ့မြေး မျက်စိကုဖို့ စုထားပေါ့၊ ဒီမှာ ကျွန်တော်တို့နဲ့ ထမင်းတူစားပါ၊ ကိုယ့်မိသားစုလို သဘောထားပြီး ဝိုင်းလုပ်ဝိုင်းစားပေါ့”

“ဟာ ဝမ်းသာလိုက်တာ ငါ့တူရယ်၊ စိတ်ချ ငါ့တူ စိတ်တိုင်းကျ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဦးလေးဘက်က အစွမ်းကုန်ကြိုးစားပါ့မယ်''

အဘိုးမာန် ဝမ်းသာနေသလို အလင်းကြည်လေးလည်း ရင်မှာ ထိတ်ခနဲ ဝမ်းသာသွားရသည်။

အလင်းတို့ မြေးအဘိုးအတွက် ကယ်တင်ရှင်က အဆင်သင့်စောင့်ကြိုနေတာပဲ။

အဘိုးမာန်လည်း ရင်ထဲက အပူလုံးကြီး ခုမှကျသွားရ၏။



အခန်း (၃)

ဒေါ်ခင်သစ္စာ ကျောင်းမှပြန်လာတော့ အိမ်တွင် ဘိုးမာန်နှင့် အလင်းကြည်ကိုတွေ့၍ တအံ့တဩ ဖြစ်သွားသည်။ တစ်ခါမှ မမြင်ဘူးသော သူစိမ်းနှစ်ယောက်က ကိုယ်ကျောင်းသွားနေသော အချိန်အပိုင်းအခြားလေးအတွင်းမှာ ဘာအတွက်ကြောင့် ရောက်လာရသနည်း။

''ကိုမြတ် ကိုမြတ်''

စာကြည့်ခန်းဝင်နေသော ဦးမြတ်ကို ဖနီးအသံကြား၍ စာကြည့်ခန်းတံခါးကို ဖွင့်လိုက်သည်။

''ပြန်ရောက်ပြီလား ခင်''

''ခင် ပြန်ရောက်ပြီလားဆိုတဲ့ မေးခွန်းကို အသာထား၊ အခု



www.burmeseclassic.com

www.burmeseclassic.com



အိမ်မှာ ဘယ်သူတွေရောက်နေတာလဲ''

ဒေါ်ခင်သစ္စာ အခန်းဝတွင်ရပ်နေသော ဦးမြတ်ကိုကို ကျေ့ရှောင်ပြီး စာကြည့်ခန်းထဲဝင်ခဲ့ကာ ကြိမ်ခုံအဝိုင်းကြီးတွင် ဝင်ထိုင်လိုက်သည်။

ဦးမြတ်ကိုပါ ဒေါ်ခင်သစ္စာနှင့် မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ဒေါ်ခင်သစ္စာ၏အကြည့်တွေက ရှင် ကျွန်မမသိဘဲ ဘာတွေလျှောက်လုပ်နေသလဲဟု မေးသော အမေးမျိုး။

''ဦးလေးမာန်က ကိုယ်တို့ဇာတိမြို့လေးကပါ၊ ဆွေမျိုးနီးစပ်တော်တယ်လို့လည်း ပြောလို့ရတယ်၊ အခု သူ့မြေးလေးကို မျက်စိကုချင်လို့ ရန်ကုန်မှာ အလုပ်လာရှာလုပ်တာ၊ ကိုယ်လည်း သနားတာနဲ့ ဒီမှာပဲ ခြံစောင့်အလုပ် လုပ်ဆိုပြီး ခေါ်ထားလိုက်တာ ခင်''

ဒေါ်ခင်သစ္စာ သိပ်ပြီးလိုလားပုံမပေါ်။ သို့သော် ခင်ပွန်းဖြစ်သူ၏ ဇာတိရွာကလေးကဆိုတော့ ဒေါ်ခင်သစ္စာ မကန့်ကွက်ချင်တော့။ ကိုယ့်ခင်ပွန်း သူ့ဇာတိရွာလေးနှင့် သူ့ရွာကလေးမှာရှိသော ရွာသူရွာသားတွေကို တန်ဖိုးထားချစ်ခင်စိတ်ရှိသည်ဆိုတာ ဒေါ်ခင်သစ္စာအသိ။ ကိုယ့်ဘက်က ကန့်ကွက်လည်း သူ ဆုံးဖြတ်ပြီးသားအလုပ်မို့ ပြင်တော့မှာ မဟုတ်ဘူးဆိုတာ ကြိုသိ၏။

''ဒါဆို ကောင်မလေးက အကန်းလေးပေါ့''

ရင့်သီးစွာပြောလိုက်သော ဒေါ်ခင်သစ္စာ၏အသုံးအနှုန်းကြောင့် ဦးမြတ်ကို ဖနီးဖြစ်သူကိုကြည့်ပြီး ခေါင်းတစ်ချက် ညိတ်ပြလိုက်သည်။

''အင်းလေ ရှင် ကောင်းမယ်ထင်လို့ စီစဉ်ပေးပြီးမှတော့ ကျွန်မသည်း မကန့်ကွက်တော့ပါဘူး။ ဒါပေမဲ့ အကန်းတစ်ယောက်ရဲ့တာဝန်ကဘယ်လောက်ပိုတယ်ဆိုတာတော့ ရှင်သိမှာပါနော်၊ နောက်ပြီး ကိုယ့်မှာကသားလူပျိုလေးနဲ့၊ ကောင်မလေးက ရွာသူသာဆိုတယ် ပိုးဟတ်ဖြူလေးသို့ သွယ်သွယ်နုနုလေး''

''ခင်ရဲ့ယ် မင်းသားက မျက်စိမမြင်တဲ့ကောင်မလေးကို စိတ်ဝင်စားပါ့မလားကွာ၊ နောက်ပြီး အလင်းကြည်လေးက မျက်စိသာမမြင်တယ် အိမ်မှုကိစ္စတွေကို ဝိုင်းလုပ်တတ်ပါတယ်၊ ဘယ်သူ့အတွက်မှ ဝန်ထုပ်ဝန်ပိုး မဖြစ်ပါဘူး''

''ဒါနဲ့ သူတို့ မြေးအဘိုးကို ဒီအိမ်ကြီးပေါ်မှာ ခေါ်ထားမလို့လား''

''ခေါ်ထားလည်း မနေဘူး ခင်၊ ကားဂိုဒေါင်ရဲ့အနောက်ဘက်အခန်းလေးထဲမှာပဲ နေကြလိမ့်မယ်၊ စိတ်ချ မင်းအတွက် ဘာအနှောင့်အယှက်မှ မဖြစ်စေရဘူး၊ မင်းတောင် အလင်းကြည်လေးကို လက်တို့ဘက်တောင်း ခေါ်ခိုင်းလို့ရသေးတယ်''

''အိုရှင် ဒုက္ခတကို ခေါ်ခိုင်းဖို့ ခင်ကအရင် စိတ်မောလှမော



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ရဦးမယ်၊ နေပါတော့ အသံကြားရတာနဲ့တင် စိတ်ကမောနေပြီ၊ ကဲ
အခန်းထဲ ရောင်ချိုးလိုက်ဦးမယ်၊ ရှင်လည်း တအောင့်နေရင် ထွက်လာ
တော့လေ၊ မဝေကို ထမင်းပွဲပြင်ခိုင်းထားလိုက်မယ်''

''အင်း ကိုယ် ထွက်လာခဲ့မယ်လေ၊ ရေစိမ်ချိုးမနေနဲ့ဦးနော်
ဒီနေ့ မိုးနည်းနည်းအေးတယ်''

ဒေါ်ခင်သစ္စာ ဦးမြတ်ကို၏ စိုးရိမ်ပူပန်ပေးမှုကို ဘာမှမတုံ့ပြန်ဘဲ
အခန်းထဲမှ ထွက်သွား၏။

ကျောင်းအုပ်ပီပီ သူကသာ ဆရာလုပ်ချင်သူ။ သူများ၏ဆရာ
လုပ်ခြင်းကို မခံချင်သော ဇနီးဖြစ်သူ၏နောက်ကျောကို ငေးကြည့်ကျန်
ခဲ့ရင်း ဦးမြတ်ကို ပြုံးလိုက်သည်။

■ ■ ■



## အခန်း (၄)

သားချော နာခေါင်းထဲတိုးဝင်လာသော ရနံ့တစ်ခုကြောင့် ခုတင်
ထက်မှ ဖျတ်ခနဲထကာ နှာခေါင်းကို တရှုံ့ရှုံ့နှင့်လုပ်လိုက်သည်။

တစ်ပြိုင်နက်တည်းမှာပင် ဗိုက်ထဲက ဆာလောင်ခြင်းတွေက
တွိကွိဖြင့် ထမြည်လာ၏။

''ဒေါက် ဒေါက် ဒေါက်''

အခန်းတံခါးခေါက်သံကြောင့် ခုတင်ပေါ်မှ ဖျတ်ခနဲ ခုန်ဆင်း
ပြီး တံခါးလော့ခ်ကို ဖွင့်လိုက်သည်။ မျက်နှာမှာ သနပ်ခါးအဖွေးသား
နှင့် ဒေါ်ဝေ မျက်နှာကြီးက ဘွားခနဲ ပေါ်လာသဖြင့် သားချော စိတ်ပျက်
စွာ ခေါင်းကိုကုတ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲဗျာ စောစောစီးစီး ဘာလို့ တံခါးလာခေါက်နေရတ
လဲ"

"အောက်မှာ အစ်ကိုကြီးနဲ့ မမခင် မုန့်ဟင်းခါးစားဖို့ စောင့်
ကြတယ်၊ မျက်နှာသစ်ပြီး မြန်မြန်ဆင်းလာတော့တဲ့"

"အင်းပါ အင်းပါ ဒါပဲ မဟုတ်လား"

သားချော ဂျစ်တစ်တစ်ဖြင့် ပြန်ပြောပြီး အခန်းတံခါးကို ပြ
ပိတ်လိုက်သည်။ ပြီးနောက် ရေချိုးခန်းထဲ အမြန်ဝင်ကာ မျက်နှာသ
သွားတိုက်လိုက်သည်။

ထို့နောက် မျက်နှာမှ ရေတွေပင်မသုတ်ဘဲ အောက်ထ
ထမင်းစားခန်းထဲသို့ ပြေးဆင်းလာလိုက်သည်။

မုန့်ဟင်းခါး အလွန်ကြိုက်သော သားချော ဒီနေ့ အိမ်
မုန့်ဟင်းခါးချက်သည်ဆိုတာ အိပ်ရာမနိုးနိုးချင်း အနံ့နှင့် မက်ခေ
အာပို့ ခံရပြီးသား။

"မောနင်း ဒယ်ဒီနဲ့မာမီ"

ပြောင်ချော်ချော် အမူအရာနှင့် နှုတ်ဆက်ပြီး ဝင်လာသေ
သားချောကိုကြည့်ပြီး ဒေါ်ခင်သစ္စာ ပြောစရာက တန်းတွေ့ပြီ။

"ကဲ သားချော မျက်နှာတော့ သစ်ခဲ့ပြီ၊ မျက်နှာပေါ်ကရေစေ
ကိုတော့ ဘာလို့ မသုတ်ခဲ့တာလဲ၊ သားကလေ သိပ်ပြီး ပစ်စလက်ခ





နေတတ်တာပဲ၊ အိပ်ရာနိုးရင် ညဝတ်အင်္ကျီကြီးကို ချွတ်လဲဖို့ မာမီ
အတန်တန်မှာလည်း မှာတုန်းခဏပဲ"

"လဲမလို့ပဲလေ မာမီတို့ပဲ မျက်နှာသစ်ပြီး မြန်မြန်ဆင်းလာတော့
ဆိုတော့ သားက အမြန်ဆင်းလာတာပေါ့"

ပြန်ပြီး ဆင်ခြေပေးနေသော သားကို ဒေါ်ခင်သစ္စာ ဘာမှ
ဆက်မပြောတော့ဘဲ သားရှေ့မှာ အဆင်သင့်ပြင်ပေးထားသော မုန့်ပန်း
ကန်ထဲသို့ အငွေ့တထောင်းထောင်းထနေသော မုန့်ဟင်းခါးရည်ပူပူလေး
ကို ခပ်ထည့်ပေးလိုက်သည်။ ပြီးနောက် ဘဲဥစိတ်ကလေးတွေနှင့် အသင့်
ညှပ်ထားသော ဘူးသီးကြော် နံ့နံ့ပင်တွေကိုပါ ဇွန်းဖြင့် ခပ်ထည့်ပေးလိုက်
သည်။

"ကဲ သားအကြိုက် လိုတာထည့်စား"

သားချော ဇွန်းဖြင့် တစ်ချက်နှစ်ချက်မွှေကာ တစ်ဇွန်းခပ်စား
လိုက်သည်။

"ဟာ ဂွတ်တယ် မာမီ၊ ဒါ ဒေါ်ဝေ လက်ရာမဟုတ်တာ
သေချာတယ်"

"ဟုတ်တယ် သားရဲ့၊ ဒါ ဘိုးမာန်နဲ့ အလင်းကြည်လေးတို့
နှစ်ယောက်သား ချက်ထားတာ"

"ဗျာ ဘိုးမာန်က မုန့်ဟင်းခါးကောင်းကောင်းချက်တတ်တယ်



www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား''

''ချက်တတ်တာပေ့ါ မြေးရဲ့၊ ဘိုးတို့ဇာတိမြို့လေးက မုန့်ဟင်းခါ

၉ ကောင်းကောင်းထွက်တဲ့ ဇာတိမြို့လေး၊ ဒါကြောင့် မြေးရဲ့အဖေက ဘိုးမာ

ကို မုန့်ဟင်းခါး ချက်ခိုင်းတာပေ့ါ''

ဘိုးမာန်ကပါ ကြားဖြတ်၍ ဝင်ရှင်းပြသည်။ အလင်းကြည်က

တော့ ဘာမျှဝင်မပြောဘဲ စားပွဲဝိုင်းနှင့်ခပ်လှမ်းလှမ်းတွင်ရှိသော ဘေဇ

တွင် ပန်းကန်ဆေးနေ၏။

သားချော မျက်လုံးပြူးသွား၏။ မျက်စိမမြင်သည့်ကောင်မလေ

က ပန်းကန်ဆေးတတ်တယ်တဲ့လား။ ဒါတင်မကသေး မုန့်ဟင်းခါး

ကူချက်ပေးတယ်ဆိုတော့ သားချောစိတ်ထဲ အတော်လေး အထူးအဆ

ဖြစ်မိတာတော့ အမှန်ပင်။

''ဒယ်ဒီ သူက မျက်စိလည်း ကန်းနေသေးတယ်ဆိုပြီး မိ

ချောင်အလုပ်တွေကို ကူလုပ်နိုင်တယ်ဆိုတော့ အရှင်းမျက်စိကွယ်တ

ရော ဟုတ်နိုင်ပါ့မလား''

သားချော စိတ်ထဲရှိသည့်အတိုင်း ပြောင်ဖွင့်မေးလိုက်သည်

''ဟဲ့ သား အဲဒီလို ရင့်ရင့်သီးသီး မပြောရဘူး''

ဒေါ်ခင်သစ္စာပါ မနေနိုင်တော့ ဝင်ဟန့်ပေးရ၏။

''မမြင်တာ ကျိန်းသေပါတယ် မြေးရယ်၊ ဘိုး မြေးလေးဂ





လက်နဲ့ထိတွေ့ ကိုင်တွယ်လို့ရနေသမျှ သူနိုင်တဲ့ဝန်ကို သူ့စိတ်မှန်းနဲ့ ဝင်ပြီး ကူညီနေတော့တာပဲ၊ နောက်ပိုင်း ကျင့်သားရသွားရင် သူ့ကို မျက်စိမမြင်ရတဲ့သူလို့တောင် ထင်မှာမဟုတ်ဘူး။ အရာရာကို စိတ်အာရုံ နှစ်ပြီး စူးစမ်းတဲ့အခါကျတော့ အနံ့ခံအာရုံသိစိတ်နဲ့ အမှတ်သင်ညာတွေ က သူ့ရဲ့လှုပ်ရှားမှုတိုင်းကို အကူအညီပေးနေတော့တာပဲ''

သားချော အလင်းကြည်အပေါ်မှာ နည်းနည်းတော့ အားနာ သွားမိသည်။

ကိုယ်နှင့်ရွယ်တူ ယောကျ်ားလေးတစ်ယောက်က အကန်းတစ် ယောက်ဟု ရင့်ရင့်သီးသီး ပြောခံရတော့ သူမလေး ရှက်ရှာမှာပဲ။ နောက် မပြောမိအောင် သတိထားဆင်ခြင်နေမှဟု ကိုယ့်ကိုယ်ကိုယ် သတိပေး လိုက်သည်။

အတွေးနှင့်အတူ အလင်းကြည်ကို မသိမသာ လှမ်းကြည့်လိုက် သည်။

အကျီင်္ဝါညက်ညက်ကလေးနှင့် ချည်ထည်ကြမ်းထဘီ အနီစင်း လေးကို ချပ်ချပ်ရပ်ရပ် ဝတ်ထားသဖြင့် အချိုးညီညီ ဆူဖြိုးထွက်နေသော ခန္ဓာကိုယ်အလှလေးက ပန်းပုရုပ်တုလေးသဖွယ် ပြေပြစ်လွန်းလှ၏။

အသားလေးက ဖွေးနုနေကာ အနောက်ဘက်မှ စုသိမ်းထား သော ဆံနွယ်ပျော့အိအိလေးနှင့် နဖူးပေါ်မှ ဖရိုဖရဲ စင်ကျနေသော



www.burmeseclassic.com

www.burmeseclassic.com



ဆံစလေးတွေနှင့်မို့ ကပိုကရိုလေး လှနေပြန်သည်။

ဘေးတိုက်အနေအထားမို့ မျက်နှာအလှကို သေချာစွာမမြင်ရ ပေမယ့် သွယ်တန်းနေသော နှာတံနှင့် ကော့တက်နေသော မျက်တောင် ရှည်ရှည်တို့က သူမလေး၏အလှတရားကို အပြည့်အဝ ဖော်ကြူးကောက် ခံပေးနေတာတော့ အသေအချာပင်။ တကယ့် အပြစ်ကင်းစင်သော မျက်နှာလေး။

သားချောတစ်ယောက်တည်း ငေးကြည့်နေရင်းမှ စိတ်ထဲမှာ အနည်းငယ် လှုပ်ခတ်သွားသည်။ ပြီးမှ ကိုယ့်ကိုယ်ကိုယ် အရှက်ပြေရယ် ကာ ဒယ်ဒီတို့ မာမီတို့မမြင်အောင် ပခုံးကို ဆတ်ခနဲ တွန့်လိုက်သည်

မိန်းကလေးတစ်ယောက်၏ အလှအပကို မြင်ရုံနှင့် ခံစားတတ် သော ကိုယ့်ကိုယ်ကိုယ်ပင် အံ့သြမိလိုက်သေး၏။

ကိုယ်သာ ကဗျာဆရာတစ်ယောက်ဆိုလျှင် အလင်းကြည်လေ ရဲ့အလှတွေကို ကဗျာတစ်ပုဒ်အသွင်ဖြင့် ပုံဖော်ပြီးနေလောက်ပြီ။

ဆေးသားမတင်ရသေးသော သဘာဝအလှတရားလေးသည် နေရောင်အောက်မှာ ပွင့်လန်းနေသော အရိုင်းပန်းလေးတစ်ပွင့်နှယ်

သားချော အမြင်မှာတော့ ပင်မြင့်ထက်က ဘော်ဝင်ပန်းလေ တစ်ပွင့်ဟုသာ တင်စားလိုက်ချင်ရဲ့။





ကောင်မလေးက တကယ့်ကို မိုက်တာ။ ခုခေတ် ဝတ်စားဆင် ယင်မှုမျိုးနဲ့ဆိုလျှင် အရမ်းကို လန်းသွားမှာ အသေအချာ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

သားချော ပြတင်းပေါက်ဘောင်ပေါ် တက်ထိုင်၍ သူငယ်ချင်း သီဟဇော်နှင့်ဖုန်းစကားပြောနေ၏။

"ဟာ ဟော့ကောင် မင်း ငါ့ကို လာစားမနေနဲ့၊ ဟော့ကောင် ငါ ဥပဒေကျောင်းသားပါကွ၊ မင်းတို့ဉာဏ်လောက်တော့ ငါ အပြင်းပြေ ဂိမ်းကစားသလောက်ပဲရှိတယ် ရှင်းလား အဟား"

"..."

"ညကျရင်လား ငါ မလာအားဘူး၊ ဒီညပါ အပြင်ထွက်ရင် ငါတို့ကျောင်းအုပ်ကြီး ဒေါ်ခင်သစ္စာက ငါ့ကို အပီမှားတော့မှာ သေချာတယ်၊ ဒါကြောင့် ဒီညတော့ အိမ်မှာလှည့်ခွေလိုက်ဦးမယ် အေး အေးပါ

ဝိုးမိုး၀၁၆ပ



ဒါပဲ သိလား"

သားချော ဖုန်းပိတ်လိုက်သည်။ ပြတင်းပေါက်ဘောင်ပေါ်မှ ဆင်းမည့်ဆဲဆဲ ခြံထဲတွင် ပေါင်းပင်တွေ နှုတ်နေသော အလင်းကြည်ကို တွေ့သွား၍ ငေးခနဲ ဖြစ်သွားသည်။ ကျောင်းကပြန်လာကတည်းက ဒီကောင်မလေးကို မတွေ့ပါဘူးထင်နေတာ လက်စသတ်တော့ ခြံထဲရောက်နေတာကိုး။

အမြဲတမ်း အလုပ်နှင့်လက် ပြတ်သည်မရှိသော အလင်းကြည်ကို ကြာတော့ သားချော စိတ်ထဲ မျက်မမြင်တစ်ယောက်ဟုပင် မမြင်မိတော့။ ထို့ကြောင့် အခန်းထဲမှထွက်ကာ ခြံထဲကို ဆင်းလာလိုက်သည်။

အလင်းကြည်နားရောက်တော့ တမင်ပင် ခြေသံကြားမည်စိုး၍ ခြေသံကို ဖွဖွနင်း၍ လျှောက်လိုက်သည်။

ပြီးနောက် လက်ကလေးပိုက်ကာ အလင်းကြည်ကို ပြုံးပြုံးကြီး ကြည့်နေလိုက်သည်။

အလင်းကြည်မှာ ခေါင်းလေးတငဲ့ငဲ့နှင့် လေပြည်တွင် ပါလာသည့် ပန်းရနံ့လေးတွေကို ရှူရှိုက်ရင်း လက်ချောင်းနုနုလေးတွေက မြေကြီးပေါ်တွင် ပေါက်နေသော မြက်ရိုင်းပင်ပေါက်လေးတွေကို လက်ဖြင့် အသာစမ်းရင်း ဆွဲဆွဲနှုတ်နေသည်။

သားချော ရပ်နေသည်ကို သူ့စိတ်က သိနေ၍ ထင်သည်။

ဝိုးမိုး၀၁၆ပ

www.burmeseclassic.com

www.burmeseclassic.com



သားချောရှိရာဘက်ကို ခေါင်းလေးငဲ့ကာ နားစွင့်လျက်

"ကိုသားချောလားဟင်"

အလင်းကြည်၏ အာရုံခံစေ့ဆော်ပါးနပ်မှုကြောင့် သားချော ခိုး ကြောင်ခိုးဝှက် ငေးကြည့်နေ၍ မရတော့။

"ဟုတ်တယ် အလင်းက ငါ ရောက်နေတာ ဘယ်လိုသိလဲ"

"ကိုသားချော သုံးနေကျ ရေမွှေးနံ့ကြောင့်သိတာပေါ့"

သားချော အလင်းကြည့်ကို စိတ်ထဲမှာ မချီးကျူးဘဲ မနေနိုင် တော့။

ထို့နောက် အလင်းကြည်ဘေး မြက်ခင်းတွင် ဝင်ထိုင်လျက်

"ကိုယ့်ဟာကိုယ် သက်သောင့်သက်သာ မနေဘဲနဲ့ ဘာဖြစ်လို့ အပင်ပန်းခံပြီး မြက်တွေလိုက်နှုတ်နေရတာလဲ"

သားချော စေတနာစကားကို အလင်းကြည် အပြုံးနုနုလေးနှင့် တုံ့ပြန်လိုက်သည်။

စိုရွှဲနီထွေးနေသော နှုတ်ခမ်းသားပြည့်ပြည့်တင်းတင်းလေးတွေ နှင့် ပြုံးလိုက်သော အပြုံးသည် အလွန်လိုက်ဖက်လွန်းလှ၏။ ပါးပေါ်မှ မွေးညင်းနုနုလေးတွေနှင့် ထင်နေသော အကြောစိမ်းလေးတွေက ပုရိသ ယောကျ်ားတွေအတွက် ဖက်နမ်းချင်စရာ။

သားချောပင် ညင်သာနုထွေးသော အနမ်းတွေဖြင့် ထွေးမွေ့





ချင်စိတ်ပေါ်ပေါက်သွားရ၏။

ပြီးမှ ကိုယ့်အတွေးတွေ အဆင့်ကျော်ကုန်ပြီဆိုတာ သတိထား မိသွားပြီး လောဘကြီးလွန်းသူဟု ကိုယ့်ကိုယ်ကိုယ် ဝေဖန်လိုက်သည်။

"ကိုသားချော ဒီနေ့ ကျောင်းကပြန်လာတာ စောတယ်နော်"

"ဟမ် ငါ ကျောင်းကပြန်လာတာစောမှန်း ဘယ်လိုသိလဲ"

"သိတာပေါ့ အရင်ကဆို ကိုသားချော ပြန်လာရင် အလင်း ရေချိုးပြီးနေပြီ၊ ဒီနေ့ အလင်း ရေမချိုးရသေးခင် ကိုသားချော ပြန် ရောက်လာတယ်၊ ဒါကြောင့် ဒီနေ့ကို သားချော ပြန်လာတာ စောတယ် လို့ ပြောနိုင်တာပေါ့"

"ဟုတ်ပါပြီ မင်းရဲ့လေ့လာရှုစမ်းမှုကိုတော့ ငါ လေးစား သွားပါပြီ"

"ဒါနဲ့ မင်း ဘာဖြစ်လို့ မျက်စိကွယ်သွားရတာလဲ"

သားချော အမေးကြောင့် အလင်းမျက်နှာလေး ညှိုးကျသွား သည်။ ပြီးနောက် သက်ပြင်းငွေ့ငွေ့လေးကို မသိမသာချကာ

"အလင်း ၅မေမေဆုံးပြီလို့ သိလိုက်ရတဲ့နေ့ဟာ အလင်း မျက်စိ ကွယ်ခဲ့တဲ့နေ့ပေါ့ ကိုသားချောရဲ့ရယ်"

"ဟင် ဘာဖြစ်လို့လဲ"

"အဲဒီနေ့က အလင်း ဆယ်တန်းစာမေးပွဲဖြေတဲ့နောက်ဆုံးရက်



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ စာမေးပွဲဖြေပြီး အခန်းထဲကအထွက်မှာ ကျောင်းပေါက်ဝကနေ
အော်ပြောတဲ့ ကိုလွင်ဦးရဲ့ နင့်အမေဆုံးပြီဆိုတဲ့အသံလည်းကြားရော
အလင်း ခန္ဓာကိုယ်တစ်ခုလုံး တွင်းနက်နက်ထဲ ပြုတ်ကျသွားသလို အရမ်း
ကို ချောက်ချားတုန်လှုပ်သွားတယ်၊ အဲဒါနဲ့ အလင်းအိမ်ကို အရောက်
ပြန်ပြေးတဲ့လမ်းမှာ သစ်ပင်ကြီးတစ်ပင်က အလင်း အဲဒီ အပင်အောက်
ရောက်တာနဲ့ ကိုင်းကျိုးကျလာတယ်၊ အလင်း ခေါင်းပေါ်တည့်တည့်ကို …ယ်''
အရှိန်နဲ့ပြုတ်ကျလာတာဆိုတော့ အလင်း အဲဒီနေရာမှာတင် သတိလစ်
သွားတယ်၊ အလင်း ပြန်သတိရလာတော့ အလင်း မျက်စိတွေ ဘာမှ
မမြင်ရတော့ဘူး၊ လုံးဝကို အမှောင်ကျသွားတော့တာပဲ၊ အလင်းရဲ့အမေ
ရုပ်အလောင်းကိုတောင် အလင်း မမြင်လိုက်ရတော့ဘူးလေ''

အလင်းကြည် ပြောရင်းဖြင့် အသံလေးတွေက တိုးရှတိမ်ဝင်
သွားသည်။ ရွှန်းလက်သော မျက်ဝန်းမှ မျက်ရည်ဥကြည်ကြည်လေးတွေ
ဝေ့ဝဲတွဲခိုလာသည်။

''ဟာ နင် နင် ငိုနေတာလား ဆောရီးဟာ ငါက ဘာရယ်
မဟုတ်ဘူး၊ စကားမရှိ စကားရှာလိုက်တာပါ၊ နင့်အတိတ်ဆိုးကို ပြန်…
သလိုဖြစ်သွားမိတဲ့အတွက် ဆောရီးပဲ တောင်းပန်တယ်''

''ဟင့်အင်း တောင်းပန်စရာ မလိုပါဘူး ကိုသားချောရ…
ကိုသားချော မမေးလည်း အလင်းက ကိုယ့်အတိတ်ကိုယ် ပြန်တွေး…

အမေ့ကို သတိရပြီး ငိုနေတတ်တဲ့သူပါ''

''ဒါပေမဲ့ ဖြစ်ပြီးခဲ့တဲ့အတိတ်ကို ပြန်လှန်ဖတ်နေတော့ရော
…စိတ်သက်သာရာရသွားမှာမှ မဟုတ်တာ၊ နင့်ဘေးမှာ အဘိုးမာန်တစ်
…ယောက်လုံး ရှိနေတာပဲ၊ ခုဆိုရင် ငါ့ကိုလည်း နင့်အစ်ကိုတစ်ယောက်
…လို စိတ်ထဲမှာ မှတ်လို့ရတယ်၊ လိုအပ်တာရှိရင်ပြော ငါ အားလုံးကူညီ
…''

နွေးထွေးစွာ ချွေးသိပ်နေသော သားချော၏စကားတွေက
အလင်းအတွက် အစ်ကိုတစ်ယောက် ရလိုက်သလိုပင် ညှိုးငယ်နေသော
…စိတ်အစဉ်ကို အနည်းငယ် အားတက်လာစေ၏။

''အလင်းကို ခုလိုမျိုး အရေးတယူ ဆက်ဆံတဲ့အတွက် ကျေးဇူး
…တင်ပါတယ် ကိုသားချောရယ်''

အလင်း၏ တရိုတသေ ခေါ်နေသော ကိုသားချောဆိုသည့်
…နာမည်ကြီးက သားချောနားထဲ ကန့်လန့်ကြီး ဝင်နေသည်။

''အလင်း နင်နဲ့ငါက ရွယ်တူတွေပဲ၊ ငါ့ကို ကိုသားချောလို့
…ခေါ်ဘဲ သားချောလို့ပဲ ခေါ်ဟာ၊ ဒါမှ ငါ့နားထဲ ကန့်လန့်မဖြစ်မှာ၊ ငါ့
…ကို သားချောလို့ခေါ်တဲ့သူက ဒယ်ဒီရယ် မာမီရယ် နောက် ဒေါ်ဝေရယ်
…ရှိတာ၊ ကျန်တဲ့သူငယ်ချင်းတွေက ကျေ[illegible]နာမည်ပဲ ခေါ်တာ''

''သား သားချောရဲ့ ကျောင်းနာမည်က ဘာလဲဟင်''



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ခန့်နေမျိုး"

"ဩော် သားချောပုံစံက ဘယ်လိုမျိုးလဲဟင်၊ အသံကြား
တာတော့ ကြည်လင်ပြီး သြဇာရှိတဲ့အသံမျိုး"

"ဟာ အသံလည်း ကောင်းသလို ရုပ်ကလည်း ဖြောင့်သလာ
မမေးနဲ့ ကျောင်းမှာ ကောင်မလေးတွေ ဝိုင်းဝိုင်းကိုလည်နေတာ၊ မယုံ
နဲ့ အခု မြန်မာ မင်းသားတွေ ချောတာလောက်က ငါ ချီးပန်းလို့ မျ
တွင်းချိုင့်သလောက်ပဲ ရှိတယ် အဟဲ"

သားချော စကားကြောင့် အလင်း မျက်နှာလေး ညိုးနေရ
ချက်ချင်းကြည်သွားပြီး တခစ်ခစ်ဖြင့် အသံထွက်အောင်ရယ်သည်။
ချိုင့်လေးများ ခွက်ဝင်သွားသည်အထိ ရယ်နေသော အလင်း၏အ
မျက်နှာလေးကို သားချော တိတ်တဆိတ် ငေးကြည့်လိုက်မိသည်။

အမြဲတမ်း ညိုးလျော်နေသော မျက်နှာလေး ခုမှပဲ နေထိ
လေးလို လန်းဆန်းလာသည်။

တိုးညင်းလှုပ်ခါသော ရယ်သံလေးက သားချော နားထဲ
ဂီတသံလေးလို ငြိမ့်ညောင်းနေသလားပဲ။

ဘာပဲဖြစ်ဖြစ် အလင်းတို့ မြေးအဘိုး အိမ်ကိုရောက်လာသ
အတွက် သားချော ကျေနပ်သည်။ အလင်းဟာ သားချောအတွက်
အလှကြည့်ချင်စရာကောင်းသော အရုပ်ကလေးတစ်ရုပ်နှယ် သားချေ





စိတ်တွေကို ပျော်ရွှင်မှုတွေ ပေးစွမ်း၏။

ဒီကောင်မလေးကို စတွေ့ကတည်းက သားချောရင်တွေ လှုပ်
ခတ်နေတာတော့ အမှန်ပဲ။

နောက်ပြီး သားချော အိမ်မြဲနေသည်လေ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"အဘိုး ထမင်းစားတော့မလား။ အလင်း ထမင်းပွဲပြင်လိုက်မယ်လေ"

မြကြီး၏လုပ်ငန်းကိစ္စအဝဝ ပြီးဆုံးပြီမို့ အဘိုးမာန် ဖျင်ကုလားထိုင်လေးပေါ်သို့ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ အလင်း အခန်းလေးထဲမှထွက်လာပြီး ပင်ပန်းနေရှာသော အဘိုးကို ထမင်းစားမလားမေးလိုက်သည်။

"ခဏနားပြီး ရေချိုးဦးမယ် မြေးရဲ့၊ ရေချိုးပြီးမှပဲ စားတော့မယ်လေ၊ မြေးရော စားပြီးပြီလား"

"ဟင့်အင်း မစားရသေးဘူး၊ ဘိုး စားမှပဲ အလင်းလည်း





စားမယ်လေ"

မြေးလုပ်သူ ထမင်းမစားရသေးဘူးဆို၍ ကုလားထိုင်မှာ မှီလျှောထိုင်နေသော ဘိုးမာန် ခါးလေးကို ဆတ်ခနဲ မတ်ထိုင်လိုက်သည်။

"ဟေ စားထားလေ မြေးမရဲ့၊ ဘာလို့ ဘိုးကို စောင့်နေရတာလဲ"

"အလင်း ဘိုး မစားသေးဘဲနဲ့ ဘယ်တုန်းကများ အရင်စားဖူးလို့လဲ ဘိုးရယ်၊ ရှိတာမှ ဒီမြေးအဘိုးလေးနှစ်ယောက်ပဲရှိတာကို၊ အကွဲတပြားစီ မစားနိုင်ပါဘူး"

အလင်း နှုတ်ခမ်းလေးစူထော်ပြီးပြောတော့ ပင်ပန်းနွမ်းနယ်နေသော ဘိုးမာန် လိမ္မာသိတတ်လွန်းသော မြေးမလေးကြောင့် အမောတွေပင် ချက်ချင်းပြေသွားသလိုထင်မိ၏။ ဒီတော့ အချိန်ဆွဲနေ၍မရ။

"ကဲ ဒီလိုဆိုရင်လည်း ထမင်းပွဲပြင်ထားလိုက်တော့လေ ဘိုးအမြန်ရေချိုးလိုက်တော့မယ်၊ ပြီးတာနဲ့ စားကြတာပေါ့"

"ဟုတ်ကဲ့ ဘိုး၊ အလင်း ထမင်းပွဲအဆင်သင့်ပြင်ထားပြီးပါပြီ"

"ဟေ ဟုတ်လား ငါ့မြေးက အခြေအနေတွေ အတော်လေးသိတတ်နေပြီပဲ၊ အေး ကောင်းတယ် ကောင်းတယ် လူငယ်ဆိုတာအခွင့်နဲ့ရင်ဆိုင်နေရလည်း အဲဒီအချိန်ထဲကနေ ကိုယ့်အတွက် ရှာဖွေပြီးအမြတ်ထုတ်တတ်ရတယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုး ပြောပြောဆိုဆိုဖြင့် ကုလားထိုင်မှထကာ အုတ်ကန်ရှိရာသို့ ရေချိုးရန် ထသွားသည်။ အဘိုး ဂိုဒေါင်အခန်းလေးထဲက ထွက်သွားပြီး သိပ်မကြာလိုက် သားချော စတီးချိုင့်ကလေးဆွဲပြီး ခပ်မှောင်မှောင်အခန်းလေးထဲသို့ ဝင်လာသည်။

"အလင်းရေ အလင်း"

"သားချော လာလေ အလင်းရှိပါတယ်"

အလင်း အသံလှမ်းပေးလိုက်သည်။ သားချော အလင်းထိုင်နေရာသို့ ဝင်လာသည်။

"ဟာ အတော်ပဲ ထမင်းဝိုင်းက အဆင်သင့်ပြင်ထားတာပဲ"

"သားချော ညစာမစားရသေးရင် အလင်းတို့နဲ့ တစ်ခါတည်း ဝင်စားလိုက်ပါလား"

အလင်း စေတနာတွေပိုကာ ထမင်းစားခေါ်ပြီးမှ အားနာသွားဟန်ဖြင့် ပါးစပ်ကလေးကို လက်ဝါးလေးဖြင့်ကာပြီး

"အို ခေါ်သာခေါ်လိုက်ရတယ် အလင်းတို့စားတဲ့ ထမင်းဟင်းကို သားချော ဘယ်လိုလုပ် စားနိုင်မှာလဲ"

သားချော စတီးချိုင့်ကလေးကို စားပွဲပေါ်တင်လိုက်ပြီး အထင်နှင့်မလှမ်းမကမ်းမှာ ဝင်ထိုင်လိုက်သည်။

"အလင်းတို့စားတဲ့ ထမင်းဟင်းကို ငါက ဘာလို့ မစားနိုင်ရမှာ ပဲ"

"ဒါဆို စားမလား၊ အလင်း ပြင်လိုက်မယ်လေ"

"နေဦး မပြင်နဲ့၊ နောက်နေ့မှစားမယ်၊ အခုက စားလာပြီးသွားပြီ နောက်နေ့ကျရင် မာမီမသိအောင် အလင်းတို့နဲ့ ထမင်းအတူလာစားမယ် သိလား"

သနပ်ခါးဘဲကြားနှင့် ရိုးရိုးရှင်းရှင်းလေး လှနေသော အလင်းကိုငေးကြည့်ရင်း သားချော ဆိုလိုက်သည်။

"ဟော သားချော ရောက်နေတာကိုး၊ ဒီည အပြင်မထွက်ဘူးလား သွား"

အဘိုးမာန် အဝတ်တန်းမှာ လှန်းထားသော သဘက်ကိုလှမ်းယူပြီး ကိုယ်မှာစိုနေသော ရေစတွေကို သုတ်လိုက်ရင်း သားချောကို နှုတ်ဆက်၏။

"ဒီနေ့ နားတယ် ဘိုးမာန်ရေ၊ နေ့တိုင်းထွက်ရင် မားသားကြီးက ဒွတ်ပွားတော့မှာ၊ ဒါကြောင့် ဒီနေ့ညတော့ ဘယ်မှမသွားဘဲ စာပဲကျက်တော့မယ်"

"အေး ကောင်းတယ် မြေး၊ ကောင်းတယ် သိပ်မကြာခင် ငါ့မြေးက တရားသူကြီးဖြစ်တော့မှာဆိုတော့ ခုကတည်းက အားစိုက်ပြီးစားမှ တန်ကာကျမယ် မဟုတ်လား"



စိုးမိုးစာပေ



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ဘိုးရဲ့ ဩော် ဒါနဲ့ ဒီမှာ ဘိုးမာန်နဲ့အလင်းစားဖို့ ပုစွန်ထုပ်ဟင်း ယူလာတာ"

"နောက်နေ့တွေ အဲဒီလို ယူမလာပါနဲ့ကွာ၊ မြေးတို့ဖာသာပဲ စားပါ၊ အဘိုးတို့က ဟင်းကောင်းတွေနဲ့ စားနေမကျတော့ ပါးစပ်အကျင့် ပျက်တယ် ငါ့မြေးရ"

"ဟာ ဘာလို့အကျင့်ပျက်ရမှာလဲ၊ အဘိုးတို့စားဖို့ ကျွန်တော် ဒေါ်ဝေကို ပိုပြီးချက်ခိုင်းထားတယ်"

"အားနာစရာကောင်းပါတယ် မြေးရယ်၊ မြေးက ဘိုးမာန်တို့ အတွက် အဲဒီလို လုပ်ပေးလေ ဘိုးမာန်တို့ မြေးအဘိုးက ပိုပြီးနေရခက် လေပဲ၊ မောင်မြတ်ကိုအတွက်က ပြဿနာမရှိပေမယ့် တူမကြီး ခင်သစ္စာ အတွက်က စိတ်အနှောင့်အယှက်ဖြစ်ကောင်း ဖြစ်နိုင်တယ်လေ"

ဘိုးမာန်ပြောတာ မှန်သင့်သလောက်မှန်နေ၍ သားချော ဘာမှပြန်မပြောတော့ဘဲ ငြိမ်၍သာ နားထောင်နေလိုက်သည်။

အမှန်ဆို ဘိုးမာန်ပြောသလိုပင် ခုလို ဟင်းတွေလာပို့တာ မာမီ လုံးဝမသိ။ မာမီမသိအောင် ခိုးယူလာခြင်းဖြစ်သည်။ မာမီသာသိလျှင် ဒီလောက်ဈေးကြီးပေးဝယ်စားရသည့် ပုစွန်ထုပ်ဟင်းကို ဘိုးမာန်တို့မြေးအဘိုးအတွက် လာပေးရမလားဆိုပြီး ဆူ၍ဆုံးမည် မဟုတ်တော့ ခုလို ယူလာ၍ရသည်ဆိုတာလည်း သားချော စားမည့် ကိုယ်





ာထဲမှ ယူလာခြင်းဖြစ်သည်။ သားချောကတော့ အရံဟင်း အမယ်လေး တွေနှင့်သာ ဖြစ်သလိုစားလိုက်ပြီး အလင်းနှင့်ဘိုးမာန်ကို သူ မစားရက်ဘဲ ယူလာပေးသည့်ဟင်းနှင့် ထမင်းစားမြိန်စေချင်သည်။

အလင်းကို ကောင်းပေ့ညွန့်ပေ့ဆိုသည့် အစားအသောက်တွေ သာ စားစေချင်တာ သားချော၏ရင်ထဲက ဘယ်ကဘယ်လို တိုးဝင် ာသည်မသိသော စေတနာသန့်သန့်ဖြစ်သည်။

သူစားမည့်ဟာကို မစားဘဲ ယူလာသည်ဆိုတာသာသိလျှင် ဟင်းကို အလင်း လုံးဝစားမှာမဟုတ်ဘူးဆိုတာ သေချာသည်။

"သားချော ဘိုးမာန်တို့နဲ့ နောက်တစ်ခါလောက် ထပ်စားပါ ား"

ဘိုးမာန် လက်ဆေးရည်ဖလုံထဲ လက်နှစ်ဆေးပြီး သားချော ထမင်းစားခေါ်သည်။

"ဟာ မစားတော့ဘူး ဘိုးမာန်၊ ခုလေးတင် စားလာခဲ့ပြီ၊ စားနိုင်မှာမဟုတ်တော့ဘူး။ ကဲ ကျွန်တော်သွားတော့မယ်၊ ဘိုးမာန် အလင်းရော အေးအေးဆေးဆေး စားကြပါ"

သားချော မြေးအဘိုးနှစ်ယောက်စလုံးကို နှုတ်ဆက်ပြီး ဂိုဒေါင် န်းလေးထဲမှ ထွက်လာလိုက်သည်။

ရင်ထဲမှာတော့ အလင်းအတွက် ကိုယ့်ရင်ထဲက စေတနာ



www.burmeseclassic.com

www.burmeseclassic.com



တစ်စွန်းတဖွဲလေး ပေးလိုက်ရ၍ အကျေနပ်ကြီး ကျေနပ်နေမိတာတော့
ပြော၍ပင်မဖြတတ်တော့။

"သားချော"

အိမ်ထဲဝင်ဝင်ချင်း ခေါ်လိုက်သော မာမီ့အသံကြောင့် အတွေး
တွေကို ထမ်းပိုးပြီး ဝင်လာသော သားချော တုံ့ခနဲ ရပ်လိုက်ပြီး အိမ်
အဝင်ဝတွင် မိန့်မိန့်ကြီးရပ်နေသော မိခင်ကို စိတ်မလုံသူလို လှမ်းကြည့်
လိုက်သည်။

"ဗျာ"

"မင်း ဘယ်ကပြန်လာတာလဲ"

မိခင်၏အမေးကိုဖြေဖို့ သားချော အပြေးအလွှား စဉ်းစားလိုက်
သည်။ အမှန်အတိုင်း ပြော၍တော့ လုံးဝမဖြစ်။

"ဘိုးမာန်နဲ့ချက်ထိုးဖို့ သွားခေါ်တာ မာမီ"

ပါးစပ်ထဲတွေ့ကရာ ပြောလိုက်ခြင်း ဖြစ်သည်။

"မင်း ကျောင်းသားမဟုတ်ဘူးလား စာမကျက်ဘဲနဲ့ ချက်
ထိုင်ထိုးဖို့ တာဆူစရာလိုလား။ သားချောနော် မာမီ့ကို မျက်စိနောက်
အောင်တော့ မလုပ်နဲ့"

"ဟာ ဘာလဲ မာမီရာ သားက မာမီ့ကို ဘာများ မျက်စိနောက်
အောင် လုပ်နေလို့လဲ၊ ကျောင်းသားဆိုတာနဲ့ အချိန်ပြည့် စာအုပ်နဲ့မျက်နှ





ပ်နေရမှာလား။ တစ်ခါတလေ စိတ်ကလေးကိုတော့ ထွက်ပေါက်ပေးဦး
ပေါ့၊ သူများသားသမီးတွေလို ကောင်မလေးတွေ ထည့်လဲတွဲပြီး ရှုပ်
ရင်လည်း ထားတော့၊ ရည်းစားထားဖို့ နည်းနည်းမှ စိတ်မဝင်စားတဲ့
ကို ခုလို လိုက်ချုပ်ချယ်နေတာကတော့ တဆိတ်လွန်ပြီနော်၊ ဒီထက်
လာရင် လောကီကို စိတ်ကုန်ပြီး ဘုန်းကြီးပဲလုပ်ပစ်လိုက်တော့မှာ"

သားချောတို့က လျှင်သည်။ ဘိုးမာန်ဆီသို့ သားချော မကြာ
ကြာ သွားနေသည်ကို အလင်းကြောင့်ဟု ထင်ကာ သားချောအပေါ်
သံသယဝင်နေမှန်း ကောင်းကောင်းကြီး ရိပ်မိသည်။

ထို့ကြောင့် ဒဲ့မပြောသော မာမီ့စိတ်ထဲ ရှင်းသွားစေရန် မိန်း
မလေးတွေ စိတ်မဝင်စားပါဘူးဆိုသော အကြောင်းပြချက်ကို ဝှေ့လည်
ကြောင်ပတ်ဖြင့် မာမီ့ကို ပြန်ပြီး မက်ဆေ့ပို့လိုက်ခြင်းဖြစ်သည်။

"ဒါဆို မင်းက ရည်းစားလုံးဝ မထားတော့ဘူးလား"

"အဟား လုံးဝပဲ၊ သားချောဘဝမှာ စိတ်မဝင်စားဆုံးအလုပ်က
ရည်းစားထားတဲ့အလုပ်ပဲ၊ ကျောင်းမှာ အလုံးလေးတွေအများကြီးရှိပေ
မယ့် သားချော မျက်လုံးထဲမှာ ပြည်ပုတ်တွေနဲ့ ပုတ်သိုးနံစော်နေတဲ့
အုပ်ကောင်လို့ပဲ မြင်မြင်နေမိတယ်"

သ ချော မဲ့ကာရှုံ့ကာဖြင့် ခေါင်းတခါခါ လက်တခါခါဟန်နှင့်
နှင့် ပြေ နေသဖြင့် ဒေါ်ခင်သစ္စာ စိတ်ထဲမှ ဘုရားပင်တမိ၏။



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကသာ သားကို အလင်းနှင့်ကြွစွန်းသွားမည်ကို သေ
လောက်စိုးထိတ်နေမိတာ။ သားဖြစ်သူက သူထင်သလိုမဟုတ်ဘဲ မိန်
ကလေးတိုင်းကို စိတ်မဝင်စားဘူးဟု ကြွေးကြော်နေသဖြင့် ရှင်ထဲမှ
ဝမ်းသာရမည်လား ဝမ်းနည်းရမည်လား ဝေခွဲ၍ပင်မတတ်တော့။

"အေးပါ ငါ့သားလေးက အရွယ်မတိုင်ခင် အာသဝေါတရား
တွေ ကုန်ခမ်းနေတယ်ဆိုတော့လည်း မာမီ စိုးရိမ်စိတ်တွေကို ရင်ထဲ
ပြန်ပြီး ထိုးကြိတ်ထည့်လိုက်ပါပြီကွယ်"

သားချော မိခင်၏ယုံကြည်မှုကို လက်မလေးထောင်ကာ ငါး
ပြုံးပြုံးလိုက်သည်။

"ကဲ မာမီ သား ဘုရားခန်းဝင်တော့မယ် သိလား၊ ဘိုးမာ
ကလည်း နေသိပ်မကောင်းလို့ ချက်မထိုးနိုင်ဘူး၊ ဒီတော့ တရားထိုင်ပြီ
စာပဲကျက်တော့မယ်၊ မာမီတို့ သားကို ဘာခိုင်းဦးမလဲ"

သားချော အတည်ပေါက်နှင့် မိခင်ယုံအောင် ရှီးလိုက်သည်
ဒေါ်ခင်သစ္စာ သားလုပ်သူပြောတာကို အတည်ပေါက်ယုံသည်။

"အို ခိုင်းစရာမရှိဘူး သား သွား သွား သားလုပ်စရာရှိတာ
ကို ဖြောင့်ဖြောင့်လုပ်သိလား"

"ဟုတ်ကဲ့ မာမီ၊ ဒါဆို သား ဝင်ပြီနော် ဘုရားခန်းထဲကို"

"အေးပါ အေးပါ ငါ့သားလေး သူတော်ကောင်းလေး"



ဒေါ်ခင်သစ္စာ သူတော်ကောင်းစိတ်တွေ အပြည့်ဖြင့် မွေ့လျော်
နေသော သားကိုကြည့်ပြီး ပီတိတွေဖြင့် စိမ့်စိမ့်ချိုနေသည်။

သားချော မိခင်ယုံအောင် ဘုရားခန်းထဲဝင်ပြလိုက်ပြီး ကိုယ့်
ယ်က်ကိုကို ကိုယ်ပြန်သဘောကျကာ လက်ခုပ်လက်ဝါးတီးပြီး တဟား
ား အော်ရယ်လိုက်သည်။

အင်မတန် အရသာရှိသောရယ်ချင်းမျိုးပဲ။ အလင်းနှင့် သံသယ
င်ချင်နေသော မာမီရဲ့သံသယစိတ်တွေကို လိမ္မာပါးနပ်စွာဖြင့် လမ်း
ကြောင်းလွှဲပေးလိုက်သည်။

ဘယ်လောက် ပီပြင်လိုက်သလဲ။

သားချောတို့က အသံမသာရင် လေတောင်မချွန်ဘူး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)

လှေကားထစ်အတိုင်း နင်းတက်လာသော ခြေသံဖွဖွကို ကြ
လိုက်ရုံနှင့် သားချောဆိုတာကို အလင်းစိတ်က အလိုလို သိလိုက်သ

ထိုအသိနှင့်အတူ ...ဝတ်လေးဖြင့် ပါကေးကြမ်းခင်း
ကို ပွတ်တိုက်နေရာမှ လှေကားရှိရာဘက်သို့ မျက်နှ... လှည့်
ပေးလိုက်သည်။

သားချော လှေကားကို တစ်ထစ်ချင်း ဖွဖွတက်လာရ
အလင်းမျက်နှာလေးကို အလွတ်မပေးတမ်း ငေးမောလာမိသည်။

"ဒုတ်"

"အောင်မလေးဗျာ"





နာနာကျင်ကျင် အော်လိုက်သော သားချောအသံကြောင့် အလင်း မျက်နှာလေး ကွက်ခနဲ ပျက်ယွင်းသွားရသည်။

"သားချော သားချော ဘာဖြစ်တာလဲဟင်"

အလင်း ယောင်ကန်းကန်းမျက်နှာလေးဖြင့် အသံလာရာကို ...န်းဆ၍ အလန့်တကြား မေးလိုက်သည်။

"အား လှေကားကိုမကြည့်ဘဲ အထစ်ကျော်တက်မိလို့"

"အို ဖြစ်ရလေ သားချောရယ် တော်တော်နာသွားလားဟင်"

"တော် တော်တော့ မနာပါဘူး အား ကျွတ် ကျွတ် နည်းနည်း ...ဲ နာတာပါ"

သိပ်မနာပါဘူးသာပြောတာ သားချော ဖြေသောအသံကြီးက ...တော်တော်လေး ခံရခက်တဲ့အသံမျိုး။

သားချော ညိုသွားသော ခြေသလုံးကို ခပ်ဖွဖွပွတ်ကာ ကြမ်း ...တိုက်နေ... ...လင်းနားသို့ လွယ်ထားသော ကျောပိုးအိတ်ကို ဘုတ်ခနဲ ...စ်ချကာ ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။

"ဘာဖြစ်လို့ ကြမ်းတွေတိုက်နေရတာလဲ၊ မတော်လို့ လှေကား ...ပြုတ်ကျရင် ဘယ်လိုလုပ်မလဲ အလင်းရယ်၊ နင် တော်တော်ရှည်တဲ့ ...လေးမပဲ"

နာကျင်နေသည့်ကြားမှ အလင်းကို ကရုဏာဒေါသောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အပြစ်တင်လိုက်သည်။

"အလင်း ကြမ်းတိုက်တာလောက်တော့ လုပ်နိုင်ပါတယ် သာ… ချောရယ်၊ ဘာမှမလုပ်တဲ့ ဒုက္ခတကြီးလို ဒီအတိုင်း အဝိပ္ပာယ်မဲ့နေနေတ… ထက်စာရင် ခုလို ကိုယ်တတ်စွမ်းတဲ့ဘက်ကနေပြီး အိမ်မှုကိစ္စကို ဝိုင်… ကူတော့ အလင်းအတွက် ကြီးကြီးတို့ ထမင်းကျွေးရကျိုးနပ်တာပေါ့…

ကိုယ့်ကိုယ်ကိုယ် သနားစဖွယ် နှိမ့်ချပြောနေသော အလင်း… ကြည့်ပြီး သားချော နာကျင်တာတွေကိုမေ့ကာ ရင်ထဲမှာ သနားကရုဏာ… သက်သွားမိသည်။

"ငါက အလင်းကို အပြစ်ပြောတာ မဟုတ်ပါဘူး၊ မမြင်မစ… အလုပ်တွေ လျှောက်လုပ်နေလို့ လှေကားက ပြုတ်ကျနေမှာစိုးလို့… ဒီနေရာက ကိုယ်ကျွမ်းတဲ့နေရာမဟုတ်ဘူးလေ"

အလင်း စိတ်ဆိုးသွားမှာစိုး၍ လေသံပျော့ပျော့ဖြင့် ဖြေ… ပြောသောကြောင့် အလင်း အပြုံးလေးဖြင့် သားချောရှိရာသို့ မှန်း… ကြည့်လိုက်ပြီး

"ဒီအိမ်ကိုရောက်တာ တစ်လနှစ်လမှ မကတော့တာ သားချေ… ရယ်၊ ဘယ်နေရာမှာ ဘာရှိတယ်ဆိုတာ အလင်းသိတာပေါ့၊ ပြီးတော… ဒီလို ရေပုတ်အဝတ်နဲ့ ကြမ်းတိုက်တာမျိုးလောက်တော့ အလင်းအတွ… ဘာမှမပြောပလောက်တဲ့ အလုပ်ကလေးတစ်ခုပါ၊ အလင်းနိုင်တဲ့ဝန်ထေ…





…မ်းတော့ အနှိပ်တီဝေလည်း သက်သာတယ်၊ အဘလည်း အလင်းကြောင့် …က်နှာမပူရဘူး၊ ဘဘနဲ့ကြီးကြီးလည်း အလင်းကို ရေသာခိုတယ်ရယ် …ို့ ထင်ရက်မှာမဟုတ်တော့ဘူးလေ၊ အလင်းကို မိသားစုဝင်အဖြစ် …တ်မှတ်တယ်ဆိုရင် ဒီလောက်အလုပ်ကလေးကိုတော့ ခွင့်ပြုပေးပါ …ားချောရယ်"

မျက်ဝန်းမှ မျက်ရည်တွေ ဝေ့ဝဲစို့တက်လာလျက် ကျိုးကျိုးနွံနွံ …းပြောနေရှာသော အလင်းကို သားချော ငေးခနဲ ကြည့်မိသွားပြန် …ည်။

"အင်းလေ အလင်း လုပ်နိုင်တယ်ဆိုရင်လည်း ပြီးတာပါပဲ၊ …က အလင်းအတွက် စိတ်ပူပြီး ကရုဏာဒေါသော ပြောမိရုံလေးပါပဲ၊ …ိတ်ထဲမှာ အလင်း စရောက်တဲ့နေ့ကတည်းက မိသားစုဝင်ရယ်လို့ …တ်မှတ်ပြီးသားပဲဟာ"

သားချော အလင်းမျက်နှာလေးကို စေ့စေ့ကြည့်လျက် ရင်ထဲမှ …အမှန်ကို နှစ်နှစ်ကာကာ ပြောချလိုက်သည်။

အလင်း မျက်နှာလေး ပြုံးယောင်သမ်းကာ ဝင်းလက်သွားသည်။

"ကျေးဇူးတင်ပါတယ် သားချောရယ်၊ အလင်းတို့ မြေးအဘိုး …ပေါ်မှာ သားချောတို့မိသားစုရဲ့ကျေးဇူးတွေက ဆပ်လို့တောင် ကုန်နိုင် …ယ် မထင်တော့ပါဘူး၊ အလင်းသာ မျက်စိပြန်မြင်ခွင့်ရခဲ့မယ်ဆိုရင်လေ



www.burmeseclassic.com

www.burmeseclassic.com



အလင်းရဲ့ကျေးဖူးရှင်တွေကို အရင်ဦးဆုံး မြင်တွေ့ချင်တယ်၊ ဒါပေ
အလင်း မျှော်လင့်ချက်တွေ ပြည့်ပါတော့မလား မသိဘူး သားချောရယ်

မျှော်လင့်ချက်မဲ့သလို ပြောနေသော အလင်းကိုကြည့်ပြီး သ
ချော ရင်ထဲနင့်သွားသည်။

"စိတ်ဓာတ်မကျပါနဲ့ အလင်းရာ၊ နင့်မျက်စိပြန်မြင်မှာပါ၊ ဘ
မပူနဲ့၊ နင့်လို ရိုးသားဖြူစင်ပြီး ကျေးဇူးတရားသိတဲ့ကောင်မလေး
လောကကြီးက တစ်သက်လုံး အမှောင်မဖုံးနိုင်ပါဘူးဟာ၊ ငါ ပြော
ကိုယ့်"

ရှာကြဲပြီး အားပေးနှစ်သိမ့်ပေးတတ်ရှာသော သားချော၏
သိမ့်စကားကြောင့် အလင်း ရင်ထဲမှာ မျှော်လင့်ချက်ရောင်ခြည်ေ
ပြန်သမ်းလာပြန်သည်။

"ကဲ-ဒီနေ့ ငါ အလင်းအတွက် ဘာဝယ်လာလဲသိလား"

သားချော ကျောပိုးအိတ်ထဲမှ စက္ကူလက်ဆွဲအိတ်အသေးေ
ကို ထုတ်ယူလိုက်သည်။ အလင်း နှုတ်ခမ်းလေးစုထွေးကာ မျက်တေ
လေးကို ပုတ်ခတ်ပုတ်ခတ် လုပ်လိုက်သည်။

"ဟင့်အင်း မသိဘူး၊ ဘာဝယ်လာတာလဲဟင်"

"အင်း ဘာဝယ်လာတာလဲဆိုတော့ ရော့ သိချင်ရင် ကိုယ့်
ကိုယ် ထုတ်ကြည့်"





သားချော ပြောပြောဆိုဆိုဖြင့် အလင်း လက်ကလေးထဲသို့
စက္ကူလက်ဆွဲအိတ်ကလေး ထည့်ပေးလိုက်သည်။

အလင်း မျက်ဝန်းလေး ထပ်မံ၍ မှိန်ဖျော့သွားပြန်သည်။

"မနောက်ပါနဲ့ သားချောရယ်၊ သားချော ဘာဝယ်လာသလဲဆို
တာ အလင်း ဘယ်လိုလုပ်သိမလဲ၊ သားချော ပြောပြမှပဲ အလင်းသိ
တော့မှာပေါ့"

ဒီတော့မှ အလင်းမျက်စိမမြင်တာ သတိရသွားပြီး အားနာသော
ယ်ခြင်းမျိုးဖြင့် တဟဲဟဲရယ်ကာ

"မေ့ မေ့သွားလို့ပါ အလင်းရာ၊ ကဲ ပေး ငါထုတ်ပြမယ်"

သားချော စက္ကူလက်ဆွဲအိတ်ထဲမှ နှုတ်ခမ်းနီအဂေါင်းစား
နှင့် လက်သည်းနီပုလင်းလေးကို ထုတ်ယူလိုက်သည်။ ပြီးနောက် အလင်း
လက်ကလေးကို အသိမ်မွေ့ဆုံး ဆွဲကိုင်လိုက်ပြီး နွေးထွေးနီရဲသော လက်
ဖါးလေးထဲသို့ ထည့်ပေးလိုက်ပြီး

"အလင်းရဲ့နှုတ်ခမ်းဖူးဖူးလေးမှာဆိုးဖို့ နှုတ်ခမ်းနီလေးရယ်၊
တော့ဒီ လက်ချောင်းဖြူဖြူသွယ်သွယ်လေးမှာ ဆေးရောင်ခြယ်ဖို့ လက်
သည်းနီရယ် ဘယ်လိုလဲ အလင်း သဘောကျရဲ့လား"

သားချော စကားဆုံးတော့ အလင်း တခစ်ခစ် ရယ်သည်။

"ဟာ ဟော့ ဘာလို့ရယ်တာလဲ ပြောတဲ့အထဲမှာ ရယ်စရာလည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ မပါဘူး''

''ရယ်မှာပေါ့လို့ သားချောက အရမ်းနောက်တာပဲ၊ နှုတ်ခမ်း
ဆိုတာ မှန်ကြည့်ပြီးမှ ကိုယ့်နှုတ်ခမ်းပေါ်မှာဆိုးရတယ်၊ လက်သည်းနီး
တာလည်း မျက်လုံးမှိတ်ပြီး ရမ်းဆိုးလို့ရတဲ့အရာမဟုတ်ဘူး၊ ဒီတော
အလင်းက မျက်စိမမြင်ဘဲ နှုတ်ခမ်းနီကို စိတ်မှန်းနဲ့ဆိုး၊ နှုတ်ခမ်းအေ
တွေကိုပေကျန် လက်သည်းနီကိုလည်း မမြင်မစမ်းနဲ့ဆိုး အဟား
ခစ် ခစ် လူကလှမလာတဲ့အပြင် ပိုပြီးတော့တောင် ရုပ်ဆိုးသွား
သိလား''

''အယ် ဒါ ဒါလည်း ဟုတ်တာပဲ၊ ငါ တော်တော်ထုံတဲ့ကော
ပါလားကွာ၊ အဲဒီလို အစောကြီးက လုံးဝ မစဉ်းစားမိဘူး''

သားချော ကိုယ့်နဖူးကိုယ် ခက်ဆတ်ဆတ် ရိုက်မိလိုက်သ
ပြီးမှ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်မျက်နှာမှာ စပ်ဖြီးဖြီးအမူအရာ
အလင်းကို မချိုမချဉ် ကြည့်ကာ

''ဒါပေမဲ့ လွယ်ပါတယ် အလင်းရာ၊ နင် အလှမပျက်
ဆိုးလို့ ရတဲ့နည်းရှိတယ်''

''ဟင် ဟုတ်လား၊ ဘယ်လိုနည်းလဲဟင်''

''အင်း ဘယ်လိုနည်းလမ်းလဲဆိုတော့ ဒီလိုဟာ နင့်ကို နှုတ်
နီရော လက်သည်းနီရော ငါကိုယ်တိုင် ဆိုးပေးမယ်၊ ဘယ့်နှယ်



အိုကေ ဘူးလား''

''အို မဟုတ်တာ''

အလင်းမျက်နှာလေး နှင်းဆီရောင်ရင့်ရင့်လေး ယှက်ပြေးသွား
သည်။

''မရှက်ပါနဲ့ ငါတို့က မောင်နှမလိုပဲ ရိုးသားကြတဲ့ဟာ''

''အင်းလေ သ သဘောပေါ့၊ ဒီလိုမှ မလုပ်ရင်လည်း သားချော
တဲ့လက်ဆောင်က အလကားဖြစ်ဦးမယ်''

''ကဲ ဒါဆို အခု အစမ်းဆိုးပေးမယ်ဟာ''

သားချော နှုတ်ခမ်းနီတောင့်ကိုဖွင့်လျက် အလင်း၏နှုတ်ခမ်း
ရဲရဲလေးပေါ်သို့ ညီညီညာညာ ဆိုးပေးလိုက်သည်။ အလင်းက နှုတ်
သားလေးကို တင်းတင်းစေ့လျက် မျက်နှာလေးကို အလိုက်သင့်လေး
ပေးထား၏။

ဆိုးသာဆိုးပေးရတာ သားချော၏လက်တွေ စိတ်လှုပ်ရှားလွန်း
ဆေးသမားတစ်ယောက်လို တုန်နေသည်။

ပန်းဆီရောင်နှုတ်ခမ်းဆိုးဆေးအရောင်လေးနှင့် ဖူးစိုအိရွှဲနေ
သာ နှုတ်ခမ်းစုစုလေးကို တရှိုက်မက်မက်သာ နမ်းလိုက်ရလျှင်ဖြင့်
ကလောဘတွေ အတော်လေးကို ခမ်းနားသွားမှာ အသေအချာပင်။

ကောင်မလေးရေ နင့်ကိုငါ ပိုးစိုးပက်စက်ကို ချစ်နေမိတာ



www.burmeseclassic.com

www.burmeseclassic.com



သိပ်သေချာသွားပြီ။

ရင်ထဲမှာ တဒိန်းဒိန်းနဲ့ . . ။

■ ■ ■



## အခန်း (၈)

"အလင်းရေ အခန်းလေးထဲမှာ တကုတ်ကုတ်နဲ့ ဘာလုပ်နေ ...လဲကွယ်"

ဒေါ်ဝေ ဟင်းချိုင့်ကလေးကိုင်ပြီး အလင်း အိုးတိုက်နေသော ...ရာသို့ ဝင်လာသည်။ အလင်း ဖွဲပြာနုနုနှင့်အိုးကို ဖိတိုက်နေရာမှ ...သံလာရာဘက်သို့ ငဲ့စောင်းလိုက်သည်။

"အန်တီဝေ လာလေ၊ ဒီမှာ အလင်း အိုးတွေခွက်တွေ တိုက် ...တာ"

ဒေါ်ဝေ ဝင်လာပြီး ပြောင်လက်နေအောင်တိုက်ထားသော အိုး ...တွေကိုကြည့်ပြီး အံ့သြသွားကာ



www.burmeseclassic.com

www.burmeseclassic.com



"အိုအေ ကြည့်ပါဦး အိုးလေးတွေ ပန်းကန်လေးတွေ ဆေ
ထားကြောထားလိုက်တာများ ပြောင်လက်နေတာပဲ၊ မှန်တောင် ကြည့်
ရတယ်၊ အလင်းက အရမ်းမိန်းမပီသတာပဲကွယ်၊ အလင်း ရောက်စ
ဆိုရင် ဒေါ်ဝေလေ ဒီကောင်မလေး မျက်စိကလည်းမမြင်၊ ဘာမှလည်
လုပ်နိုင်မှာမဟုတ်တဲ့အပြင် သူ့အတွက် လူတစ်ယောက်တောင် အလုပ်
ဦးမယ်လို့ တွေးမိသေးတာတော့၊ ခုတော့ ကြည့်ပါဦးကွယ် ဒီလော
ရှင်းသန့်သပ်ရပ်နေအောင် သိမ်းဆည်းဆေးကြောထားတော့ ခတ်မ
တဲ့သူဆို အလင်းကို လူကောင်းလို့ပဲ မှတ်မှာတော့ အဟုတ် မယုံမရှိ

ဒေါ်ဝေ ဟင်းချိုင့်ကို ကြောင်အိမ်ပေါ် လှမ်းတင်ကာ အလ
ဘေးမှာ ဆောင့်ကြောင့်လေး ဝင်ထိုင်ရင်း တတွတ်တွတ် ချီးမွမ်းခ
ဖွင့်တော့၏။

အလင်း မနေတတ်စွာဖြင့် ခေါင်းလေးငုံ့ပြီး မပွင့်တပွင့် ရ
၏။

"ဒီလောက်လည်း မဟုတ်ပါဘူး ဒေါ်ဝေရယ်၊ အလင်း
စမ်း တဝါးဝါးနဲ့ လုပ်နေရတော့ ဘယ်မှာလာပြီး သေသပ်ပါ့မလဲ"

"အိုအေ ကျုပ်ကတော့ မျက်စိထဲ အပြစ်ပြောစရာကို တစ်စ
ကလေးမှ မတွေ့သေးဘူး"

"အဟင်း ဟင်း ကဲပါ အခု အလင်းကို ဘာခိုင်းမလို့





အလင်းတို့အလုပ်ပြီးပြီ၊ အိမ်ကြီးထဲက အလုပ်ကို ကြိုက်တာခိုင်းတော့"

အလင်း တိုက်ပြီးသား အိုးခွက်တွေကို သံပန်းကန်စင်ပေါ်သို့
အစီအရီ တင်လိုက်သည်။ ဒေါ်ဝေပါ မနေသာ၍ ပန်းကန် ဝိုင်းမှောက်
ပေး၏။

"အိမ်ကြီးထဲမှာလည်း ဘာမှခိုင်းစရာ မရှိတော့ဘူး၊ ဒေါ်ဝေ
လာတာ အလင်းတို့မြေးအဘိုး ထမင်းစားရင် ဟင်းလိုနေမှာစိုးလို့ ညက
အစ်ကိုကြီးနဲ့မမလေး စားလို့ ပိုတဲ့ ဟင်းတွေ နွှေးပြီးလာပို့တာ၊ ဒါနဲ့
အလင်းရော ထမင်းစားပြီးပြီလား"

"ဟင့်အင်း မစားရသေးဘူး အန်တီဝေ၊ အဘိုး ပြန်လာမှ
မြေးအဘိုးနှစ်ယောက် တူတူစားမှာလေ"

"ဘိုးမာန်က ဘယ်သွားလို့လဲ"

"နှင်းဆီပင်တွေအတွက် အပွင့်အားဆေး သွားဝယ်မယ်ဆိုပြီး
ကော်ဘီးနဲ့ ထွက်သွားတာပဲ"

"ဘိုးမာန်ကိုကြည့်ရတာလည်း စိတ်မောပါတယ်အေ တစ်ချိန်
ဦး အလုပ်နဲ့လက်နဲ့ကို မပြတ်ရှာဘူး"

"ဟုတ်တယ် အန်တီဝေရဲ့ အဘိုးက ညဆို ကိုင်ရိုက်ထားသလို
ဲ တစ်ကိုယ်လုံး နာကျင်ကိုက်ခဲလွန်းလို့ အလင်းက ညတိုင်း အဘိုးကို
ပ်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



“ဟင် အလင်းက နှိပ်လည်း နှိပ်တတ်တယ် ဟုတ်လား”

“အင်း နှိပ်တတ်တာပေါ့၊ အလင်းနှိပ်ပေးပြီးရင်လေ အဘိုး တစ်ကိုယ်လုံး အကြောတွေ ပြေသွားရော”

“ဟုတ်လား ဒါဆိုအတော်ပဲ ဒေါ်ဝေမှာလည်း ညညကျရင် မမလေးကို နှိပ်နှိပ်ပေးရတာအေ့၊ ညည်းပါ နှိပ်တတ်တယ်ဆိုတော့ ဟန်[...]ကျတာပဲ၊ ညကျရင် မမလေးကို နှိပ်ပေးဖို့ ဒေါ်ဝေ လာခေါ်မယ်”

ကြီးကြီးကို နှိပ်ပေးရမည်ဆို၍ အလင်း ဝမ်းသာသွားသည်။ ကိုယ့်ကျေးဇူးရှင်တွေကို ကိုယ်နိုင်တဲ့ဝန်လေးနှင့် ပြန်ပြီး ကျေးဇူးဆပ်[...]တော့မည်မို့ အလင်း မျက်နှာလေး ပီတိတွေဖြင့် ဖြာဝေနေသည်။

“အလင်း နှိပ်ပေးမှာပေါ့၊ ဒေါ်ဝေသာ အလင်းကို ညကျရင် လာခေါ်နော်၊ ခုလို ကြီးကြီးကို နှိပ်ပေးခွင့်ရတာကို အလင်း အရမ်း[...] ကျေနပ်တယ် သိလား”

ကျေးဇူးတရားသိတတ်လွန်းသော အလင်းကိုကြည့်ပြီး ဒေါ်ဝေ[...] ရင်ထဲ သနားကရုဏာသက်သွားမိသည်။

စိတ်ကောင်းအလွန်ရှိပြီး အရာရာကို သိတတ်လိမ္မာလွန်းသော[...] မိန်းကလေး။ ချောလိုက်တာလည်း မှုန်နေတာပဲ။ ကိုယ် ရုန်းကန်နေ[...] သည့်ဘဝနှင့်တောင် မလိုက်ဘက်။

ဒေါ်ဝေသာ သားချောအမေဆိုလျှင် အလင်းရဲ့မျက်စိကိုမြင်[...]

[...]အောင် ပြန်ကျပြီး ကိုယ့်သားနဲ့ ပေးစားပစ်လိုက်မှာ။

သားချောကလည်း ကလေးစိတ်သာ သိပ်မကုန်သေးတာ။ ရုပ်[...]လေးက တကယ့် ခန့်ချောကြီး။ အလင်းလို ကြွေရုပ်ကလေးလိုလှတဲ့ [...]ကောင်မလေးနဲ့သာဆို အင်မတန်မှ တင့်တယ် ထည်ဝါတဲ့ ဇနီးမောင်နှံ[...]မှာ။

“ဒေါ်ဝေ ဒေါ်ဝေ”

“ဟေ ဘာ ဘာလဲ အလင်း”

အလင်းခေါ်သံကြောင့် အလင်းမျက်နှာလေးကို ငေးမောပြီး [...]တွေးလွန်နေသော ဒေါ်ဝေ ပျာပျာသလဲဖြင့် ပြန်ထူးလိုက်သည်။

“အလင်း ပြောတာ မကြားဘူးထင်တယ်”

“ဟင် အလင်း ဘာပြောလိုက်တာလဲ”

“သြော် ဒေါ်ဝေရော အကြောတွေတက်နေရင် အလင်းနှိပ်ပေး[...]သိလို့”

“အမယ်လေး မလုပ်ပါနဲ့ ကလေးရယ် ဒေါ်ဝေ မခိုင်းရက်ပါဘူး။ [...]င်းလို ပွင့်ဖတ်လေးလို နူးညံ့ဖြူစင်လွန်းတဲ့ မိန်းကလေးကို ပင်ပန်း[...]လုပ်တွေ မလုပ်ခိုင်းရက်ပါဘူး”

“မဟုတ်တာ ဒေါ်ဝေရယ်၊ အလင်းစိတ်ထဲမှာ ဒေါ်ဝေ့ကို [...]င်းရဲ့ အဒေါ်ရင်းတစ်ယောက်လို စိတ်မှာမှတ်ထားပြီးသား၊ တကယ်



www.burmeseclassic.com

www.burmeseclassic.com



ပြောတာ''

''ယုံပါတယ် အလင်းလေးရယ်၊ အလင်းလေး စေတနာ
ဒေါ်ဝေ အပြည့်အဝ ယုံကြည်ပါတယ်၊ ဒေါ်ဝေတော့လေ အလင်း မျက်
မြန်မြန်ပြန်မြင်ပါစေလို့ ဆုတောင်းနေပါတယ်''

အလင်းမျက်နှာလေးညိုးကာ သက်ပြင်းခပ်ဖျော့ဖျော့ ချလိုက်
သည်။

''အဘိုးလည်း အလင်းမျက်စိကုမှာမို့လို့ ငွေကိုကြိုးစားပြ
စုနေတယ်၊ ငွေပြည့်ရင်တော့ အထူးကုဆရာဝန်ကြီးတွေနဲ့ ပြပေးမယ်
လို့တော့ ပြောတယ်၊ ကုလို့ ရမရသာ မသိတာ''

''အို ဘာလို့ ကုမရရမှာလဲ၊ မွေးရာပါ ကြောင်တောင်ကန်း
မဟုတ်တာ၊ ကုလို့ရကိုရတယ်၊ ဒေါ်ဝေပြောတာ မယုံရင် ပြကြည့်''

''အဲဒီလိုပဲ ဖြစ်ပါစေလို့ ဆုတောင်းရမှာပဲ ဒေါ်ဝေရယ်''

သက်ပြင်းဖျော့လေး ချကာ တည်တည်ငြိမ်ငြိမ်လေး ပြော
သော အလင်းရဲ့ဟန်လေးက ကလေးရွယ်လွန်းကာ တည်ငြိမ်အေးချမ်းလွ
လှသည်။

ဒီလို မိန်းကလေးမျိုးရဲ့အလှကို တစ်နေ့တစ်နာရီထိုင်ကြည့်
တော့ ရင်မှာ အလိုလို ငြိမ်းချမ်းသွားမှာ အမှန်။

ဒါကြောင့်လည်း သားချောမှာ အချိန်ရတိုင်း အလင်းနဲ့

ဝိုး မိုး ၁၇၆ပ



ဦးခေါင်ဘက်ကို ကူးကူးလာတာကို ဒေါ်ဝေ ရိပ်မိ၏။

ဒီလူငယ်လေးနှစ်ယောက် ငြိစွန်းရင် ဒေါ်ဝေ ဝမ်းတောင်သာ
သေးသည်။

■ ■ ■

ဝိုး မိုး ၁၇၆ပ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

''ကြီးကြီး အလင်း ဝင်ခဲ့မယ်နော်''

အခန်းဝမှာ ခပ်ရှိုးရှိုး လေးရပ်လျက် အသံလှမ်းပြုလိုက်သေ

အလင်းကို ဒေါ်ခင်သန္တာ စာဖတ်နေရာမှ မျက်မှန်ကို ပင့်ကြည့်လိုက်သည်

မဝေ ကြိုပြောထား၍ လာနှိပ်ပေးသည်ဆိုတာ ကြိုသိနေသေ

ဒေါ်ခင်သန္တာ ဖတ်လက်စစာအုပ်ကို စားပွဲပေါ် လှမ်းတင်လိုက်သည်

''အေး ဝင်ခဲ့လေ''

ဝင်ခွင့်ပြုလိုက်သဖြင့် အလင်း တုတ်ကောက်ကလေးကို

ဒေါက်ဒေါက် ထောက်စမ်းရင်း ဒေါ်ခင်သန္တာ ခုတင်နားသို့ စမ်းတဝါး

လျှောက်လာသည်။





''မင်း နှိပ်တတ်လို့လား အလင်းကြည်''

ပြတ်သားအေးစက်သောအသံကြောင့် အလင်းကြည် မဝံ့မရဲ

ာန်လေးဖြင့် ခေါင်းညိတ်ရင်း

''ဟုတ်ကဲ့ ဘိုးကတော့ အလင်း နှိပ်ပေးရင် အကြောတွေ

ပြေသွားတယ်လို့ ပြောပါတယ်၊ ကြီးကြီးလည်း နှိပ်ကြည့်ပါ။ အညောင်း

ပြေသွားတယ်ဆိုရင် အလင်း ကြီးကြီးကို နေ့တိုင်းလာနှိပ်ပေးပါရစေ''

ကျိုးကျိုးနွံနွံလေး ပြောနေသော အလင်းကို ဒေါ်ခင်သန္တာ

နားသွားသည်။

''အင်းလေ မင်းနှိပ်တတ်တယ်ဆိုရင် စမ်းပြီး အနှိပ်ခံကြည့်တာ

ေ့ါ နေ့တိုင်းတော့ လာနှိပ်ပေးဖို့ မလိုပါဘူးကွယ်''

''ကဲ ကဲ လာ ရှေ့နားလေးကို သုံးလှမ်းလောက် ဆက်လှမ်း

ိုက်ရင် ကြီးကြီး ခုတင်ကို ရောက်ပြီ''

ဒေါ်ခင်သန္တာ ခုတင်ပေါ် တင်လှဲအိပ်လိုက်သည်။

အလင်း တုတ်ကောက်ကလေးကို ခုတင်ခြေရင်းမှာ ထောင်

ိုက်ပြီး ခုတင်စပ်တွင် တင်ပလ္လင် ဝင်ထိုင်လိုက်သည်။ ထို့နောက် ခြေ

ချောင်းလေးများမှစတင်၍ နှိပ်လိုက်သည်။

စိတ်ရှည်လက်ရှည်နှင့် စေတနာပါပါ နှိပ်နယ်နေခြင်းကြောင့်

ေါ်ခင်သန္တာ စိတ်ထဲမှ ချီးကျူးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ကျောင်းနေဖူးလား အလင်းကြည်"

"ဟုတ် ဟုတ်ကဲ့ နေဖူးပါတယ်"

"ဩော် နေဖူးတယ်ပေါ့၊ ဘယ်နှတန်းအထိ နေဖူးလဲ"

"အလင်း ဆယ်တန်းကို ဂုဏ်ထူး သုံးဘာသာနဲ့ အောင်ပြီး ပြီ"

ဒေါ်ခင်သစ္စာ အလင်းဆယ်တန်းကို ဂုဏ်ထူးဖြင့်အောင်ပြီး ဆိုရင် အလွန်အမင်း အံ့ဩသွားရသည်။

မျက်မမြင်တော့သူမလေးဆိုပြီး အထင်သေး လျှော့တွက် သော ကိုယ့်ကိုယ်ကိုယ်ပင် ပြန်၍ ရှုတ်ချမိလိုက်သည်။

"ဒါဆို မင်း မျက်စိကွယ်တာ မကြာသေးဘူးပေါ့"

"မကြာသေးပါဘူး ကြီးကြီး၊ အလင်း ဆယ်တန်းစာမေး ဖြေပြီးတဲ့နေ့မှာပဲ မေမေ ဆုံးတယ်၊ အဲဒီနေ့ပဲ အလင်း မျက်စိကွယ်ခဲ့ ပါ"

"အေးလေ မင်းလို ထူးချွန်တဲ့ မိန်းကလေးတစ်ယောက် မျိုး ဖြစ်သွားတော့ တို့တိုင်းပြည်အတွက် အများကြီး ထိခိုက်နစ်နာတ မင်းအဘိုးကတော့ မင်းကို မျက်စိကုပေးမယ်ဆိုတဲ့ ရည်ရွယ်ချ ရန်ကုန်ကို ရောက်လာတာပဲ၊ မင်း မျက်စိကုတဲ့အချိန်မှာ လိုအပ်တဲ့ မှန်သမျှ ကြီးကြီးတို့ ကူညီပေးပါမယ်၊ ဒါမှ မင်း တက္ကသိုလ်တက်နိုင်





"ဟုတ်ကဲ့ တက္ကသိုလ်ဆက်တက်ဖို့ မရည်ရွယ်ရဲပေမယ့် မျက်စိ တော့ ပြန်မြင်ချင်ပါတယ် ကြီးကြီးရယ်၊ အလင်းကြောင့် အဘိုး ခုလို ကာန်နေရတာကို အလင်းစိတ်ထဲမှာ နည်းနည်းလေးမှ မကောင်းဘူး၊ အလင်းသာ မျက်စိပြန်မြင်ရင် အဘိုးကို တစ်လှည့်ပြန်ပြီး လုပ်ကျွေး ချင်တယ်၊ အဘိုးကို ဘာအလုပ်မှ မလုပ်နိုင်းတော့ဘူး၊ အဘိုး လုပ်တဲ့ အလုပ်မှန်သမျှ အလင်းတစ်ယောက်တည်းပဲ လုပ်သွားတော့မယ်"

စကားတွေ ဖောင်ဖွဲ့အောင် ပြောနေသော အလင်းကို သား ချော တံခါးဝတွင် ရပ်ကြည့်နေသည်။ အခန်းဝကို ကျောပေးထိုင်နေသ ည့် အလင်း သားချောကို မမြင်။

အလင်းနှင့်မာမီ လေပေးဖြောင့်နေသဖြင့် သားချော စိတ်ထဲ မှာကိုကျေနပ်မိမှန်းမသိ။ မာမီ အလင်းကို အမြင်မကြည်လင်ဖြစ်မှာကို သားချော စိုးရိမ်သည်။

"အဟမ်း အဟမ်း"

အကြာကြီး ရပ်ကြည့်နေလျှင် မကောင်းသဖြင့် သားချော ကိုယ်ပင် ချောင်းဟန့်သံပေးလိုက်သည်။

မာမီ အလင်းစကားကို နားထောင်နေရင်းမှ သားချော၏ ချောင်းဟန့်သံကြောင့် အခန်းဝကို လှည့်ကြည့်သည်။

"မာမီ အနှိပ်ခံနေတာလား၊ ဒေါ်ဝေကို ဘာလို့ မနှိပ်နိုင်းတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ''

အလင်းကို လုံးဝမကြည့်ဘဲ ခပ်တည်တည် မျက်နှာပေးဖြ
မေးလိုက်သည်။ မာမီ့အမြင်မှာ သားချောက အလင်းကို လုံးဝ စိ
မဝင်စားဘူးဆိုသည့် အမြင်မျိုး ဖြစ်စေချင်သည်။

''မဝေက အလင်းကနှိပ်တတ်တယ်ဆိုပြီး ခေါ်လာပေးလို့ မ
လည်း စမ်းပြီး အနှိပ်ခံနေတာ သားရေ၊ မင်းစာကျက်ပြီးပြီလား''

''ကျက်ပြီးပြီ မာမီ၊ ခုပဲ ဘုရားခန်းဝင်တော့မလို့ မာမီ
မအိပ်သေးဘူးလား၊ ညကိုးနာရီတောင် ထိုးပြီလေ''

''အေး အိပ်မယ် သား၊ သားလည်း စောစောစီးစီး အိပ်နေ
အခန်းထဲမှာ ကလေးကလား ဂိမ်းထိုင်နှိပ်မနေနဲ့ဦး''

ဒေါ်ခင်သစ္စာ ကလေးတစ်ပိုင်း လူကြီးတစ်ပိုင်းဖြစ်နေသေ
သားကို စိတ်မချ၍ နေရပြန်သည်။ သားက ဘာသာရေးကိုတော့ ေ
စရာမလိုအောင်လုပ်သည်။

စိတ်နေစိတ်ထားကျတော့ လူကြီးတစ်ယောက်လို ရင့်ကျ
မလာသေး။ စိတ်ထင်တိုင်း နေထိုင်သွားလာနေတုန်း။

သို့သော် သားဖြစ်သူအတွက် စိတ်အေးရသည်မှာ သူငယ်ချ
အပေါင်းအသင်းမင်သော်လည်း မိန်းကလေးကိစ္စ ကင်းရှင်းလွန်းသည်
ခုလည်း အလင်းကို စိတ်ဝင်စားသော အရိပ်အငွေ့ သားချော မျက်





မှာ လုံးဝရှာမတွေ့။

''ကဲ ကဲ တော်ပြီ အလင်း၊ မင်းလည်း လက်တွေညောင်းရော
သားရေ အလင်းကို ပြန်ပို့ဖို့''

ဒေါ်ခင်သစ္စာ စကားမဆုံးလိုက်။ သားချော ခေါင်းတခါခါ
ခါခါဖြင့်

''ဟာ မာမီရာ မိုးချုပ်နေပြီ၊ သားလိုက်မပို့ချင်တော့ဘူး၊ ဒေါ်
ပဲ ပို့ခိုင်းတော့၊ ကဲ သား သွားတော့မယ်၊ မာမီလည်း အိပ်တော့''

ခါးခါးသီးသီးဖြင့် ဇောက်ထတ်ထတ် ပြောလိုက်သော သားချော
ကြောင့် အလင်းမျက်နှာလေး မသိမသာ ညှိုးသွားသည်။ သားချော
ထဲမှ ပြန်ထွက်သွားသော ခြေသံကြားမှ

''အလင်း ကိုယ့်ဘာသာကိုယ် ပြန်တတ်ပါတယ် ကြီးကြီး''

''အို ဘယ်လိုလုပ် ကိုယ့်ဘာသာ ပြန်မလဲ၊ ဒေါ်ဝေ လိုက်ပို့
ယ် ခဏစောင့်''

တစ်အောင့်နေတော့ ဒေါ်ဝေ ရောက်လာသည်။

''မမလေးရေ အလင်းကို ပြန်ခေါ်သွားတော့မယ်နော်''

''ခေါ်သွားတော့ မဝေ''

''ကဲ လာ အလင်း ဒေါ်ဝေ ပြန်လိုက်ပို့ပေးမယ်''

ခပ်ရွံ့ရွံ့လေးထိုင်နေသော အလင်းကို ဒေါ်ဝေ ဖေးကူပြီး တွဲ



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။

"ကြီးကြီး အလင်း ပြန်လိုက်ပါဦးမယ်၊ နောက်ရက်တွေလ
အလင်း လာနှိပ်ပေးပါ့မယ်"

"အေး အေး ကျေးဇူးတင်ပါတယ် အလင်းရယ်၊ ကြီး
ခုမှပဲ အညောင်းပြေသွားတော့တယ်"

ဒေါ်ဝေနှင့်အလင်း ဒေါ်ခင်သစ္စာ အခန်းထဲမှ ထွက်
အလင်းရင်ထဲမှာ စောစောက သားချော၏မာဆတ်ဆတ် လေယူလေ
ကြောင့် စိတ်ထဲမှာ စိုးရွံ့အားငယ်သွားမိသည်။

အပြောင်းအလဲမြန်လိုက်တာ သားချောရယ်။

■ ■ ■



## အခန်း (၁၀)

"ဒေါ်ဝေ"

"ဟဲ့ ပလုတ်တုတ် မြတ်စွာဘုရား"

အမှောင်ထဲမှ ဖြုန်းခနဲ ပေါ်လာသော သားချောကြောင့် ဒေါ်ဝေ
ကြောက်အားလန့်အားဖြင့် ထယောင်သည်။

"ဒေါ်ဝေ ဘာဖြစ်လို့လဲ၊ ဘာဖြစ်လို့လဲဟင်"

ဒေါ်ဝေ့အော်သံကြောင့် စမ်းတဝါးဝါး လှမ်းနေသော အလင်း၏
ခြေလှမ်းတွေပင် ကြောက်အားလန့်အားဖြင့် တွန့်ဆုတ်သွားရသည်။

"ဟာ ဒေါ်ဝေ ဘာဖြစ်လို့ အသံပြဲကြီးနဲ့ ထအော်နေရတာလဲ"

သားချောအသံကြားမှ ဒေါ်ဝေ ကြောက်စိတ်ပျယ်သွားကာ



www.burmeseclassic.com

www.burmeseclassic.com



"သြော် သားချောရယ် အသံလေး ဘာလေး ပေးမှပေါ့၊
တရက် အမှောင်ထဲကနေ ဖြုန်းခနဲ ပေါ်လာတော့ ဒေါ်ဝေဖြင့် လန်
တာပဲဟယ်"

"ကဲ အခု သားချောမှန်းသိပြီ မဟုတ်လား၊ ဒေါ်ဝေ အ
ပြန်တက်တော့"

"ဟင် ဘာဖြစ်လို့လဲ အလင်းကို ပြန်ပို့ရဦးမယ်လေ"

"ကျွတ် ဒေါ်ဝေ အတော်ပိန်းတာပဲ၊ ဒေါ်ဝေ့ကို အိမ်ပေ
တက်တော့ဆိုမှတော့ အလင်းကို ကျွန်တော် လိုက်ပို့မှာမို့လို့ပေါ့"

ဒီတော့မှ ဒေါ်ဝေ သဘောပေါက်စွာ ရယ်လိုက်ပြီး မ
တညိတ်ညိတ်လုပ်ကာ

"သြော် ဒေါ်ဝေ သဘောပေါက်ပြီ သဘောပေါက်ပြီ၊ အ
အစကတည်းကရှင်းအောင် ဒွဲပြောလိုက်ပါလား သားချောရယ်"

"ကဲ သဘောပေါက်ပြီဆိုရင် လစ်တော့၊ လာ အလင်း
လိုက်ပို့ပေးမယ်"

သားချော ပြောပြောဆိုဆိုဖြင့် အလင်း လက်ကို လှမ်း
လိုက်သည်။ ဒေါ်ဝေ ဘာမှမမြင်သူတစ်ယောက်လို အိမ်ကြီးဆီသို့
သုတ်သုတ် ပြန်တက်သွားသည်။

"ဒါနဲ့ သားချောပြောတော့ ပြန်လိုက်မပို့ချင်တော့ဘူးဆို





ကိုကျတော့ ဘုရားရှိခိုးမယ်ဆိုပြီး ပြောခဲ့တာမဟုတ်လား"

"ဟုတ်တယ်လေ ဒါ အကွက်ရွှေ့ခဲ့တာ၊ မာမိတို့အမြင်မှာ
လင်းကို သားချော အရမ်းခင်တာကို မသိစေချင်ဘူး၊ လူကြီးတွေဆို
တော့ လူငယ်တွေကိစ္စကို ရှေ့တစ်မိုင်လောက် ကြိုမြင်နေကြတော့ မလို
အပ်တဲ့ သံသယတွေဝင်ပြီး မျက်လုံးဒေါက်ထောက်ကြည့်နေရင်
လင်းနဲ့ငါပဲ နေရထိုင်ရတာ စိတ်ကျဉ်းကြပ်မှာ၊ ဒါကြောင့် မာမို့ရှေ့မှာ
လင်းကို သားချောက လုံးဝအရေးမစိုက်တဲ့ပုံစံနဲ့ နေပြတာ"

သားချော အသေအချာရှင်းပြတော့မှ ရင်ထဲမှာ မတင်မကျဖြင့်
ကောင်းဖြစ်နေသော စိုးရိမ်စိတ်ကလေး ပြေလျော့သွားသည်။

"အလင်း မအိပ်ချင်သေးဘူးဆိုရင် ငါတို့ စကားအေးအေးဆေး
း ပြောကြမလား"

သားချောဘက်က တောင်းဆိုပေမယ့် အလင်း လက်မခံရဲ။
ကြာ ညဘက်ကြီး အလင်းနှင့်သားချော စကားထိုင်ပြောတာကို
တွေ တစ်ယောက်ယောက်သာတွေ့သွားလျှင် မလိုအပ်တဲ့ ပြဿနာ
ရေးမှာ။

"အလင်းတို့မှာ ဘာများ ပြောစရာစကား ထွေထွေထူးထူး
ဲ သားချောရယ်၊ သားချော အလင်းကို စကားပြောမယ့်အချိန်ကို
ထဲဝင်ပြီး စကျက်နေရတာ ပိုပြီးအကျိုးမရှိဘူးလား"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီအတွက် ဘာမှတွေးပြီးပူပေးမနေနဲ့ ငါ စာကျက်ပြီးသွ ပြီ၊ ဒီအချိန်ဟာ ငါ လွတ်လွတ်လပ်လပ်နေရမယ့်အချိန်ပဲလေ"

သားချောဘက်က အကြောင်းပြချက်နိုင်လှုံနေတော့ အလ ဘက်က ရှောင်ဖို့အတွက် ဘယ်လိုနည်းလမ်းနဲ့ အကြောင်းရှာရမှန်း မသိတော့။

"ဟို ဟိုလေ အလင်း အိပ်ချင်နေပြီ သားချောရ"

"ဟာ မအိပ်နဲ့ဦး၊ နာရီဝက်လောက်ဖြစ်ဖြစ် စကားထိုင်ပြေ မယ်၊ လုံးဝမငြင်းနဲ့"

ဖွတ်အတင်းတောင်းဆိုနေသော သားချောဆန္ဒကို မလိုက်လေ ၍မရတော့။

"အင်းလေ ဒါဆိုလည်း သားချော သဘောပေါ့"

– "အိုကေ ဒါဆို ငါတို့ ခြံထောင့်က ခုံတန်းမှာ သွားထိုင်ကြမ အဲဒီ ခုံတန်းမှာဆို အိမ်ပေါ်က အလွယ်တကူ မမြင်ရဘူး၊ ဂိုဒေါင်ြ ကွယ်နေလို့လေ"

သားချော အလင်းလက်ကို ညင်သာစွာ ဆုပ်ကိုင်ပြီး တွဲ သွားသည်။

ညသည် အမှောင်တစ်ဝက် မီးအလင်းရောင်တစ်ဝက်န အရာရာဟာ သဲကွဲစွာ မမြင်ရ၊ သို့သော် အလင်းအတွက်ကတော့



ီး ပိုမှောင်မသွားပါဘူး။ အမြဲတမ်း အမှောင်ဖုံးနေကျမို့ အမှောင်ထဲမှာ ှင့်သားရနေပြီးသား။

"အလင်း ဒီခုံတန်းမှာထိုင်"

သားချော အလင်း၏ပခုံးလေးနှစ်ဖက်ကို ခပ်ဖွဖွ ဆုပ်ကိုင်ပြီး တန်းမှာ ထိုင်စေ၏။ တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

တစ်ချက်တစ်ချက် ဖြတ်တိုက်လာသော လေပြည်နုနုကြောင့် လင်း၏ ဆံစလေးတွေ အမှောင်ထဲမှာတောင် တလွင့်လွင့်နှင့် လှုပ်ခတ် ၏။

သားချော အလင်းဘေးမှာ ဝင်ထိုင်လိုက်သည်။ လမ်းမီးတိုင်မှ သင်းကျနေသော အလင်းရောင်က အလင်းနှင့်သားချော ထိုင်လိုက် သော ခုံတန်းပေါ်သို့ သစ်ကိုင်းသစ်ရွက်တွေကြားမှ ဖြိုးတိုးဖျောက်တောက် လင်းပေးနေ၏။

အလင်း ဘာစကားမှ မဆိုဖြစ်ဘဲ ခေါင်းငုံ့ကာ ငြိမ်သက်နေ ာ၏။ ဒီည အလင်းရင်တွေ အနည်းငယ်လှုပ်ခတ်နေသလို ခံစားရ၏။ ကိုစိုးရိမ်ပူပန်နေသည်ဟု ဖော်ပြ၍မရသော ပူပန်မှုတစ်မျိုးက အလင်း ၏ စိတ်အစဉ်ကို ဂနာမငြိမ် ဖြစ်မိပြန်သည်။

ထိုဂနာမငြိမ်ခြင်းကို ရင်ခုန်သည်ဟု ပြော၍ရမည်ဆိုလျှင် လင်း ရင်ခုန်နေတာပေါ့။



www.burmeseclassic.com

"အလင်း ဘာတွေ ဒီလောက်တွေးပြီး ငြိမ်နေတာလဲ"

"သားချောအကြောင်းပေါ့"

"ဘယ်လို ငါ့အကြောင်း ဟုတ်လား ပြောပါဦး"

"အလင်း မျက်စိတွေ ပြန်မြင်ရရင် အရင်ဦးဆုံး တွေ့ချင်
သူက သားချောများဖြစ်နေမလားလို့ ဘာဖြစ်လို့လဲဆိုတော့ သားချော
အလင်းအပေါ်မှာ အရမ်းဖော်ရွေတယ်၊ အရမ်းလည်း ဂရုစိုက်တယ်
အလင်းဘဝမှာ အလင်းကို ဂရုတစိုက်ရှိတဲ့သူဆိုလို့ အဘိုးတစ်ယော
ပဲရှိတာ၊ ခုတော့ သားချောလည်း အလင်းကို ဂရုစိုက်တဲ့ထဲမှာ ပါလ
ပြီလေ၊ ဒါကြောင့် အလင်း သားချောကို အရမ်းခင်တယ်၊ နောက်ပြ
မြင်လည်း မြင်ဖူးချင်တယ်"

ဂိုဒေါင်တစ်ခုလို အမြဲမှောင်နေတဲ့ အလင်းဘဝ ရပ်တည်မှု
ဂရုတစိုက် ဖေးမပေးတဲ့ သားချောကို အလင်း ကျေးဇူးမတင်ရင် အလ
လောက် မိုက်မဲတဲ့သူ ရှိပါဦးမလား။

"ငါ့ရဲ့ခင်မင်မှုကို အသိအမှတ်ပြုပေးတဲ့အတွက် ကျေးဇူ
အလင်းရာ"

ရင်ထဲက ခံစားချက်တွေ ဖွင့်အန်မထွက်ခင် အလျှဉ်းသင့်သေ
စကားလုံးတချို့ ရွေးပြောလိုက်သည်။

အလင်း လက်ချောင်းလေးတွေ မာမီ့ကို အချိန်တော်တော်ကြ





ပ်ပေးခဲ့ရ၍ အတော်လေး ညောင်းနေရှာတော့မည်။

"အလင်း ညောင်းနေလားဟင်"

"ဘာကိုလဲ ဟင် သားချော"

"ငါ့မာမီကို နှိပ်ပေးခဲ့ရလို့ပေါ့"

သားချော အမေးကို အလင်း ခပ်ဖွဖွပြုံးပြီး ခေါင်းခါသည်။

"ဟင့်အင်း မညောင်းပါဘူး သားချောရယ်၊ အလင်းလေ ကြီး
ကြီးကို ခုလို နှိပ်ပေးရလို့ ပျော်တောင်ပျော်သေးတယ်၊ အလင်းက
သားချောတို့မိသားစုကို အလင်းတတ်နိုင်တဲ့ဘက်က တစ်ထောင့်တစ်နေ
ရာ ဝင်ပြီး ပြုစုလုပ်ကိုင်ပေးချင်နေတာ၊ ခုတော့ အလင်း ဆန္ဒပြည့်ပြီလေ"

ပီတိအဟုန်ဖြင့် ကြည်ကြည်နူးနူးလေး ပြောနေပုံကိုကြည့်ပြီး
သားချော ရင်ထဲမှာ အလင်းအတွက် နာကျင်ရသည်။

ဖြစ်နိုင်မည်ဆိုလျှင် သနပ်ခါးရနံ့သင်းနေသော အလင်း မျက်နှာ
လေးကို မြတ်နိုးယုယစွာဖြင့် အုပ်မိုးနမ်းရှိုက်လိုက်ချင်ပါသည်။

မိနစ်ပိုင်းစာမျှလောက် ရင်ထဲက ဆန္ဒတွေအတိုင်း မိုက်မဲပစ်
လိုက်ချင်ပါသည်။ သို့သော် သားချော အလင်းအပေါ်မှာ ထိုသို့မပြုမူရက်။

ရင်ထဲမှာ ချစ်နေမိပေမယ့် ထိုသို့သောအချိန်မှာ ကိုယ့်အချစ်
တွေကို ဖွင့်ဟဝန်ခံဖို့ မဖြစ်နိုင်သေး။ ရင်ခုန်သံတွေနောက်ကို ဆန္ဒက
လိုက်ပါနေတော့ ထိုရင်ခုန်သံကို အလိုလိုက်ပြီး ချစ်ပါတယ်လို့ ဖွင့်ပြောဖို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုမှ မဖြစ်နိုင်။

အလင်းနှင့်ပတ်သက်ပြီး သူ ရရှိလိုက်သော ခံစားမှုသည် ဘာနှင့်မျှ နှိုင်း၍မရလောက်အောင် သိမ်မွေ့နူးညံ့လွန်းနေသည်။

"သားချော ဘာဖြစ်လို့ ငြိမ်သွားတာလဲ၊ အိပ်ငိုက်နေပြီလား"

အလင်း မျက်နှာလေးကို ညအလင်းရောင်အောက်မှာ တစ်… စိမ့်ကြည့်မဖြစ်နေရာမှ အလင်း၏အမေးစကားကြောင့် သားချော… အရှက်ပြေ ရယ်လိုက်သည်။

"အဟဲ ဘယ်က အိပ်ငိုက်ရမှာလဲ၊ အလင်းက အရမ်းလှ… သတိလက်လွတ် ငေးနေမိတာ"

"အို သားချောကလည်း"

အလင်း ရှက်ပြီး ခေါင်းကိုငုံ့လိုက်သည်။

"အလင်း ပြန်တော့မယ်"

အရှက်ပြေပြင် ဆက်မထိုင်ရဲတော့သဖြင့် အလင်းစိတ်လေ… စွာ ထလိုက်သည်။ ခုံတန်းလက်ရမ်းနှင့်တိုက်မိ၍ အလင်းကိုယ်လေ… သားချောပေါ် ယိမ်းယိုင်ထိုးကျလာသည်။

"အိုး"

"ဟာ အလင်း"

သားချော အလင်း၏ ကိုယ်လုံးနွေးနွေးအိအိလေးကို ဆီး…





…ပွေ့ဖက်ပြီး ထိန်းလိုက်သည်။

ထိုတဒင်္ဂအတွင်းမှာ သားချော၏ ရင်ထဲကချစ်ခြင်းတရားတွေ …ဘယ်လိုမှ မထိန်းချုပ်နိုင်တော့။ အလင်း၏မျက်နှာအနှံ့ကို အနမ်းမိုးတွေ …ပင်ရွာချလိုက်သည်။

"အို သားချော လွှတ် လွှတ်ပါ"

အလင်း မည်မျှပင် တွန်းထိုးရုန်းကန်နေပါစေ သားချော၏ …နမ်းတွေကတော့ အမျှင်မပြတ်သေး။ ပွေ့ဖက်ထားခြင်းတွေ မပြယ် …သေး။

"ချစ်တယ် ချစ်တယ် အလင်းရယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၁)

ဘိုးမာန် အလင်းကို မျက်စိကုရန် ဆုထားသောပိုက်ဆံတွေ[illegible] ထုတ်ယူ၍ ရေတွက်ကြည့်နေသည်။

ပိုက်ဆံက ခုထိ တစ်သိန်းပင် မပြည့်ချင်သေး။

''ဘိုး ပိုက်ဆံဆုတာ ဘယ်လောက်ရပြီလဲဟင်''

အလင်း အနားမှနေ၍ နားစွင့်နေရင်းမှ သိချင်စိတ်ပြင်းပြ[illegible] ဖြင့် ဝမ်းသာအားရ မေးလိုက်သည်။

သားချော အဝင်ဝမှာရပ်ပြီး မြေးအဘိုးနှစ်ယောက်ကို [illegible] ကြည့်နေသည်ကိုလည်း မမြင်ကြ။

''ခုထိ တစ်သိန်းမပြည့်သေးပါဘူး မြေးရယ်၊ ဘိုးတို့ဆက်[illegible]





[illegible]ဦးမယ်''

ဘိုးမာန်၏အသံက အားလျော့နေသည်။ မြေး မျက်စိကို ခွဲစိတ်[illegible]ပ်ရမချင်း ဘိုးမာန် စိတ်ဖြောင့်ဖြောင့်နှင့် နေနိုင်မည်မဟုတ်။

''မြေးလေး မျက်စိကို ဘိုးက မြန်မြန်ခွဲစိတ်ကုသမှု လုပ်ပေး[illegible]ပြီ၊ ပိုက်ဆံက မပြည့်သေးတော့ ခက်တယ်ကွယ်''

''ဪ အဘိုးရယ် အလင်းအတွက်နဲ့ အဲဒီလောက် စိတ်[illegible]က မရောက်ပါနဲ့၊ အလင်း ခုချိန်မှာ မျက်စိပြန်မမြင်ရသေးလည်း [illegible]ရေးလဲ၊ အလင်းဘေးမှာ ဘိုး တစ်ယောက်လုံး ရှိနေတာပဲ၊ အလင်း[illegible]တော့ စိတ်ဓာတ်မကျပါဘူး၊ ခုချိန်မှာ အလင်းမျက်စိမြင်ရတာ မမြင်ရ[illegible]က် အဘိုး ပင်ပင်ပန်းပန်း လုပ်နေတာကိုပဲ အလင်း ရင်ထဲမှာ [illegible]သည်းမှုမကောင်းဘူး''

အဘိုးမာန် ကိုယ့်ကိုပြန်သနားနေသော မြေးဖြစ်သူ၏ခေါင်းကို [illegible]သပ်လိုက်ရင်း သက်ပြင်းမောကို ချလိုက်ကာ

''မြေးအတွက် အလုပ်လုပ်နေရလို့ ဘိုးမာန် ပင်ပန်းတယ်ဆို[illegible]ရှိပါဘူး မြေးရယ်၊ ဘိုးမာန်က အသက်ကြီးနေပါပြီ၊ လောကကြီး[illegible] ထွက်မသွားခင်မှာ မြေးကို မျက်စိနှစ်ကွင်း အလင်းရပြီး စိတ်ချ[illegible]ထားခဲ့နိုင်မှ အဘိုး အသေဖြောင့်မှာ၊ နောက်ပြီး ဘိုးမြေးလေး [illegible]ည်အချင်းရှိပြီးသား မိန်းမငယ်လေးတစ်ယောက်၊ မြေးလေး



www.burmeseclassic.com

www.burmeseclassic.com



တက္ကသိုလ်တက်တာကိုလည်း မြင်သွားချင်သေးတယ်''

မြေး၏အနာဂတ်ကို စိတ်ကူးဖြင့် ပုံဖော်နေသော ဘိုးမာန်

ဆန္ဒတွေကို သားချော ဖြည့်ဆည်းပေးချင်စိတ်တွေ ရင်မှာတဖွားဖွား

ပေါ်ပေါက်လာသည်။

သားချော ဘာလုပ်ရမည်လဲ။ ကိုယ့်ချစ်သူလေးကို ခုလို

မမြင်ဒုက္ခိတဘ၀ကြီးနဲ့ မမြင်ရက်တော့တာကို သားချော အသိဆုံး

''ကဲ မြေး ထမင်းစားတော့ အချိန်လင့်နေပြီ''

''ဘိုးကရော''

''ဘိုးက ဒီမနက် ထမင်းစားဖြစ်မယ်တောင် မထင်ဘူး''

ဘိုးမာန်က ရေတွက်ထားသော ပိုက်ဆံအချို့ကို ကောက်

ရင်း ပြောလိုက်သည်။

''ဘာဖြစ်လို့လဲ ဘိုး''

''မနက်က မဝေ ထမင်းကြော်နဲ့ကော်ဖီဖျော်ထားတာ

လိုက်လို့ ဗိုက်ပြည့်နေတယ်၊ မြေးပဲ စားလိုက်တော့''

အဘိုး ထိုင်နေရာမှ လေးပင်စွာထလိုက်ရင်း အခန်း

လာရပ်နေသော သားချောကို တွေ့သွားသည်။

''ဪ သားချော လာလေ မြေးရဲ့''

သားချောဆို၍ အလင်း မျက်နှာလေး ရဲခနဲဖြစ်သွားကာ





ကျချင်းငုံ့လိုက်သည်။

''ဘိုးကို ဒယ်ဒီက ခဏလာပါဦးတဲ့''

''ဟော ဟုတ်လား အေး ဒါဆို ခုပဲသွားလိုက်မယ် မြေး''

ဘိုးမာန် သားချောရှေ့ ပျာပျာသလဲဖြင့် ထွက်သွားရှာ၏။

မာန် ထွက်သွားတော့မှ သားချော အလင်းဘေးနားလေးမှာ ဖွေ့ခနဲ

ထိုင်လိုက်သည်။

အလင်းမျက်နှာကို ငုံ့မိုးလျက် နမ်းဖို့ဟန်ပြင်လိုက်သည်။ ပြီးမှ

အရေးယူရာကျမည်စိုး၍ သတိနှင့်ထိန်းကာ ပြန်၍ ဘရိတ်အုပ်လိုက်

သည်။

''သားချော ကျောင်းမသွားဘူးလား''

''ဒီနေ့ ဒယ်ဒီနဲ့မာမီ မော်ဘီကိုသွားမှာလေ၊ ဒါကြောင့် ငါ

အကြောင်းတစ်ခုခုပြပြီး ကျောင်းမတက်တာ၊ ဘိုးမာန်ကိုပါ ခေါ်

ကြလိမ့်မယ်''

''ဘာကိစ္စနဲ့ မော်ဘီကိုသွားမှာလဲ''

အလင်း သိချင်စိတ်ဖြင့် မေးလိုက်သည်။

''သစ်ခွခြံတစ်ခြံ ရောင်းမယ်ဆိုလို့သွားကြည့်တာ၊ ဘိုးမာန်က

အကြောင်း နားလည်လို့ ဘိုးမာန်ကိုပါ ခေါ်သွားမှာ၊ ဝယ်ဖြစ်သွား

ဘိုးမာန်နဲ့အလင်း အဲဒီခြံမှာ ပြောင်းနေရမှာတဲ့''



www.burmeseclassic.com

www.burmeseclassic.com



အလင်း ရင်ထဲ ဘာကြောင့်မှန်းမသိ ဟာလာဟင်းလင်းကြီး ရမယ်''

ဖြစ်သွားသလို ခံစားလိုက်ရသည်။

''ငါတော့ မဝယ်ဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းတယ်၊ ဟော

ချစ်သူ့အသစ်စက်စက်လေးကို မခွဲနိုင်ဘူး''

ပြောလည်းပြော အလင်း၏ကိုယ်လေးကို ဆွဲ့ခနဲ ဖက်လည်း လိုပါ''

ဖက်၏။

''သားချော အဲလိုမလုပ်ပါနဲ့၊ အလင်း မကြိုက်ဘူး''

''ကိုယ့်ချစ်သူပဲ၊ ဒီလောက်လေးဖက်တာ ဘာဖြစ်လဲ၊ အဲ

လောက်ထိ မတွန့်တိုစမ်းပါနဲ့ အလင်းရာ''

''အို ဟင့်အင်း အလင်းမှ သားချောကို မချစ်တာ၊ အလင်

အခြေအနေက ရည်းစားထားပြီး ချစ်သူနဲ့ကြည်နူးရမယ့်အခြေအ

မဟုတ်ဘူး သားချောရယ်၊ အလင်းကို နားလည်ပေးပါ''

အလင်း၏အသံလှိုင်းလေးတွေက တိုးရှသိမ်ဝင်နေသ

အလင်း၏အနာဂတ်တွေမှာ မရေရာခြင်းတွေကသာ ပြည့်သိပ်မှုန်

နေတာမို့ ရင်ခုန်သံကို ဦးစားပေးနေ၍ မဖြစ်။

''ဘာတွေအဲဒီလောက် သတ္တိကြောင်နေရတာလဲ အလင်း

အလင်း မျက်စိပြန်မြင်ရအောင် ငါလည်း အတတ်နိုင်ဆုံး ဝိုင်းပြီး

ပေးမယ်၊ ပြီးရင် အဘိုးဆန္ဒအတိုင်း အလင်း တက္ကသိုလ်ကျောင်းသူ





သားချော စကားကြောင့် အလင်း ခပ်တိုးတိုးရယ်သည်။

''ဘာရယ်တာလဲ''

''သြော် အလင်းကို ပျားရည်နဲ့ဝမ်းချပြီး ချွေးသိပ်နေတယ်

''မဟုတ်ဘူး တကယ်ပြောတာ၊ အလင်း မျက်စိမြင်ကို ပြန်

မယ်၊ ငါ ကတိပေးတယ် အလင်းရယ်''

''အလင်းကတော့ မမျှော်လင့်ရဲပါဘူး သားချောရယ်၊ အလင်း

စိတွေ ပြန်မြင်ဖို့ ကံပါရင် မြင်ရမှာပဲ၊ ကံမပါရင်တော့ ဒီတစ်သက်

ရဘူးပေါ့၊ နောက်ပြီး အလင်း မျက်စိက ပြန်မြင်မယ် မမြင်ဘူးဆို

လည်း မကိုန်းသေသေးဘူးလေ၊ ကဲ သားချောလည်း သွားတော့လေ၊

ကြာ ကြီးကြီးတို့ တွေ့သွားရင် မကောင်းဘူး''

''မတွေ့ပါဘူး ခုလောက်ဆို သွားတောင်သွားကြလောက်ပြီ၊

ငါ အလင်းတို့ဆီမှာ ထမင်းစားမယ် ဖြစ်လား''

အလင်း မျက်ဝန်းလေး ဝိုင်းစက်သွား၏။

''အို ဒီနေ့ အလင်းတို့ဆီမှာ ဘာဟင်းမှမကောင်းဘူး၊ ငါး

ကြော်နဲ့ ခရမ်းချဉ်သီးငါးပိချက်ပဲချက်တာ''

''ဘာ ကြိုက်တယ် ငါက အဲဒီလိုစားချင်တာ၊ ပြောရင်းနဲ့တောင်



www.burmeseclassic.com

www.burmeseclassic.com



ဗိုက်ကဆာလာပြီကွာ၊ မနက်ကတည်းက အိပ်ရာထနောက်ကျလို့ ဘာ
မစားရသေးဘူး"

"ဟင် ဟုတ်လား ဒါဆို အလင်းလည်း ခုပဲစားတော့မ
ခဏလေးနော် အလင်း ထမင်းပွဲပြင်ပေးမယ်"

အလင်း ထိုင်နေရာမှ ဖြည်းညင်းစွာ ထလိုက်ပြီး မီးဖိုခန်းဘ
ဆီသို့ လျှောက်လာလိုက်၏။ သားချောပါ အလင်းနောက်မှ လိုက်ဝင်
သည်။

"အလင်း နှစ်ယောက်စာကို တစ်ပန်းကန်ထဲ ပေါင်းထည့်လို
ကွာ အတူတူစားကြရအောင်"

သားချော စကားကြောင့် အလင်းရင်ထဲ နွေးခနဲ ဖြစ်သွားသ

"အလင်းနဲ့အတူ စားရမှာ မရှိဘူးလား"

သားချော အလင်း၏အမေးကြောင့် ဟက်ဟက်ပက်ပက် ရ
သည်။ အလင်း ရှက်နွေးနွေးလေးဖြင့် ခပ်တိုးတိုးရယ်သည်။

"အလင်းရယ် ကိုယ် သိပ်ချစ်တဲ့ကောင်မလေးနဲ့ ထမင်းအ
စားရမယ့်အရေး ဘယ်လောက် သန့်ပြန့်နွေးထွေးလိုက်သလဲ၊ ခုချိန်
အလင်းမျက်နှာ မသစ်ရသေးတဲ့ ပါးစပ်နဲ့ ငါ့ကို ထမင်းဝါးခွံ့ဦးမလ
ငါကတော့ စားမှာပဲ မရှိဘူး"

"ဟယ် ညစ်ပတ်တယ်တော့ သားချော၊ ဘာတွေလျှောက်ပြေ





ဘာလဲ တော်ပြီ မပြောနဲ့တော့"

အလင်း ရယ်သံနှောသောအသံလေးဖြင့် ဆက်မပြောဖို့ တား
ချစ်သူ၏ရယ်သံလေးက သားချော၏နားထဲသို့ ချိုလွင်စွာစီးဝင်သွား
အလင်း၏မျက်နှာလေးကို ငေးခနဲ စိုက်ကြည့်လိုက်သည်။

အလင်းကို သားချော မြတ်နိုးရသည့်အကြောင်းရင်းထဲတွင်
င်း၏အပြစ်ကင်းစင်သော အမူအရာလေးတွေနှင့် လှုပ်ရှားသွားလာ
တွလည်း ပါသည်။ အလင်း၏မျက်နှာလေးမှာ ဟန်ဆောင်မှုကင်း
ကာတိရိုးသားရှင်းသန့်နေ၏။

အလင်းနှင့်ခုလို အနီးကပ်နေလေ အလင်းအပေါ် အထူးသဖြင့်
င်း၏ချို့ယွင်းချက်အပေါ် တစိုးတစိမျှ စိတ်ပျက်ခြင်းမရှိဘဲ ပို၍ပင်
နှီးတွယ်မက်၍လာသည်။

ထို့နောက် ကြည်နူးခြင်း ရင်ခုန်ခြင်းတွေကို ထွေးပွေ့လျက်
င်းတစ်ပန်းကန်ကိုရှေ့ချပြီး ချစ်သူနှစ်ဦး ခေါင်းချင်းဆိုင်၍ အတူစား
ကြသည်။ သားချော ထမင်းလုပ်လေးတွေကို အလင်းကို တယုတယ
သည်။ အလင်းကလည်း မမြင်မစမ်းနှင့် သားချောကို ပြန်ခွံ့ပေးနေ
ထမင်းလုပ်က ပါးစပ်ထဲတန်းမရောက်ဘဲ ပါးကိုချော်ချော်ပြီး
၍ သားချော ရယ်၍မဆုံး။

"အလင်း"



www.burmeseclassic.com

www.burmeseclassic.com



''ရှင်''

''ကိုယ့်ကို ချစ်သွားပြီလား''

အလင်း၏လက်ကလေးကို တယုတယ ဆုပ်ကိုင်ပြီး မေး
သည်။ အလင်း ချက်ချင်းပြန်မဖြေသေးဘဲ မျက်လွှာကိုချ ခေါင်း
ကာ တွေတွေလေး စဉ်းစားဟန်ပြုနေ၏။

အမှန်တော့ အလင်း သားချောကို မချစ်ဘူးဟုသာ ဖွင့်
နေတာ အလင်း၏နှလုံးသားက ထိုငြင်းဆန်မှုနှင့် ဆန့်ကျင်ဘက်
သားဆန္ဒကိုသာ ဖွင့်အတင်း အလိုလိုက်ခဲ့မယ်ဆိုလျှင် အလင်း
ချောကို ချစ်ပါတယ်ဟု မကွယ်မဝှက်တမ်း ပြန်ဖြေမိမှာပါ။ နှ
အလင်းမှာ ထိုသို့သော အင်အားမျိုးမရှိ။

''အဲဒီအမေးအတွက် အလင်းမှာအဖြေမရှိသေးဘူး သာ
ရယ်''

''ကျွတ် ဒီလောက်အထိ ရင်းနှီးနေပြီးမှ ဘာကိုငြင်းနေ
အလင်းရာ၊ ကိုယ် အလင်းကို ဟောဒီရင်ဘတ်ထဲကနေပြီး နှစ်နှစ်က
ချစ်နေတာနော်''

အလင်း၏လက်လေးတစ်ဖက်ကို ဆွဲကိုင်ကာ သူ့ရင်ဘ
တဘုန်းဘုန်း ပုတ်ခတ်လျက် ရင်ထဲက ခံစားချက်အမှန်ကို ဖွင့်လ
ဖွင့်ဟာဝန်ခံ၏။





အလင်း သိပါသည်။ သားချော အလင်းကို တကယ်ချစ်တယ်
ဆိုတာ အလင်းမသိဘဲနေမည်လား။ နှလုံးသားခြင်းထိစပ်ပြီး တစ်ယောက်
နှင့်ခုန်သံကို တစ်ယောက်နားစွင့်ပြီးမှတော့ သားချောအချစ်ကို မယုံတူး
ဆိုတာ အဓိပ္ပာယ်မှမရှိဘဲ။

တကယ်တမ်း အဓိပ္ပာယ်ရှိနေတာက အသင်းတို့ မြေးအဘိုးရဲ့
ချုပ်တည်းမှု အလင်းသာ သားချောနဲ့ချစ်သူဖြစ်ကြည့် ကြီးကြီးတို့
သာတို့က အလင်းတို့မြေးအဘိုးကို ကျေးဇူးကန်းတဲ့သူတွေဆိုပြီး ဒီ
ကြီးမှာထားတော့မည်မဟုတ်။

ဒီလိုဆို အဘိုးမှာ အလင်း၏ မဆင်ခြင်မှုကြောင့် တစ်ပါးသူ
ပြောအဆိုကို ပိုးစိုးပက်စက် ခံရပြီး နောက်ထပ်နေစရာတစ်ခုနှင့်
လုပ်သစ်ကို ထပ်ရှာရဦးမည်။ တွေးကြည့်ရုံနှင့်ပင် အဘိုး၏သောကတွေ
အတွက် ရင်ထဲမှာမချို။ စောစောက ချစ်သောသူနှင့်အတူစားနေသော
သင်းတွေပင် အရသာမသိနိုင်တော့လောက်အောင် ရင်မှာ ပြင်းစွာသော
နှိပ်မှုတွေက အလုံးအရင်းနှင့် တိုးဝင်လာသည်။

''အလင်း ကံကောင်းထောက်မလို့ မျက်စိပြန်မြင်ခွင့်ရရင် သား
ချောလိုချင်တဲ့အဖြေကို အလင်းပေးပါ့မယ်၊ ခုချိန်မှာတော့ အလင်း
ပြပါရစေနဲ့ သားချောရယ်၊ အလင်းကို သားချော နားလည်ပေးပါနော်''

သားချော စားလက်စ ထမင်းကို ဆက်မစားဘဲ လက်ဆေးရည်



www.burmeseclassic.com

www.burmeseclassic.com



ဖလုံထဲကို လက်နှစ်ဆေးလိုက်ပြီးသည်နှင့် အလင်း အဆင်သင့်ချ
သော ဆပ်ပြာမွှေးဖြင့် နောက်တစ်ကြိမ် ပြန်ဆေးလိုက်သည်။

ပြီးနောက် လက်သုတ်ပဝါဖြင့် လက်ကိုစင်အောင်သုတ်ပေ
သည်။ သားချောပုံစံက စိတ်နှင့်လူနှင့်မကပ်သူလို လှုပ်ရှားမှုတွေ
အေးတိအေးစက်နိုင်လွန်းနေ၏။

အားလုံးပြီးတော့ အလင်း၏ပခုံးစွန်းနှစ်ဖက်ကို ခပ်တင်းတ
ဆုပ်ကိုင်ကာ

"အလင်း မျက်စိမြင်ရတဲ့နေ့ ကိုယ့်ချစ်သူဖြစ်တဲ့နေ့လို့ ကိုယ်
ကတိပေးမလား၊ ဒါဆို ခုအခြေအနေမှာ အလင်း မပေးနိုင်သေ
အချစ်ကို ဖွင့်အတင်း မတောင်းခံဘူး"

ကိုယ့်အချစ်ကို လေးလေးနက်နက် တောင်းခံနေသော သ
ချောကို အလင်းထပ်ပြီး ငြင်းဆန်ခြင်းမပြုလိုတော့။

"အလင်း မျက်စိသာ ပြန်မြင်ခွင့်ရလျှင် အလင်း အတွေ
ဆုံးလူဟာ သားချောကလွဲပြီး ဘယ်သူများဖြစ်နိုင်ဦးမှာလဲ၊ အဲဒီအ
ရောက်ရင် သားချောလိုချင်တဲ့အဖြေမျိုး အလင်း ပေးနိုင်မှာပါ"

"ကောင်းပြီ အလင်း ကိုယ် အလင်းမျက်စိ အမြန်ဆုံးပြန်
အောင် ကြိုးစားမယ်၊ ပြီးရင် အလင်းကို လက်ထပ်မယ်၊ ကိုယ်တ
ကျန်သေးတဲ့ အနာဂတ်ကို နှစ်ယောက်အတူလက်တွဲပြီး လျှောက်ကြမ





အနာဂတ်အတွက် ဘယ်သောအခါမှ မပြောင်းလဲသော ဆုံး
ဖြတ်ချက်တွေနှင့် သားချော ကတိတွေ အထပ်ထပ်ပေး၏။

ရင်မှချစ်ခြင်းတရားများသည် မှသားကင်းစင်ကြပါ၏။ ထိုသစ္စာ
တရားမှန်ကန်ပါက အလင်းရဲ့မျက်လုံးတွေ အမြန်ဆုံး ပြန်မြင်ရပြီး
ချစ်သူမျက်နှာကို တရှိုက်မက်မက် ငေးမောခွင့်ရရပါစေသား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

ညခုနစ်နာရီပဲရှိသေးသည်။ သားချောတစ်ယောက် ဒယ်
မာမီ မြင်သာအောင် ဘုရားခန်းထဲတွင် တရားထိုင်ပြနေလိုက်သ

တရားက မိတစ်ချက် မမိတစ်ချက်။ မာမီတို့ရှေ့မှာ ဟ
ပြသည်ဆိုပေမယ့် သားချော ဘုရားရှိခိုး တရားထိုင်တော့ တကယ်
ထဲမှနစ်၍ထိုင်ခြင်းဖြစ်သည်။

တစ်ခါတလေ အာရုံထဲသို့ အလင်း၏မျက်နှာ လှလှ
ပေါ်လာရုံကလွဲ၍ ဝင်လေထွက်လေကို ခပ်မှန်မှန်လေး ရှုမှားမိ

ထိုစဉ် ဘုရားခန်းထဲသို့ ဝင်လာသော ခြေသံတချို့ကို သာ
ကြားလိုက်သည်။ သို့သော် လုံးဝမလှုပ်မယှက် ခါးကိုမတ် တင်ပလ





ိုင်လျက် တကယ့်တရားထူး တရားမြတ် ရနေသည့်ပုဂ္ဂိုလ်မျိုး တခြားသူ
ာမြင်လျှင် သားချောကို တော်တော်လေး အထင်ကြီးလေးစားသွားမှာ
သချာသည်။

ထိုင်နေရင်း ထိုင်နေရင်းဖြင့် သားချော၏ခန္ဓာကိုယ် ဟိုနေရာက
ိုက် ဒီနေရာကနာနှင့် ခန္ဓာကိုယ်ပေါ်မှ ဝေဒနာတွေက စပြလာသည်။
ိုင်နေသည်မှာ နာရီဝက်ကျော်လာ၍ ဖြစ်သည်။ သားချော နာတဲ့နေရာ
ို နာသည်ဟုမှတ် ကျဉ်တဲ့နေရာကို ကျဉ်တယ်ဟုမှတ်ဟု ကိုယ့်စိတ်ကိုယ်
န်ပြီး သတိကပ်နေရ၏။

နောက်ဘက်မှ ခပ်တိုးတိုးကြိတ်ရယ်သံ ကြားရသည်။

သားချော တရားဖြုတ်လိုက်သည်။ ဆက်ထိုင်၍လည်းမရတော့။
ာတအထိုင်ကြာ၍ ခါးတွေပင် နာကျင်လာသည်။

ဘုရားဝတ်ပြုပြီးတာနှင့် အနောက်ဘက်ကို လှည့်ကြည့်လိုက်
ာ့ သီဟဇော်နှင့်မင်းမြတ် ပြုံးဖြီးဖြီး အမူအရာနှင့် သူ့ကိုဝိုင်းလှောင်
ကြသည်။

"ခိုင်ခန့် မင်း ဘာအကွက်တွေ ရွှေ့နေပြန်ပြီလဲ၊ ဘုရားစာ
ောင် ဘယ်ဟာမှ အလွတ်မရတဲ့ကောင်က ဝိပဿနာတရားတွေ ဘာ
ွေမှတ်လို့ပါလား"

"ဒီလိုပေါ့ကွာ မင်းတို့လို အကုသိုလ်တုံးတွေနဲ့ အချိန်ဖြုန်းနေ



www.burmeseclassic.com

www.burmeseclassic.com



ရင် ငါ့အတွက်အချိန်သာကုန်မယ်၊ ဘာအကျိုးမှရှိလာမှာ မဟုတ်

ဒါကြောင့် တရားရှာကိုယ်မှာတွေ့ဆိုသလို ငါ့မှာသာငါတစ်ယောက်တ

တရားမမွှရှာမှီးရတာ ဘယ်လောက် အကုသိုလ်ကင်းလိုက်သလဲ"

သားချော လေကြီးမိုးကြီးဖြင့် သီဟဇော်တို့ကို နှိပ်ကွပ်နေသ

သီဟဇော်နှင့် မင်းမြတ် ခပ်တိုးတိုး ကျိန်ဆဲလိုက်သည်။

သားချော ဒေါသထွက်နေသော သူငယ်ချင်းနှစ်ယောက်

ကြည့်ပြီး သဘောကျစွာဖြင့် ရယ်လိုက်သည်။

"ကဲ မင်းတို့ အကုသိုလ်ကောင်တွေနဲ့ ဘုရားခန်းက မတ

လာ ခြံထဲကိုသွားမယ်"

သားချော ဘုရားခန်းထဲမှ သူငယ်ချင်းတွေကိုခေါ်ပြီး ခြ

ဆင်းခဲ့လိုက်၏။ အိမ်ပေါ်မှာ စကားပြောလျှင် မလွတ်လပ်၍ ခြံထဲဆ

ကြခြင်းဖြစ်သည်။

"မင်း ခုတလော အိမ်ထဲမှာ ခွေနေတာ အကြောင်းရှိလို့

နိုင်ခန့်"

မြွေမြွေချင်း ခြေမြင်ဆိုသလို သားချော ဘာကြောင့် သူတ

ညဘက်တွေမှာ လာမပူးပေါင်းရသလဲဆိုတာ သီဟဇော်နှင့်မင်းမြ

အဖြေရှာမတွေ့သေး။

"ငါ အိမ်မှာနေရင် ငါ့ရင်ခုန်သံတွေက အရမ်းသာယာ





ာင်းတယ်ကွာ ဖြစ်နိုင်ရင် ငါက အိမ်ကနေတောင် ခြေတစ်လှမ်းစာ

င်တာ မဟုတ်ဘူး၊ အရှင်းဆုံးပြောရရင် ကျောင်းတောင် မလွှဲသာလို့

တတ်နေတာ"

သားချော အုတ်နံရံကိုမှီကာ သူငယ်ချင်းတွေကို ကြွားဖို့ အရှိန်

၏။ မဖြစ်လို့သာပြောပြရမှာ ဒီကောင်နှစ်ကောင်က ထဘီမြင်ရင်

န်တဲ့ကောင်တွေ ကိုယ့်နှလုံးသားမှာ ရှားပါးစွာပွင့်လာတဲ့ ပန်းကလေး

သုတ်မကြွားချင်ပေမယ့် မကြွားဘဲနှင့်လည်း မနေနိုင်။

"မင်း ဘာတွေ ဂွင်မိနေလဲ ဟေ့ကောင် ပြောစမ်းပါဦး"

"ငါ့ မကြာခင် ချစ်သူရတော့မယ်ကွ"

"ဘယ်က ကောင်မလေးလဲ၊ လန်းရော လန်းရဲ့လား"

သီဟဇော် အငမ်းမရမေး၏။

"မင်းကလည်း၊ နိုင်ခန့်ဆိုတဲ့ကောင်က အကောင်ကြိုက်တဲ့

င်ပဲ၊ မလန်းဘဲနဲ့တော့ သူက ရင်ခုန်မလားကွ"

မင်းမြတ်စကားကြောင့် သားချောမှာ အလင်း မျက်စိမမြင်တာ

ဘယ်လိုစ၍ ပြောရမှန်းမသိတော့။ အလင်း မျက်မမြင်လေးဆိုတာ

င် သားချောကို ဝိုင်းဟားကြမှာ ကျိန်းသေသည်။

"လောကမှာ ငါ့ကောင်မလေးလောက်လှတာ ရှိပါဦးမလားလို့

လောက်အောင်ကို လှတာကွ"



www.burmeseclassic.com

www.burmeseclassic.com



"နိုင်ခန့်တို့ကတော့ စကြွားပြီ၊ ဒါဆို ငါတို့နဲ့ မိတ်ဆက်ပေးရေ
ငါတို့ကိုယ်တိုင် မျက်စိနဲ့တပ်အပ်မြင်မှ မင်းကောင်မလေး လှ မလှ
အသိအမှတ်ပြုပေးမယ်"

"သမီး အလင်း အလင်းရေ"

ဘိုးမာန်၏အသံကြောင့် သားချောနှင့်အတူ သီဟဇော်နှင့်မ
မြတ် ကိုဒေါင်ဘက်သို့ လှည့်ကြည့်လိုက်ကြသည်။

သားချောခုံတန်းမှာ ထိုင်နေရာမှ ဆတ်ခနဲ ထလိုက်ပြီး ဘိုးမ
ဆီသို့ လျှောက်သွားလိုက်၏။

"ဘိုးမာန် အလင်း ဘယ်သွားလို့လဲ"

"မသိဘူး သား၊ မြေးများရှိမလားလို့ ထွက်ခေါ်တာ"

"မရှိဘူး ကျွန်တော်တို့ ဒီမှာထိုင်နေတာ အလင်းကို မတွေ့
ဘူး အဘိုး"

အလင်း ပျောက်နေသည်ဆို၍ သားချော စိတ်ပူကာ မျာ
ခတ်သွားသည်။

ခြံထဲအနှံ့ပတ်ရှာသည် မတွေ့။ နောက်ဆုံး အိမ်ကြီးပေါ် 
တက်ပြီး မာမီအခန်းသို့ ခပ်သွက်သွက် လျှောက်သွားလိုက်သည်၊

သီဟဇော်နဲ့မင်းမြတ် သားချော ပျာယာခတ်နေပုံကိုကြည်
သူတို့နားမလည်နိုင်ဖြစ်နေကြသည်။





သားချော မာမီ့အခန်းတံခါးကို ခေါက်သည်။ မာမီ့အခန်းတံခါး
...ဘာသည်။

"ဘာကိစ္စလဲ သား"

မာမီ့ရှေ့မှာမို့ သားချော မျက်နှာစိုးရိမ်ပူပန်စိတ်တွေကို ဖျောက်
... မကျေနပ်သော အရိပ်တွေကို မျက်နှာပေါ် တင်လိုက်ပြီး ခပ်တင်း
... အမူအရာဖြင့်

"ဟိုတစ်ယောက် မာမီ့အခန်းထဲမှာလား"

"ဘယ်တစ်ယောက်လဲ သား"

"အလင်းကြည်ကို ပြောတာ၊ ဟိုမှာ သူ့အဘိုးက လိုက်ရှာနေ
...ယ် သူငယ်ချင်းတွေနဲ့ စကားပြောတာတောင် ဖြောင့်အောင်မပြောရ
... ဘကယ် အနှောင့်အယှက်ပေးလွန်းတယ်၊ မျက်စိမမြင်လည်း မမြင်
...နေပေါ့၊ မိုးချုပ်မှ ဟိုသွားဒီသွားနဲ့ ကြည့်လို့ကို မရဘူး"

ဒေါသဖြင့် ငေါက်ဆတ်ဆတ်ပြောနေသော သားချောပုံစံကို
...ပြီး အလင်းကို သားချော စိတ်မဝင်စားဘူးဆိုတာကို ဒေါ်ခင်သစ္စာ
...င်းကောင်းကြီး ရိပ်မိလိုက်သည်။

"ဩော် သားရယ် တစ်နေရာရာမှာရှိမှာပါ၊ မဝေရော မဝေ
...ထဲမှာများလား"

"မသိဘူး မာမီ၊ သား သွားကြည့်ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



သားချော မာမီ့ရှေ့မှ ဒေါ်ကြီးမောကြီးနှင့် ထွက်လာလိုက် သီဟာဇော်နှင့်မင်းမြတ်က ဒေါ်ဝေအခန်းသို့ လျှောက်မလိုက်တော့ ညှိခန်းထဲမှာ ထိုင်စောင့်နေကြ၏။

ဒေါ်ဝေ့အခန်းရှေ့ရောက်တော့ သားချော အခန်းတံခါး ဝုန်းခနဲ ဖွင့်လိုက်သည်။

အလင်း ဒေါ်ဝေကို နှိပ်ပေးနေရင်းမှ တံခါးဖွင့်သံကြော မမြင် ရဘဲနှင့် ကိုယ်လေး ဆတ်ခနဲ တုန်သွားသည်။

သားချော အလင်းကိုတွေ့လိုက်ရ၍ စိတ်အေးသွားပေမ မြင်ရသော မြင်ကွင်းက ဒေါသဖြစ်ချင်စရာ။

အခန်းထဲ အမြန်ဝင်လိုက်ပြီး ဒေါ်ဝေ့ကို ခပ်ကျုံ့ကျုံ့လေး ပြီး နှိပ်ပေးနေသော မြင်ကွင်းက သားချောအဖို့ စိတ်ဆိုးဒေါသဖြစ် စရာကောင်းနေ၍ ဒေါ်ဝေ့ကိုနှိပ်ပေးနေသော အလင်းလက်ကို ဖျတ် ဆောင့်ဆွဲလိုက်ပြီး

"ဒီမှာ ရွာဘုံကျွန်လုပ်မနေနဲ့ အလင်း၊ ဘိုးမာန် လိုက်ရှ တယ်၊ ဒေါ်ဝေ နောက်ကို အလင်းကို မခိုင်းပါနဲ့၊ ကျွန်တော် မကြိုက်

"အို ဒေါ်ဝေ ခိုင်းတာမဟုတ်ပါဘူး၊ ဒေါ်ဝေ နေမကောင် အလင်းဖာသာ လာနှိပ်ပေးနေတာပါ"

"အေးပါ သားချောရယ်၊ ဒေါ်ဝေလည်း မနှိပ်ပေးဖို့ပြောပါ





င်းက တားမရလို့သာ ငြိမ်ခံနေရတာ၊ သားချော မကြိုက်ရင် ာ်မခိုင်းတော့ဘူးနော် သား"

ဒေါ်ဝေ့ကို သားချော ဘာမှပြန်မပြောနေတော့ဘဲ အလင်းကို ှင့်ကြီးအောင့်ကြီးနှင့် ဆွဲခေါ်လာသည်။ အလင်းမှာ မမြင်ရသည့် ထဲ သားချော ဆွဲခေါ်ရာသို့ ဖရိုဖရဲ ခြေလှမ်းတွေဖြင့် လိုက်ပါလာ

"သားချော နေပါဦး အရမ်းမဆွဲပါနဲ့၊ အလင်း ချော်လဲလိမ့်

ဒီတော့မှ သားချော အလင်းကို ဇွေ့ခနဲ ပွေ့ချီလိုက်သည်။

"အို သားချော သူများတွေ မြင်ကုန်မယ်၊ အောက်ချပေးပါ

ပါ"

"စကားမများနဲ့ ငြိမ်ငြိမ်လိုက်ခဲ့"

လေသံခပ်မာမာဖြင့်သာ တုံ့ပြန်ပြောဆိုပြီး သားချော အိမ်ရှေ့ မဖြတ်ဘဲ မီးဖိုခန်းတံခါးကနေ ဂိုဒေါင်ဆီသို့ ခေါ်လာလိုက်သည်။ ဂိုဒေါင်နားရောက်မှ အလင်း၏ကိုယ်လေးကို အောက်ချလိုက်၏။ အလင်းမျက်ဝန်းမှ မျက်ရည်တွေ ဝေ့တက်လာသည်။

"နောက်တစ်ခါ မင်း ဘယ်သူ့ကိုမှ နှိပ်ပေးစရာမလိုဘူး၊ မင်း ချိန်မှာ ငါ့ဇနီးဖြစ်ရမယ့်မိန်းကလေး တစ်ယောက် လူတကာကို



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး အောက်ကျို့စရာမလိုဘူး။ ဒေါ်ဝေကိုနိုင်ပေးတာ ဒီတ
နောက်ဆုံးဖြစ်ပါစေ''

သားချော ဒေါသတွေဖြင့်ပေါက်ကွဲပြီး အလင်းရှေ့မှ ခ
လှည့်ထွက်ခဲ့၏။

အလင်းနေရာမှာတင် တွေတွေလေးရပ်ပြီး ကျန်ခဲ့၏။

အမှောင်ထဲမှာဆိုတော့ အလင်းကို ဘယ်နေရာမှာချ
ချပေးခဲ့မှန်း အလင်းမသိသဖြင့် စမ်းတဝါးဝါး ဖြစ်နေသည်။

ဘိုးမာန် အလင်းပခုံးလေးကို ဆုပ်ကိုင်ပြီး လာရောက် 
၏။

''မြေး လာ လာ အဘိုးတို့ အခန်းပြန်ကြမယ်''

''ဟုတ်ကဲ့ ဘိုး''

သားချော ပြောခဲ့တာတွေကို ဘိုးမာန် အကုန်ကြားခဲ့
မြေး၏အနာဂတ်အတွက် ဝမ်းသာရမည်လား။ ဝမ်းနည်းရမည်
ဘိုးမာန် ဝေခွဲ၍မရ။

သို့သော် လုပ်ဖို့ကတော့ မဖြစ်နိုင်။ ဘိုးမာန်တို့ မြေး
အတွက် ဂြိုဟ်ဆိုးဝင်တာလဲဖြစ်နိုင်သည်လေ။

မြေးလေး မျက်စိမကုရမချင်း ဘိုးမာန် ဘယ်လိုပြေသ
ကိုမှ ရင်မဆိုင်ချင်။





ဘိုးမာန် အလင်းကိုတွဲခေါ်ရင်း သက်ပြင်းမောကို ဟင်းခနဲ
ချလိုက်သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မြေးအဘိုးနှစ်ယောက် မနက်စောစော ထမင်းကြမ်းနှင့်

ကိုသာ ဆီစမ်းပြီး စားလိုက်ကြသည်။

ရသမျှငွေလေးကို ချေတာပြီး အပိုထွက်အောင် ဘာမှမ

ဖြင့် ဘိုးမာန် မြေး၏မျက်စိကုဖို့ ငွေကြေးလေး အတော်အသင့်

စုမိနေ၏။

''သမီးရေ သမီးအတွက် အဘိုး ပိုက်ဆံစုထားတာ ဘာ

သုံးသိန်းတောင် ကျော်နေပြီကွ''

အဘိုးက ဝမ်းသာအားရ ပြောနေပေမယ့် အလင်းက

မပျော်နိုင်။ ဒီလို ပိုက်ဆံသုံးသိန်းလောက် စုမိလာအောင် အဘိုး





အင်အားတွေ ဘယ်လောက်ထုတ်သုံးခဲ့ရသလဲဆိုတာ အလင်း

နိုင်ပေမယ့် စိတ်မှန်းဖြင့်တော့ သိနိုင်၏။

''သမီးကို မျက်စိကုဖို့ ဘယ်လောက်ကုန်ကျမလဲမသိတော့

သား၊ အဲဒီကိစ္စကျတော့လည်း အဘိုး ပေါက်ပေါက်ရောက်ရောက်

ညနေကျမှ မောင်မြတ်ကိုကို မေးကြည့်တော့မယ်၊ ဘယ်ဆေးရုံ

ရတယ်၊ ဘယ်ဆရာဝန်နဲ့ကုရမယ်၊ ဘယ်လောက်ကုန်ကျမယ်ဆို

''

''ဘိုးမာန် အလင်းမျက်စိပြန်မြင်ရရင်လေ ဘိုးလုပ်မယ့်အလုပ်

လုပ်ကူမှာ၊ ဒီမျက်စိကို ကုရင်မြင်မယ်ဆိုတာ ကျိန်းသေလားဟင်

''

မျှော်လင့်ချက် မဝံ့မရဲလေးဖြင့် မေးလိုက်သော မြေးကိုကြည့်ပြီး

စိတ်မကောင်း။ မျက်စိခွဲစိတ်ကုလျှင် အောင်မြင်မည် မအောင်

ဆိုတာ ဘိုးမာန် ဘယ်လိုအတတ်ပြောနိုင်မည်လဲ။ သို့သော် မြေး

တော့ မျှော်လင့်ချက် မက်လုံးတွေ ပေးချင်သည်။

''ပြန်မြင်မှာပေါ့ မြေးရဲ့၊ ဘိုးမြေးရဲ့မျက်စိ ပြန်ကိုမြင်ရမယ်''

အလင်းမျက်နှာလေး မျှော်လင့်ချက်တွေဖြင့် လင်းထိန်သွား

''ကဲ ဘိုးမာန် ပန်းမျိုးပေါက်တွေ သွားခွဲရဦးမယ်''



www.burmeseclassic.com

www.burmeseclassic.com



ဘိုးမာန် အငွေ့တထောင်းထောင်းထနေသော ရေနွေးကြမ်
မှုတ်သောက်လိုက်ပြီး သဘက်ကြမ်းလေးကို လှမ်းယူကာ ပခုံးပေါ်
လိုက်သည်။

"မြေး ဘာအလုပ်မှ လျှောက်လုပ်မနေနဲ့နော်၊ မနေ့ညက
မပြောမဆိုနဲ့ အိမ်ကြီးပေါ်တက်မသွားနဲ့ဦး"

"ဟုတ်ကဲ့ပါ ဘိုးရဲ့၊ အလင်း မတက်တော့ပါဘူး"

အလင်း စားပွဲဝိုင်းပုပုလေးပေါ်မှ ဘိုး စားသွားသည့် ထ
ပန်းကန်ကို လက်ဖြင့်အသာစမ်းကာ လှမ်းယူရင်း အပြုံးလေးဖြင့်
လိုက်သည်။

"အေး အေး ဘိုး စိတ်ချမယ်"

ဘိုး ပြောပြောဆိုဆိုဖြင့် ထိုင်ရာမှ ထရပ်လိုက်သည်။ ရုတ်
ရက် ဘိုးမာန် ခေါင်းတွေ မိုက်ခနဲ ဖြစ်သွားသည်။

ယိုင်နဲ့သွားသော ခန္ဓာကိုယ်ကို ဘုန်းခနဲ လဲမကျ
သစ်သားတိုင်ကို လှမ်းဆွဲထားလိုက်၏။

"အား ကျွတ် ကျွတ်"

ဘိုးမာန်၏ညည်းသံသဲ့သဲ့ကြောင့် အလင်း မျက်နှာလေ
ပင့်မော့လျက် မျက်နှာပေါ်သို့ ရုတ်ချည်းဆိုသလို စိုးရိမ်စိတ်တွေ ထ
ပေါ်သွားကာ





"ဘိုး ဘာဖြစ်တာလဲဟင်၊ ဘာနဲ့ထိမိသွားလို့လဲ"

"မြေးရယ် ဘိုး ခေါင်းထဲမိုက်ခနဲဖြစ်ပြီး မျက်လုံးတွေ ပြာသွား
ခင်ထဲမှာ မကောင်းလိုက်တာ"

ဘိုးမာန် အသံက မောဟိုက်သံပါနေသည်။ ဝေဒနာ ခံစားနေ
အလင်း ကြားရုံဖြင့်သိနိုင်သည်။ အလင်းရင်ထဲ ထိတ်ခနဲ ပူပန်
၏။

အလင်း စိုးရိမ်စိတ်ဖြင့် အဘိုးရှိနေသော နေရာသို့ စမ်းသွား
ပြီး အဘိုး၏လက်ကို ဖမ်းဆုပ်ကာ စိုးရိမ်တကြီးဖြင့် မေးလိုက်

"ဘိုး ဘယ်လိုနေလဲဟင်၊ အလင်း ဘာဆေးယူပေးရမလဲ၊
ဘိုး ခုလောလောဆယ် အလင်း ဘိုးကို အိပ်ရာထဲတွဲပို့မယ်"

"အင်း ဘိုး ခဏလှဲလိုက်ရင် သက်သာသွားမယ်ထင်တယ်
ယ်"

မမြင်မကမ်းနှင့် တွဲပို့ရှာသည့် မြေးလေးကိုကြည့်ပြီး ဘိုးမာန်
တွေကြားထဲမှ စိတ်ထိနိုက်ရပြန်သည်။

ရင်ထဲတွင် နောက်နေသည်က အနေရခိုးလှချေသည်။ သွေး
တာလား၊ အားပဲနည်းတာလား၊ ဘာဖြစ်မှန်းကိုမသိတော့၊ ဝေဒနာ
င့် အသက်သေမှာ မကြောက်ပေမယ့် မြေးလေးအတွက် ပူပန်စိတ်



www.burmeseclassic.com

www.burmeseclassic.com



ကလေးက ဝေဒနာတွေနှင့်အပြိုင် ယှဉ်တိုးပြီးဝင်လာတော့ ရင်ထဲ[...]လေးခနဲ ဖြစ်ရပြန်သည်။

အကယ်၍ သူသာတစ်ခုခုဖြစ်ခဲ့ပါလျှင် မြေးလေးဘဝက မ[...]ရှိစရာ။ တွေးရင်းဖြင့် ရင်ထဲမှာ တလှပ်လှပ်ဖြစ်ကာ ဝေဒနာက [...]လာသည်။

"ဘိုး လှဲနေလိုက်ဦးနော်၊ အလင်း ဘိုး အမူးပြေလို[...] သကြားရေလေး ဖျော်တိုက်မယ်"

ဘိုးမာန် ဖျာကြမ်းလေးပေါ်သို့ ဘေးတစောင်းလေး လှဲချ[...]သည်။ အလင်း အဘိုး ခေါင်းရင်းဘက်တန်းမှ ရှူဆေးဘူးလေ[...] လက်ဖြင့်အသာလှမ်းစမ်းရင်း ယူပေးလိုက်သည်။

"ရော့ ဘိုး ဒီရှူဆေးလေး ရှူထားလိုက်ဦး။ အလင်း သကြား[...] သွားဖျော်လာခဲ့မယ်"

အလင်းအသံလေးတွေက ဘိုးမာန်အတွက် စိုးရိမ်ထူပူ[...] အနည်းငယ် တုန်ခါနေသည်။

ဘိုးမာန် ဘာမှတောင် ပြန်မပြောနိုင်ရှာ။ အိပ်ရာထ[...] ခပ်ငြိမ့်ငြိမ့်လေးလှဲကာ မျက်လုံးကို မှေးမှိတ်ထားလိုက်သည်။

အလင်း သကြားရေကိုဖျော်ရန် ရေအိုးစင်ရှိရာသို့ အသာ[...] လျှောက်သွားပြီး အိမ်နံရံသစ်သားစင်ပေါ်မှ သကြားပုလင်းကို စ[...]



[...]စမ်းကာ လှမ်းယူလိုက်သည်။

သကြားပုလင်းအဖုံးကိုဖွင့်ကာ အသင့်ခပ်ထားသော ရေခွက်ထဲ[...]ို့ မှန်းထည့်လိုက်သည်။ ထို့နောက် မီးဖိုခန်းရှိရာသို့ ပြန်လျှောက်သွား[...] ပန်းကန်စင်မှ ဇွန်းကိုယူကာ သကြားရေကို ဇွန်းဖြင့်ခပ်မွှေလိုက်သည်။

ပြီးမှ သကြားရေခွက်ကိုယူကာ အဘိုး လှဲနေရာအိမ်ရှေ့ခန်းသို့ [...]တိဖြင့် လျှောက်လာလိုက်သည်။

"ဘိုး အလင်း သကြားရေယူလာပြီ၊ သောက်လိုက်ဦး"

အလင်း လှမ်းပေးသော သကြားရေခွက်ကို ဘိုးမာန် တုန်ရီရီ[...]င့် လှမ်းယူသည်။ သို့သော် ဘိုးမာန်၏အင်အားအစုံက သကြားရေခွက် [...]ိုင် နိုင်အောင်မသယ်နိုင်။

သကြားရေခွက်က ကြမ်းပြင်ပေါ်သို့ လွတ်ကျသွားသည်။

အလင်း ခြေထောက်ပေါ် သကြားရေတွေ ဖိတ်စင်ကျကုန်[...]ဖြင့် အလင်းရင်တွေ ထိတ်ခနဲ ခုန်သွားကာ ဘိုးမာန်ကို စိုးရိမ်စိတ်[...]ဖြင့် လှမ်းစမ်း၏။

"ဘိုး ဘိုးမာန်"

ဘိုးမာန်ထံမှ ပြန်ထူးသံမကြားရ၊ အလင်း ခန္ဓာကိုယ်တစ်ခုလုံး [...]ရိမ်စိတ်ကြောင့် တသိမ့်သိမ့် တုန်ခိုက်သွားသည်။

အလင်း အဘိုးကို ခေါ်သည်။ မျက်စိမမြင်ရသည့်မို့ အဘိုး[...]



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုတွေဖြစ်ပျက်နေသည်။ မည်သို့သော ဝေဒနာတွေကို လူးလိုမ့်ခံစားနေရသည့်ဆိုတာကို မသိနိုင် မမြင်နိုင်။

"ဘိုး ဘိုး အလင်းခေါ်နေတယ်လေ၊ အလင်းကို ပြန်ထူပါဦး အလင်း ဝိတ်မှုလှပြီ"

အလင်း ရှိုက်ငိုခြင်းတစ်ဝက်ဖြင့် ဘိုးမာန်၏ကိုယ်ကို လှုပ်ရမ်းပြီး သွေးရူးသွေးတန်းခေါ်လိုက်သည်။

ဘိုးမာန် လုံးဝမကြားနိုင်တော့ပြီ။ အသက်မဲ့သော ဝိညာဉ်က အလင်း၏စိုးရိမ်ပူပင်သောကတွေကို ဥပေက္ခာပြုလိုက်လေပြီ။

ဆောက်တည်ရာမဲ့သွားသော အလင်း တအင့်အင့် ရှိုက်ငိုနေရာမှ အိမ်ကြီးဆီသို့ သွေးရူးသွေးတန်းနိုင်လွန်းသော ခြေလှမ်းတွေဖြင့် မပြင်မစမ်း ထွက်လာလိုက်၏။

ခြံထဲရောက်တော့ ရေဘုံဘိုင်ငုတ်တိုင်ကို တိုက်မိ၍ ဖောအပ်မြန်နေသော ခြေလှမ်းတွေဖြင့် ရှေ့သို့ဟပ်ထိုးလဲကျပြန်သည်။

အလင်း အတင်းကုန်းထသည်။ ဒီအချိန်မှာ နာကျင်ခံစားနေရမှ မဖြစ်။ ပါးပြင်ပေါ်ဆို့ မျက်ရည်တွေက အဆက်မပြတ် ကျဆင်းလာသည်။ ဘိုးမာန်များ တစ်ခုခုဖြစ်နေသလားဆိုသည့် သောကတွေက စိတ်နှင့်ကိုယ် မကာပ်။

တဖန် အုတ်ဘောင်ကို တိုက်မိပြီး တစ်ခါ လဲပြန်သည်။

ဒီတစ်ခါတော့ နွေးထွေးသော လက်တစ်စုံက အလင်း၏လဲကျသော ကိုယ်လေးကို အလိုက်သင့်ဖေးမခြင်း ခံလိုက်ရသည်။

"အလင်း အလင်း ဘာဖြစ်နေတာလဲ"

သားချော အသံကြားတော့ အလင်း ပို၍ သည်းထန်စွာ ရှိုက်ငိုလိုက်၏။

"သား သားချော ကယ်ပါဦး ဘိုးမာန်ကို ကယ်ပါဦး၊ ဘိုးမာန် ဘာဖြစ်မှန်းမသိဘူး ခေါ်လို့မရဘူး"

ကျောင်းသွားမည့်ဆဲဆဲ မထင်မှတ်သော ပြဿနာကြောင့် သားချော အလင်းနှင့်အပြိုင် ဘိုးမာန်အတွက် စိုးရိမ်ပူပန်သွားရ၏။

"လာ လာ အလင်း ကိုယ်တို့သွားကြည့်ကြမယ်"

အလင်းလက်ကို ဆုပ်ကိုင်ပြီး ဂိုဒေါင်ရှိရာဘက်သို့ သားချော အပြေးတစ်ပိုင်းဖြင့် လျှောက်လာပြန်သည်။

အခန်းထဲရောက်တော့ အိပ်ရာထက်တွင် ငြိမ်သက်စွာ လှဲလျောင်းနေသော ဘိုးမာန်ကိုတွေ့လိုက်ရ၍ သားချော ဘိုးမာန်နားသို့ ... တိုးကပ်သွားပြီး နှာခေါင်းဝကို လက်ညှိုးလေးဖြင့် အသာတေ့ကြည့်လိုက်သည်။

ဘိုးမာန် အသက်မရှိတော့တာ သေချာသလောက်ပင်။

အသားတွေက ရေခဲတုံးတစ်မျှ အေးစက်၍နေပြီ။ လက်ဖျံကို

www.burmeseclassic.com



စမ်းကြည့်တော့ သွေးခုန်နှုန်းတစ်စက်မျှ မလှုပ်တော့။ အလင်းကို မငြေ…
ရက်။ သားချော ဘယ်လိုဆင်ခြေပေးရမှန်းမသိအောင် ထူပူသွားက…
ဘိုးမာန် ဘေးမှထဖြီး အဝတွင်သွားရပ်ကာ ခေါင်းတွေကို တဖျင်းဖျ…
ကုတ်နေလိုက်သည်။

သနားစရာကောင်းလိုက်တဲ့ အလင်းရယ်လို့သာ ဖက်ဖက်…
ငိုလိုက်ချင်၏။ အတွေးနှင့်အတူ သားချော မျက်ရည်တွေဝဲတက်က…
ရင်ထဲစို့တက်လာသည်။

''ဘိုး ဘိုးမာန် ထပါဦး၊ သားချော ဘိုးကို ခေါ်ပေးပါဦး၊ ဘ…
ဘာဖြစ်နေတယ်ဆိုတာ ကြည့်ပေးပါဦး သားချောရယ်''

အဘိုးဖြစ်သူ၏ခြေအစုံကို လက်ဖြင့်နှိပ်နယ်ပေးနေရင်း မျ…
ရည်စက်လက်ဖြင့် ပြောနေသော အလင်းကို ဘိုးမာန် သေပြီဟု ဘယ်…
ပြောထွက်ရက်ပါ့မလဲ။

''ကိုယ် ဒယ်ဒီနဲ့မာမီ့ကို သွားခေါ်လိုက်ဦးမယ် အလင်း''

သားချော အသံကိုမတုန်အောင် ထိန်းပြောပြီး အလင်းအ…
မှ ထွက်လာခဲ့လိုက်၏။

အိမ်ကြီးပေါ်ရောက်တော့ မျက်နှာမကောင်းသော သားဖြစ်…
ကိုကြည့်ပြီး ဒေါ်ခင်သစ္စာ ကော်ဖီသောက်နေရင်းမှ လှမ်းမေးလိုက်သည်…

''သားချော မျက်နှာက ဘာဖြစ်နေတာလဲ''



ဦးမြတ်ကိုကပါ ဒေါ်ခင်သစ္စာအမေးကြောင့် ဖြေလာမည့် သား
…၏အဖြေကို စောင့်နားထောင်နေဟန်ဖြင့် သားဖြစ်သူကိုကြည့်လိုက်
…ည်။

''အဘိုးမာန် ဆုံးပြီထင်တယ် ဒယ်ဒီ''

''ဟင်''

''အို ဘုရား ဘုရား''

ဦးမြတ်ကိုရော ဒေါ်ခင်သစ္စာပါ မယုံနိုင်လောက်အောင် အံ့သြ
…ကြသည်။

''ဘယ်လိုဖြစ်တာလဲ သားချော၊ ဒယ်ဒီတို့ကို ရှင်းအောင်ပြော
…''

သားချော စိတ်မျက်လွန်းစွာဖြင့် ခေါင်းမှ ဆံပင်တွေကို လက်
…ယ်ချောင်းဖြင့် ထိုးဖွလိုက်ရင်း လေပူတစ်ချက်ကို ခပ်မြန်မြန်မှုတ်ထုတ်
…က်သည်။

''သားလည်း ဘယ်ကဘယ်လိုဖြစ်တယ် အတိအကျ မသိဘူး
…ဒီ၊ အလင်း အိမ်ဘက်ကို ပြေးလာတာမြင်လို့ ဘာဖြစ်တာလဲ သွား
…ရင်းမှ ဘိုးမာန်ကိုလိုက်ကြည့်ဖြစ်တာ၊ သားထင်တာတော့ ဘိုးမာန်
…သေပြီလို့ ထင်တယ်၊ လုံးဝ မလှုပ်တော့ဘူး''

ဦးမြတ်ကို အခြေအနေကို ထိုင်နားထောင်၍ မမြစ်တော့မှန်း



www.burmeseclassic.com

www.burmeseclassic.com



တွေးလိုက်ပြီး ထိုင်ရာမှထကာ ဂိုဒေါင်ရှိရာဘက်သို့ ခပ်သွက်သွက် ဆ
လာလိုက်သည်။ ဒေါ်ခင်သစ္စာပါ ဦးမြတ်ကိုနောက်မှ လိုက်သွားသည်

စိတ်ထဲမှာ တော်တော့်ရှေလေး ရှုပ်ထွေးသွားသည်။ ဘိုးမာန်
သေရင် အလင်းကြည်က အိမ်မှာသျှောင်တင်နေဦးတော့မှာပေါ့။



## အခန်း (၁၄)

"ကြွပါ ဒေါက်တာ ဒါ ကျွန်တော့်အိမ်က ဥယျာဉ်မှူးပါ၊ အ
ာင်းကြီးကနေ မူးတယ်ဆိုပြီး အိပ်ရာမှာ လှဲအိပ်နေရင်းက ခုလို
သွားတာပါ"

မိသားစုဆရာဝန်ဖြစ်သော ဒေါက်တာလှဦး ရောက်လာသဖြင့်
တ်ကို အခြေအနေအရပ်ရပ်ကို ရှင်းပြလိုက်သည်။

အလင်း အေးစက်တောင့်တင်းနေသော အဘိုး၏ခြေထောက်
 လက်တွေကို ဆောက်တည်ရာမရစွာ နှိပ်နယ်ပေးနေရင်းမှ ဆရာဝန်
 ရောက်လာပြီဆိုသဖြင့် ကိုယ်လေးကို ရို့ကာ နေရာမှဖယ်ပေးလိုက်
ည်။



www.burmeseclassic.com

www.burmeseclassic.com



ဘိုးကို ဆရာဝန်စမ်းသပ်လျှင် ကိုယ့်ကြောင့် အနှောင့်အယှ
မြစ်မှာစိုးရွံ့ဖြစ်သည်။ သားချော ဆရာဝန်၏အတက်ခ်နိုးကော့စ်ကို အဘ
ဘေးတွင် ချပေးလိုက်သည်။

ဆရာဝန် အဘိုး၏လက်ကောက်ဝတ်ကို စမ်းကြည့်ပြီး သူ့လ
မှ နာရီကို ငုံ့ကြည့်လိုက်သည်။ ဘာမှထင်မြင်ချက်မပေးသေး။ ထို့နော
နားကြပ်ကိုထုတ်ကာ အဘိုး၏ရင်ဘတ်ကို နားကြပ်ဖြင့်စမ်းသည
မေးမှိတ် နေသော အဘိုး၏မျက်လုံးအိမ်ကို ဖြဲကြည့်သည်။ ပြီးနော
ခေါင်းကို ခပ်လေးလေး ခါရမ်းလိုက်ပြီး အနားမှာ စိုးရိမ်တ
စောင့်ကြည့်နေ ကြသော ဦးမြတ်ကိုနှင့်ဒေါ်ခင်သစ္စာကို ကြည့်လိုက်သည

"လူနာက လွန်ခဲ့တဲ့တစ်နာရီလောက်ကတည်းက ဆုံးနေ
ဦးမြတ်ကို"

ဆရာဝန်ထံမှ အဖြေစကားကို အလင်း ကြားလိုက်ရခိုက်
အလင်းအတွက်တော့ ကမ္ဘာပြိုသလိုပါပဲ။ လူက ဆောက်တည်ရာမ
ဖြစ်ကာ ရပ်နေသော ခြေအစုံ ဆက်မရပ်နိုင်တော့ဘဲ ကြမ်းပေါ်
ခွေ ခေါက်၍ ထိုင်ချလိုက်သည်။

"အဘိုး အဘိုးဆုံးပြီ ဟုတ်လား"

မျက်ရည်တို့သိုးပိုးပေါက်ပေါက် ကျဆင်းလာကာ တုန်ယင်
သောအသံဖြင့် တိုးဖျော့ဖျော့မေး၏။





မျက်ရည်ပေါက်ကြီးငယ်များ အဆက်မပြတ် စီးကျလျက် အဘိုး
ယ်ပေါ်သို့ မျက်နှာအပ်ချပြီး ကမ္ဘာပျက်မတတ် ငိုကြွေးလိုက်သည်။
သားချော ချစ်သူလေးကို ရင်ခွင်မှာပွေ့ပြီး ချွေးသိပ်ချင်စိတ်
ဘွားဖွားပေါ်လာသည်။ သို့သော် အခြေအနေကမပေး။ ထို့ကြောင့်
ဘ ဆန္ဒကို ရင်ထဲမှာပင် သိမ်းဆည်းကာ အလင်း ငိုကြွေးနေ
ကို မကြည့်ရက်လွန်းစွာဖြင့် ခြံထဲသို့ ဆင်းလာခဲ့လိုက်သည်။

လောကခံဆိုးဆိုတာ မမြင်ရတဲ့နေရာတွေ ခြုံခိုတိုက်ခိုက်နေပါ
ဆိုတာကို သားချော ကောင်းကောင်းကြီး သဘောပေါက်ခဲ့၏။

"အဘိုး အဘိုးရယ်"

အလင်းမှာလည်း အဘိုးမာန်၏ရုပ်အလောင်းကို ဖက်ကာ
သနှင့် ငိုညည်း၍မဆုံး။

"အဘိုးရယ် အလင်းကို ထားခဲ့ပြီလား။ အလင်းကို စိတ်မချ
ခုတော့ အလင်းတစ်ယောက်တည်း ဘာလို့ ထားသွားရတာလဲ
ယ်"

အလင်း ငိုလည်းငို၊ ပြောလည်းပြော၊ လက်အစုံကလည်း
အလောင်းကို ခပ်တင်းတင်းဖက်လျက်

"ပြန်လာပါ အဘိုးရယ်၊ အလင်းဆီကို ပြန်လာခဲ့ပါ၊ အဘိုး
အလင်းလောကကြီးထဲမှာ ဘယ်လို အသက်ဆက်ရှင်ရပ်ပါ့မလဲ၊



www.burmeseclassic.com

www.burmeseclassic.com



အလင်းဘဝတော့ ပျက်ပါပြီ အဘိုးရယ်၊ မြန်မြန်လာပါ ပြန်လာခဲ့ပါ အ ရယ်''

အလင်းပြောနေသမျှကို ကြားရသူတိုင်း ဘယ်လိုမှ စိ ကောင်းနိုင်။

ဒေါ်ခင်သစ္စာ အလင်း၏ပခုံးစွန်းလေးကို ခပ်ဖွဖွပုတ်လ

''စိတ်ကို ထိန်းပါ အလင်းရယ်၊ ကြီးကြီးတို့ရှိပါတယ်ကွ ဘိုးမာန်အတွက် ကြီးကြီးတို့မိသားစု အလင်းနဲ့ထပ်တူထပ်မျှ စိတ်ဆ ကြရပါတယ်''

ဒေါ်ခင်သစ္စာပင် ဖြေသိမ့်နေရင်းမှ မျက်ရည်တွေဝဲလာသ

''ကြီးကြီး အဘိုး မသေသေးပါဘူး။ ဆရာဝန်ကြီးရယ် အဘ နောက်တစ်ကြိမ်လောက် ထပ်ပြီးစမ်းသပ်ပေးပါနော်၊ အလင်း နို တောင်းပန်ပါတယ်၊ ဘာဘ အလင်းရဲ့အဘိုးကို ကယ်ပါဦး''

ကူကယ်ရာမဲ့စွာနှင့် လက်အုပ်လေးချီကာ အားကိုးတကြီး နေရှာသော အလင်းကိုကြည့်ပြီး ဆရာဝန်ကြီးပင်လျှင် ရင်ထဲမှာန သည်။

''သမီးအဘိုးက တကယ့်ကို အသက်မရှိတော့တာပါ ဒါကြောင့် သမီးစိတ်ကိုပဲ သမီး ဖြေပါတော့''

ဆရာဝန်ကြီး ဦးလှဦးလည်း ထိုသို့သာဖြေသိမ့်ပေးနိုင်





''အဘိုးက စောစောကလေးတင် အလင်းနဲ့စကားတွေ ပြော သေးတာ အဘိုးရယ်နေသေးတာ၊ အဘိုးမှာ ဘာရောဂါမှမရှိပါဘူး။ ဖြစ်လို့ အဘိုးက ဖြုန်းစားကြီးဆုံးရတာလဲ၊ အဘိုး အဘိုးရယ် လင်းကိုပါ အဘိုးနဲ့အတူ လိုက်ခွင့်ပေးပါတော့လား။ အလင်း သေပါရ အလင်းကိုပါ လာခေါ်သွားပါ၊ အဘိုးနဲ့အတူ တမလွန်ကို လိုက်ခဲ့ပါ အလင်းဘေးမှာ အဘိုးသာရှိနေရင် အလင်းမျက်စိတွေ ပြန်မမြင် င်လည်း နေပါတော့၊ အလင်း မမြင်ချင်တော့ပါဘူး''

အလင်း၏ဟန်လေးက ကြေကွဲဆို့နစ်ခြင်းတွေဖြင့် ရှုမတတ်ကို မျက်ချောက်ချားနေ၏။

ဦးမြတ်ကို အလင်းဘေးတွင်ရပ်ကာ

''သမီး အလင်းကြည် သတိထားလေ သမီး အခုလို အရမ်းကို ပျက်နေရင်း တမလွန်ရောက်သွားတဲ့အဘိုး သမီးကြောင့် ရတက် ရဘဲ နေမယ်ကွယ်၊ အဘိုးနဲ့နောက်ဆုံးခရီးကို ဖြောင့်ဖြောင့်သွား အောင် သမီးစိတ်ကို တရားနဲ့သာဖြေပါကွယ်၊ လူတိုင်းသေခြင်းတရား လွတ်မြောက်နိုင်တာ မဟုတ်ဘူး''

ဦးမြတ်ကို ဖျောင်းဖျပေမယ့် ပစ္စုပ္ပန်အခြေအနေမှာ အလင်း တွက် နားမဝင်နိုင်သေး။ ဖြေမဆည်နိုင်သေး။

''အဘိုး''

အလင်း မျက်ဝန်းကို စုံမှိတ်ပြီး အော်ဟစ်ခေါ်လိုက်သည့်နောက်



www.burmeseclassic.com

www.burmeseclassic.com



အဘိုး၏ကိုယ်ပေါ်သို့ အလင်း၏ကိုယ်လေး ငိုက်ခနဲ ကျသွားသည်။

အလင်းမှာ သတိရှိမနေတော့။

■ ■ ■



## အခန်း (၁၅)

"အလင်း ဘာလို့ဒီမှာတစ်ယောက်တည်း လာထိုင်နေရတာလဲ"

အိမ်နံရံလေးကို ကျောမှီထိုင်နေသည့် အလင်း၏အသွင်လေး ...လှုပ်မယှက်။ ရှေ့တည့်တည့်ကို မမြင်နိုင်သည့်မျက်ဝန်းများဖြင့် ...ည်မယှက် ငေးစိုက်ကြည့်နေ၏။ မည်မျှငိုထားသည်မသိ မျက်လုံးတွေ ...ဖောင်းပိတ်နေသည်။

သားချော အလင်းဘေးတွင် ထိုင်လိုက်ရင်း အလင်းလက်လေး ...ညင်သာစွာဖြင့် တယုတယ ဆုပ်ကိုင်လိုက်မိသည်။

"အလင်း"

သားချောအသံက ကရုဏာတွေ ထွေးလိပ်ပြီး တိုးညင်းနေ၏။



www.burmeseclassic.com

www.burmeseclassic.com



အလင်း ပြန်မထူ။ မော့လည်းမကြည့်၊ မလှုပ်မယှက် ကျောက်ဆစ်... ကလေးလို ငြိမ်သက်နေ၏။

သို့သော် မျက်ဝန်းမှ မျက်ရည်ကြည်တွေကတော့ အရင်ကထ... ပိုပြီး တလိမ့်လိမ့်စီးဆင်းနေ၏။

ပြီးနောက် ပိုးခနဲပေါက်ခနဲ ကျလာသည်။

"ကိုယ်လည်း စိတ်ထိခိုက်လွန်းလို့ နေလို့တောင်မရပါဘူး... လင်းရာ၊ အဘိုးမရှိတော့ အလင်း ဘယ်လောက် သိမ်ငယ်စိုးရွံ့သွား... ဆိုတာလည်း ကိုယ် တွေးမိပါတယ်"

အလင်းမျက်ဝန်းမှ မျက်ရည်ဥတွေကတော့ တလိမ့်လိမ့်ကျ... ထို့ကြောင့် အလင်းပါးပြင်မှ စီးကျနေသော မျက်ရည်ကြည်တွေကို သ... ချော လက်ခုံဖြင့် ပွတ်သုတ်ပေးလိုက်သည်။

"အလင်းအနားမှာ ကိုယ့်ကိုထာဝရ ရပ်ခွင့်ပေးပါတော့ အလ... ကိုယ် အလင်းကို လက်ထပ်ပါရစေ၊ အလင်းဘေးမှာ ဘိုးမာန်မရှိ... ပေမယ့် ကိုယ် ရှိနေသေးတယ်ဆိုတာကိုတော့ အလင်းစိတ်ထဲမှာ ... ထားပေးပါ"

အလင်းအား သားချော ဖျောင်းဖျောင်းဖျဖျဖြင့် ပြော... လည်း အလင်း ခေါင်းကိုတွင်တွင်ခါသည်။

"ဟင့်အင်း မဖြစ်နိုင်ပါဘူး သားချောရယ်၊ အလင်းနဲ့သား...





...က်ထပ်ဖို့ဆိုတာ လုံးဝမဖြစ်ပါဘူး၊ သားချောရဲ့တောင်းဆိုမှုတွေက ...င်းကို ဒုက္ခတွင်းထဲ တွန်းချသလို အရမ်းကို ကြောက်ဖို့ကောင်းလွန်း ...ယ်"

"အလင်း ကိုယ့်ကို မယုံဘူးလား၊ ကိုယ် အလင်းကို တကယ် ...ထပ်ယူမှာ၊ ကိုယ့်ဘဝထဲမှာပဲ အလင်း နေရမယ်၊ ကိုယ် တစ်ဦးတည်း ... အလင်းကို လုံခြုံမှုပေးနိုင်မယ်ဆိုတာ အလင်း စိတ်ချလက်ချ ယုံ ...ပါ"

"ယုံပါတယ် သားချော၊ အလင်းမယုံရဲတာ သားချောကို မဟုတ် ...ကြီးမှာကြီးကိုပါ၊ အလင်းကို သားချောက လက်ထပ်ခွင့်တောင်း ...ယ့် ကြီးကြီးတို့က အလင်းလို မျက်ကန်းမတစ်ယောက်ကို သူတို့ ...အဖြစ် လက်ခံနိုင်မှာမဟုတ်ဘူးဆိုတာ အလင်း သိတယ်၊ ဒါကြောင့် ...သိမ်းပိုင်းမှာလွမ်းရမယ့်အတူတူ အစကတည်းက ဒီအချစ်ဇာတ် ...ကို မစရင်ကောင်းမယ် သားချောရယ်၊ အလင်း ခံနိုင်ရည်ရှိမှာ ...တ်ဘူး၊ ရင်ဘတ်တွေ အရှင်လတ်လတ် ပေါက်ထွက်ကုန်လိမ့်မယ်"

တိုးသဲ့သော ခပ်ဖျော့ဖျော့အသံလေးမှာ ကြေကွဲသံတွေက လှိုက် ...ွာ ပါလာသည်။ ခုဆိုရင် ကြီးကြီးက အလင်းကို သနားသဖြင့် ...အိမ်ကြီးပေါ်မှာ လာနေဖို့ ခေါ်သည်။ သို့သော် အလင်း တက်မနေဝံ့။ ထို့ကြောင့် အဘိုး ခေါင်းချသွားသော ဤကိုဒေါင်ခန်းလေးထဲ



www.burmeseclassic.com

www.burmeseclassic.com



မှာပင် အလင်းနေပါရစေဟု ပြန်၍ တောင်းပန်ထားရလေသည်။ ဒီအ...
မှာ အလင်း တစ်ယောက်တည်း နေချင်လို့ပါ။

အဘိုး ကွယ်လွန်ဆုံးပါးသွားခြင်းသည် အလင်းထံမှ အသ...
ဝိညာဉ်နှင့် အင်အားကို နုတ်ယူထားသည့်နှယ်ပါ။

ခုတော့ လမ်းလျှောက်သည့်အခါတိုင်း ကိုင်ဆောင်ရသော ...
တောင်ဝှေးလေးသည်ပင်လျှင် အဘိုးနှင့်မကင်းနိုင်။ အဘိုး ကိုယ်...
ဝယ်ပေးထားခဲ့သည့် တောင်ဝှေးလေး။

တွေးရင်းဖြင့် အလင်းရင်ထဲ ဆို့တက်လာပြန်သည်။

"အလင်း ရော့ ဒါလေးကို အလင်းယူထားလိုက်နော်"

"ဘာလဲဟင် သားချော"

"တန်ဖိုးတော့ မရှိပါဘူး၊ ဒါပေမဲ့ အလင်း သိမ်းထားရမယ့်...
အလင်းအတွက် လက်စွပ်ကလေးပါ"

တန်ဖိုး မရှိဘူးဟုဆိုသော သားချော၏စကားမှာ မုသား ဖြ...
သည်။ အမှန်တော့ ထိုလက်စွပ်လေးသည် သားချော၏အဘွား မဆုံး...
က သားချော ချစ်သူရလာလျှင် လက်ဆောင်အဖြစ်ပေးဖို့ သားချော...
အမွေပေးခဲ့သည့် စိန်လက်စွပ်ကလေး ဖြစ်သည်။

အလင်းအား ထိုလက်စွပ်သည် စိန်လက်စွပ်ဟုပြောလျှင် ယူ...
မဟုတ်သဖြင့် တန်ဖိုးမရှိဘူးဟုသာ ပြောလိုက်ခြင်းဖြစ်သည်။





"ရွှေလက်စွပ်ဆိုရင် အလင်း မယူပါရစေနဲ့ သားချောရယ်"

"ရွှေလက်စွပ်တော့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အလင်း မျက်စိခွဲ...
...တ်တဲ့အခါကျရင် ဒီလက်စွပ်ကလေးက စွမ်းအားရှင်တစ်ယောက်လို
...ညီလိမ့်မယ်"

အလင်းမျက်နှာလေး ယုံကြည်ချက်တွေဖြင့် နေထိပန်းတစ်ပွင့်
...ပ် လန်းဆန်းသွားသည်။

"ဒါဆို ဒီလက်စွပ်ကလေးက မှော်ဆန်တဲ့လက်စွပ်ကလေးပေါ့
...တ်လား သားချော"

"အင်း ဟုတ်တယ် အလင်းအတွက်ဆိုရင် ဒီလက်စွပ်ကလေး
... မှော်ဆန်တဲ့စွမ်းအားတွေ သူ့အလိုလို ထွက်လာပေးလိမ့်မယ်"

"စိတ်ချပါ သားချောရယ်၊ ဒီလက်စွပ်ကလေးကို အလင်းဘဝရဲ့
...ဆောင်တစ်ခုလို ကိုယ်နဲ့မကွာထားပါမယ်"

သားချော လက်စွပ်ကလေးကို သူမ၏ဖော့ဖယောင်းလို သွယ်
...နေသော လက်ချောင်းလေးမှာ ကြင်နာစွာ ဝတ်ဆင်ပေးလိုက်သည်။

သားချောတစ်ယောက် သောကမီးတွေ လောင်မြိုက်နေသည့်
...ဉ်ရာမဲ့ပမာ အားငယ်စိုးရွံ့နေရှာသော အလင်းကို သူ့ရင်ထဲမှာ လှုံ
...ဲဒိတ်စင်လာသော မေတ္တာဖြင့် အေးငြိမ်းစေချင်ပါသည်။

ဒီတော့ ဒယ်ဒီ့ကို ခွင့်တောင်းပြီး အလင်းမျက်စိကို ခွဲစိတ်ကုသ



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



မှ ခံယူနိုင်းမည်။ မြီးလျှင် အလင်းကို ဘဝဇာတ်သက်စာ စောင့်ရှော
မည်။

"ကဲ အလင်း ထ ထမင်းသွားစားကြမယ်၊ ဒေါ်ဝေ ထမင်း
မြှင်မြီးနေပြီ"

"ဟင့်အင်း အလင်း ဘာမှစားလို့ မဝင်ဘူး သားချောရယ်
အလင်း မစားပါရစေနဲ့"

အလင်း မျက်ဝန်းမှ မျက်ရည်တို့ တဖန်ဝေ့တက်လာပြန်သည

"ကျွတ် ဘာလို့ ကိုယ့်ကိုယ်ကိုယ် စိတ်ထိခိုက်ခံနေရတာ
အလင်းရယ်၊ အလင်း၊ အဲဒီလို မစားမသောက်ဘဲနေရင် ကိုယ် အ
သောကဖြစ် စိတ်ပူရတယ်၊ အလင်းကို လောကဓံတရားကို ကြံ့ကြံ့ခံနိုင
မိန်းကလေးတစ်ယောက် ဖြစ်စေချင်တယ်၊ အနာဂတ်မှာ အလ
လျှောက်ရမယ့်လမ်းက အရှည်ကြီးရှိသေးတယ်၊ အလင်း စိတ်တွေ လျှေ
လို့ မဖြစ်ဘူးလေ"

အလင်း ခေါင်းလေးငုံ့လျက် နားထောင်နေတာကိုကြည့်၍ သ
ချော စိတ်ရှည်သော သက်ပြင်းခပ်မျှင်းမျှင်း ချသည်။ ပြီးနောက် 
ရှည်လက်ရှည် ဆပ်ပြောသည်။

"အလင်း ဒီအတိုင်းသွားရင် အလင်း လဲလိမ့်မယ်၊ အ
တစ်ခုခုဖြစ်ရင် ကိုယ် ရူးသွားလိမ့်မယ်ကွ"





သားချော ရင်ထဲမှာရှိသည့် ခံစားမှုအတိုင်း ဝန်ခံလိုက်ခြင်း
ဖြစ်သည်။ အလင်းနားထဲသို့ ကရုဏာသံဖြင့် သားချော၏ အသံလှိုင်းတို့
မျှင်မပြတ် တိုးဝင်နေသည်။ ကိုယ့်ကြောင့် သားချော စိတ်အနှောင့်
အယှက်ဖြစ်တာကို အလင်း မလိုလားပြန်။

"အလင်း စားပါ့မယ် သားချောရယ်"

"ဒီလိုမှပေါ့ကွ အလင်းက ပြောရဆိုရခက်တဲ့ ကောင်မလေး
မဟုတ်ပါဘူး"

သားချော ခုမှပင် ပြုံးနိုင်တော့သည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၆)

BURMESE CLASSIC .com

"ဘယ်လို သား၊ အလင်းကို မာမီတို့က မျက်စိခွဲစိတ်ကုသ ပေးရမယ် ဟုတ်လား သားချော"

ဒေါ်ခင်သစ္စာ ဖတ်လက်စစာအုပ်ကို စားပွဲပေါ် မှောက်ထား ရင်း သားဖြစ်သူကို အလေးတကြီး မေးလိုက်သည်။

"လူတစ်ယောက် မျက်စိနှစ်ကွင်း အလင်းရဖို့ ကူညီလိုက် ကုန်ကျငွေက သားတို့အတွက်တော့ ဘာမှမပြောပလောက်ဘူးမဟုတ် လား မာမီ"

"အဲဒီ ကုန်ကျစရိတ် ဘယ်လောက်ရှိလိမ့်မယ်လို့ မင်းထင် သားချော"



"သားတို့မှာရှိတဲ့ စည်းစိမ်ထဲက အပုံတစ်ရာပုံလို့မှ တစ်ပုံလျော့ သွားမှာမှ မဟုတ်တာ"

ဒေါ်ခင်သစ္စာ သား၏တုံ့ပြန်စကားကြောင့် တွေဝေသွားသည်။

စိတ်ထဲမှာ အလင်းကို မျက်စိကုပေးဖို့ စိတ်ကူးခဲ့ဖူးပေမယ့် အလေး နက် အကောင်အထည်ဖော်ဖို့တော့ စိတ်မကူးခဲ့။

သားချောကို ဒေါ်ခင်သစ္စာ မျက်မှန်အောက်မှ သံသယမျက်လုံး မယုံသင်္ကာ အကဲခတ်လိုက်သည်။ အလင်းကြည် မျက်စိမြင်ဖို့အတွက် သားချော ဘာကြောင့် အားတက်သရော ဖြစ်နေရတာလဲ။ သားချော အလင်းကိုများ စိတ်ဝင်စားသွားလို့လား။

အတွေးဖြင့်ပင် ဒေါ်ခင်သစ္စာရင်မှာ ပူလောင်ရသည်။

"မင်း အရင်တုန်းက အလင်းနဲ့ပတ်သက်ပြီး ဘာတစ်ခုမှ စိတ်ဝင်စားခြင်းမရှိဘဲ ခုကျမှ ဘာဖြစ်လို့ မာမီ့ကို ကလေးတစ်ယောက် ပူဆာသလို ဖွတ်အတင်း လာပူဆာနေရတာလဲ သား"

ကိုယ့်ရဲ့စိုးရိမ်ကြောင့်ကြမှုတွေကို မာမီ မရိပ်မိစေရန် စိတ်ပျက် သော အမူအရာအပြုံးမျိုးနှင့် ဟန်ဆောင်ဖုံးကွယ်လိုက်သည်။

"ကျွတ် မာမီရာ ဒီကောင်မလေး မျက်စိမြင်မှ သူ့လမ်းကို လျှောက်လို့ရမှာလေ၊ သူ့အနာဂတ်ကို သူ ပုံဖော်ဖို့အတွက် သူ မျက်စိမြင်ရမှ ဖြစ်မှာလေ၊ သေချာစဉ်းစားပါဦး မာမီရာ၊ ဒီကောင်မလေး



www.burmeseclassic.com

www.burmeseclassic.com



မျက်စိမမြင်တဲ့အတွက် သူ့ကို မာမီတို့သားတို့ တစ်တဝလုံးစာ တာဝန်ယ

သွားရမှာမဟုတ်ဘူးလား''

သားဖြစ်သူပြောတော့လည်း သဘာဝကျတာမို့ ဒေါ်ခင်သ

အလင်းမျက်စိပြန်မြင်ဖို့အတွက် မျက်စိအထူးကုဆရာဝန်ကြီးနှင့် တိုင်ပ

ဖို့ ဒေါ်ခင်သစ္စာ ဆုံးဖြတ်လိုက်သည်။

''အင်းလေ သားပြောတာတော့ သဘာဝကျပါတယ်၊ အလ

ကြည်ကို မျက်စိပြန်မြင်အောင် ခွဲစိတ်ကုသဖို့ မာမီ အထူးကုဆရာဝ

ကြီးနဲ့ တိုင်ပင်ကြည့်တာပေါ့၊ အင်း တစ်လက်စတည်း သားကို မာ

ပြောစရာရှိတယ်၊ မင်း သေချာနားထောင်ရမယ် အရေးကြီးတယ်''

ဒေါ်ခင်သစ္စာ သားချောအတွက် ကြိုတ်ပြီးစိစဉ်နေသည့်ကိစ္စ

ဖွင့်ပြောဖို့ သားဖြစ်သူကို မသိမသာ အကဲခတ်လိုက်သည်။

BURMESE CLASSIC .com

''ဘာပြောမလို့လဲ မာမီ''

''အန်တီနိုင်တို့မိသားစု အင်္ဂလန်ကနေ ရှေ့လထဲမှာ ပြန်

တော့မယ်''

အန်တီနိုင်တို့မိသားစု ရှေ့လထဲပြန်လာမှာနဲ့ သားချောကို

များ အထွေအထူး နားထောင်နိုင်းစရာလိုလဲ။

''မနိုင်ရဲ့ သမီးလေး နိုင်ကြည်ဖြူလေးလည်း အင်္ဂလန်က

စီးပွားရေးနဲ့ဘွဲ့ယူလာပြီးပြီလေ၊ အဲဒါ သူတို့ဘက်ကနေပြီး နိုင်ကြည



လေးကို မင်းနဲ့လက်ထပ်ပေးဖို့ မာမီ့ကို ဟိုကနေ စကားကမ်းလှမ်းတယ်''

ကြားလိုက်ရသည့်စကားကြောင့် သားချော ကြက်သေသေသွား

ည်။

အလင်း၏သနားစရာကောင်းသော ပုံရိပ်လေးက သားချော၏

ာရှုံမှာ ရိပ်ခနဲပေါ်လာသည်။

ပြဿနာက ခုမှစပြီ ထင်တယ်ဟု ခပ်လေးလေး တွေးလိုက်ပြီး

မီ မမြင်အောင် သက်ပြင်းကို ခပ်လေးလေးချလိုက်သည်။

''နိုင်ကြည်ဖြူက ဒီမှာကျောင်းတက်သွားတုန်းကတောင် တော်

ာ်လေး ခေတ်ဆန်ပြီး ဖယားရှုပ်တတ်တာ၊ ဟိုမှာကျောင်းသွားတက်

ီး ဟိုကအငွေ့အသက် နေထိုင်မှုပုံစံတွေကို နေသားကျလာပြီဆိုရင်

ာ့ သားတို့လို မြန်မာအမျိုးသားတွေအတွက် သုံးစားလို့မရလောက်

ာ့ဘူးနော် မာမီ''

သားချော ကြံဖန်ပြီး ဆင်ခြေပေးလိုက်သည်။ နိုင်ကြည်ဖြူကို

ယ်လိုနည်းနှင့်မှ လက်မထပ်နိုင်တာ ကိုယ်သာအသိဆုံး။

ခုဆိုလျှင် အပျိုတောင် စစ်ပါတော့မလား။ သူများသားသမီးကို

ဲဒီ ပိုးစိုးပက်စက် ဝေဖန်လို့မကောင်းပေမယ့် ကိုယ်နှင့်တိုက်ရိုက်

ဆက်ရတော့မည်ဆိုတော့ ခုလို နိုက်နိုက်ချွတ်ချွတ် မဝေဖန်လို့ မရ

ာ။



www.burmeseclassic.com

www.burmeseclassic.com



"မနိုင်တို့က စည်းကမ်းရှိပါတယ် သားရယ်၊ ထင်ကြေးနဲ့ စွတ်ပြောမနေပါနဲ့၊ နောက်ပြီး နိုင်ကြည်ဖြူလေး ကျောင်းသွားတက်တာ မိဘအုပ်ထိန်းသူနဲ့အတူသွားတက်တာ၊ သူ တစ်ယောက်တည်း သွားတက်တာမှမဟုတ်တာ၊ သား ထင်သလောက်တော့ သရုပ်မပျက်လောက်ပါဘူး"

ဒေါ်ခင်သစ္စာ သူ ကြည်ဖြူချင်သော မိန်းကလေးမို့ သားချော၏အပြင်တင်စကားကို ရှေ့မှအကာအကွယ်လုပ်ပြီး ချွေးသိပ်ပေး၏ ငွေကြေးချမ်းသာသော နိုင်ကြည်ဖြူကို ချွေးမတော်ချင်နေသော မိခင်ဖြစ်သူကိုကြည့်ပြီး သားချော ကျစ်ခနဲ ခပ်တိုးတိုး စုတ်သတ်လိုက်ပြီး ထိုင်ရာမှထဖို့ ဟန်ပြင်လိုက်သည်။

"မာမ့်စကားမဆုံးသေးဘူး သားချော ပြန်ထိုင်ဦး"

ထိုင်ရာမှ ထလိုက်သော သားချော မိခင်၏မလွန်ဆန်နိုင်သော အမိန့်ကြောင့် ထိုင်ခုံမှာ ပြန်၍ထိုင်လိုက်သည်။

"သူတို့ဘက်ကစပြီး ကမ်းလှမ်းလာတော့ မာမီ ခေါင်းညိတ်လိုက်တယ်နော် သား၊ ဒီတော့ မာမီတို့ကို မျက်နှာပျက်အောင် သားမလုပ်ပါနဲ့"

"သားမှ နိုင်ကြည်ဖြူကို စိတ်မဝင်စားတာ မာမီရာ"

"သား စိတ်မဝင်စားပေမယ့် မာမီကတော့ ချွေးမတော်ဖို့ စိတ်





ဝင်စားတယ်၊ ရုပ်ရည်ရော ပညာရော အဆင့်အတန်းရော ဘာမှချို့ယွင်းချက်မရှိဘူး၊ ဒီကလေးမလေးနဲ့ဆိုရင် သားရဲ့အနာဂတ်ကို မာမီ ဘာမှ ရာမလိုတော့ဘူး၊ သူတို့မှာ စီးပွားရေးလုပ်ငန်းတွေ အများကြီးပိုင်တယ်၊ ကမ္ဘာလှည့်ပြီး ချမ်းသာအောင် စီးပွားရှာနေတဲ့မိသားစု၊ ဒီလို ဒိတ်ကြဲမိသားစုရဲ့သမီးပျိုနဲ့ လက်ထပ်ပေးဖို့ ကမ်းလှမ်းခံရပြီဆို တည်းက သားလောက် ကံကောင်းတဲ့သူရှိနိုင်ပါဦးမလား"

လောဘရမ္မက်တွေဖြင့် သားဘဝကို အနားသတ်ဖို့ တာဆူနေသော မိခင်ကို သားချော အလိုမကျဟန်ဖြင့် ကြည့်လိုက်သည်။

"သားကို ငွေကြေးချမ်းသာမှုနဲ့ လဲမလို့လား မာမီရာ"

"မဟုတ်ဘူး မင်းအမြင်တွေ ဘေးကိုချော်ထွက်နေပြီ၊ ခု မာမီ ပြောနေတာ မာမီတို့ရှေ့ရေးအတွက် မဟုတ်ဘူးလေ၊ သားလေးရှေ့ရေးအတွက်ဆိုတာ သား နားလည်စမ်းပါ၊ ဒီတော့ သားတောင်းဆိုတဲ့ အလင်းကြည်ကို မျက်စိခွဲစိတ်ဖို့ကိစ္စကို မာမီ ဒီတစ်လအတွင်း စီစဉ်ပေးမယ် သားကလည်း နိုင်ကြည်ဖြူကို လက်ခံနိုင်အောင် ကြိုးစားပေးပြီ"

ဒေါ်ခင်သစ္စာ သားဖြစ်သူကို အပေးအယူ လုပ်လိုက်သည်။ ချိန်မွေးထားတဲ့သားအကြောင်း ကိုယ်သိတာပေါ့။

အလင်းကြည်၏အလှ တရားတွေအပေါ်မှာ ယှိုင်နဲ့နေပြီဆိုတာ။



www.burmeseclassic.com

www.burmeseclassic.com



သားလေးကို ချစ်သောသူနှင့် ပေါင်းစည်းစေချင်ပေမယ့် ...
လင်းကြည်လို ချို့ယွင်းချက်တွေနှင့် ပြည့်နှက်နေတဲ့ မိန်းကလေးမျိုး...
တော့ သားနှင့်ဘယ်လိုနည်းနှင့်မှ သဘောမတူနိုင်။

ရိုးသားပြီးလှတာလေးတစ်ခုတည်းနှင့်တော့ သားဘဝကို ...
လိုမှ ဂုဏ်မတက်နိုင်။

''ဘယ်လိုလဲ သားချော၊ မာမီ့အပေးအယူကို သားချော ...
ခံမယ် မဟုတ်လား''

အပေးအယူဟု အတိအလင်း ကြေညာလာမှတော့ သား...
အလင်းအတွက် သဘောတူရတော့မှာပေါ့။

''အင်းလေ မာမီ့သဘောအတိုင်းပဲပေါ့၊ နိုင်ကြည်ဖြူနဲ့ တွဲ...
လိုက်မယ်လေ၊ မာမီ စိတ်တိုင်းကျတဲ့ ချွေးမလောင်း အမှန်တက...
တယ်ဆိုရင်တော့ မာမီတို့လူကြီးတွေ စီစဉ်တဲ့အတိုင်း သား လက်...
အဲ တစ်ခုတော့ သားတောင်းဆိုမယ်၊ နိုင်ကြည်ဖြူကို ချစ်သူ...
သားစိတ်က လက်ခံပြီးမှ မာမီတို့အနေနဲ့ စေ့စပ်ပွဲကိုလုပ်ပါ၊ လက်ထ...
ကတော့ သား ကျောင်းပြီးမှပေါ့''

''အိုကေ မာမီ သဘောတူတယ် သား''

ဒေါ်ခင်သစ္စာ သူ့စကားနားထောင်သော သားချောကို ...
သော ပီတိအပြုံးဖြင့် ကြည့်လိုက်သည်။

သားကိုချစ်သော မိခင်တစ်ယောက်အနေနဲ့ သားရဲ့အ...



ကို ကိုယ့်စိတ်ကြိုက်ပဲ ပုံဖော်ချင်သည်လေ။

သားချော လိမ္မာတာ ဒေါ်ခင်သစ္စာ အသိဆုံး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၇)

ဒီညတစ်ညလုံး သားချော အိပ်၍မပျော်နိုင်အောင် အတွေးေ က လှုံးလှိမ့်နေသည်။ မာမီ့ဆန္ဒကို လတ်တလော ပြဿနာတစ်ခု ဖြေရှင်းသည့်အနေနှင့်သာ ချွေးသိပ်သည့်အနေနှင့် လက်ခံလိုက်တာ နိုင်ကြည်ဖြူကို သူ့ဘဝလက်တွဲဖော်အဖြစ် သားချော လုံးဝလက်မခံနိုင်

သားချော နှလုံးသားထဲမှာ ဆေးမင်ကြောင်ထိုးသလို ထာ တည်ရှိနေမှာ အလင်းပဲဖြစ်သည်။ အလင်းကို သားချော ဘယ်နည်းနှင့် လက်လွှတ်ဆုံးရှုံးမခံနိုင်။

သားချော အလင်းကို သိပ်ချစ်သလို အလင်းကလည်း သာ ချောကို သိပ်ချစ်နေပြီဆိုတာ သားချော သိတာပေါ့။ သူမဘက်က သိ





ယ်စိုးရွံ့မှုတွေကြောင့်သာ သားချော၏အချစ်ကို လက်မခံသေးတာ။

နှစ်ဦးသား ချစ်မိတဲ့အချစ်တွေဟာ သစ္စာတရားတွေနဲ့အတူ မှန်တကယ် ရှိုးသားခဲ့ကြတာပဲ။ အဲဒီ ရိုးသားမှုတွေနဲ့ ထုပ်ပိုးထားတဲ့ စ္စာတရားက ကိုယ်တို့အချစ်ကို ရက်ရက်စက်စက် ခွဲကြမှာမဟုတ်ဘူး တော သားချော ယုံကြည်သည်။

ဘာကြောင့်လဲဆိုတော့ သစ္စာတရားက တန်ခိုးရှိတယ်လေ။

အတွေးတွေကို ခွစီးရင်း ချစ်သူလေးကို သတိရလာသည်။ ည်ရွှယ်မိဘဲနှင့် သားချော ခုတင်ထက်မှာ လက်နှစ်ဖက်ယှက်ကာ င်းတင်ပြီး လှဲအိပ်နေရာမှ ထထိုင်လိုက်သည်။

ညဆယ်နာရီပင် ထိုးပြီ။ ဒီအချိန်ဆို အလင်း အိပ်ပျော်နေ ာက်ပြီ။ သူ့ခမျာ မျက်စိမမြင်ရသည့်ကြားထဲ အထီးကျန် အဖော်မဲ့ ခြင်း အခန်းကျဉ်းလေးထဲမှာ ဘယ်လောက် အားငယ်စိုးရွံ့နေလိမ့်မလဲ။

ရင်ထဲမှာ ချစ်သူအတွက် စိတ်မကောင်းဖြစ်မိခြင်းနှင့်အတူ င်မှာ ထွေးပွေ့ထားချင်စိတ်တွေဟာ ရုတ်ချည်းဆိုသလို ဆန္ဒတွေ ဖြစ် တွန်းအားပေးလာကြသည်။

သားချော ခုတင်ပေါ်မှ ဆင်းလိုက်သည်။ အလင်းဆီသို့ သွား း သွားသင့် စဉ်းစားလိုက်သည်။ ရင်ထဲမှာ တွေ့ချင်နေသည်ကတော့ ပင်။ ထိုဆန္ဒတစ်စုံသည် အရိုးသားဆုံးဆန္ဒတစ်စုံလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



အသွေးအသားဆန္ဒ လုံးဝမပါရှိ။ မသကာ အလင်း၏အိပ်မောကျနေသော မျက်နှာဖူးဖူးလေးကို တိတ်တခိုး နမ်းရှိုက်ရုံ၊ အိပ်မောကျနေတဲ့ အသက်ရှူသံခပ်မျှင်းမျှင်းလေးကို ဂီတသံစဉ်တစ်ပုဒ် နားထောင်သလို နားထောင်ချင်ရုံ၊ ချစ်သူရဲ့ကိုယ်ငွေ့နှင့် ကိုယ်သင်းရနံ့လေးကို တိတ်တဆိတ် ရှူရှိုက်ရုံလေးပါပဲ။

ထိုလောဘသည် ဒီတစ်ညတာအဖို့ သားချောအတွက်သိပ်ကို ခမ်းနားတဲ့ လောဘလေးပါပဲ။

ဒီတော့ ဆုံးဖြတ်ချက်ကို ခပ်ရဲရဲ ခပ်ပြတ်ပြတ်ချကာ အခန်းတံခါးလော့ခ်ဖွင့်ကာ အခန်းအပြင်သို့ ခြေသံဖွဖွနင်းကာ ထွက်လာလိုက်သည်။

အိမ်ကြီး၏အပြင်ဘက်ကိုရောက်တော့ ညသည် ထင်ထားတာထက်ပင် ပို၍ တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏။

အေးမြစွာ ဖြတ်တိုက်ပေးလာသော ည၏လေပြည်လေညှင်းက ချစ်သူလေးအိပ်စက်နေသော အခန်းလေးထဲကို သွားဖို့ အင်အားတစ်ခု အဖြစ် ပေးစွမ်းနေသလားဟုပင် ထင်ရလောက်အောင် လူ၏အာရုံကို လန်းဆန်းလတ်ဆတ်သွားစေ၏။

အိပ်ချင်စိတ် သုံးဝမရှိသော တက်ကြွနေသည့် ခြေလှမ်းတို့ကို ချစ်သူဆီသို့ ခပ်သွက်သွက် လှမ်းနိုင်းလိုက်သည်။ ထိုသို့ လှမ်းနေရင်းဖြင့်





...နှင့်မာမီအခန်းဆီသို့ စိတ်မလုံသူလို လှည့်ကြည့်လိုက်သေးသည်။

မှန်ပြတင်းမှ မီးလင်းမနေ၍ ဒယ်ဒီရော မာမီရော အိပ်နေသည်... ကျိန်းသေ၏။

ခြေလှမ်းတွေ ဂိုဒေါင်တံခါးကို တွန်းဖွင့်လိုက်သည်။

ဝါကျင်ကျင် မီးရောင်မှိန်မှိန်အောက်တွင် အလင်း၏အခန်းလေး... စိတ်အားငယ်စွာဖြင့် ငြိမ်သက်လျက်ရှိ၏။

သားချော အလင်း၏အခန်းတံခါးကို တွန်းဖွင့်ကြည့်သည်။

...။ အထဲမှ တံခါးဂျက် ထိုးထားဟန်တူသည်။ ထို့ကြောင့် အခန်း...နှံ့ထားသော ပျဉ်ချပ်တွေပေါ်မှ ကျော်ခွ၍ အလင်းအိပ်နေသော ...ဆီသို့ ဝင်လိုက်သည်။

အများအမြင်မှာဆိုလျှင်တော့ သားချော၏အပြုအမူသည် ရိုး...သည်ဟု ထင်မှတ်ဖွယ်ရာမရှိ။ သားချော ကိုယ်တိုင်လည်း ကိုယ့်...ကို ကိုယ် အဓိပ္ပာယ်သိပ်မရှိသလို အူကြောင်ကြောင်နိုင်လွန်းသည် ...တွေးမိသည်။

သို့သော် ချစ်သူ၏မျက်နှာလေးကို တွေ့ချင်စိတ်အားပြင်းနေ...အချိန်မို့ သားချော မသင့်တော်သော အခြေအနေတစ်ခုကို ဖွတ်...င်း ဖန်တီးလိုက်ခြင်းဖြစ်သည်။

အပြာရောင်မီးသီးမှိန်မှိန်သာ ထွန်းညှိထားသော ခပ်ရှိ့ရှိ့



www.burmeseclassic.com

www.burmeseclassic.com



အလင်းမှိန်မှိန်အောက်တွင် ချစ်သူလေး အိပ်ပျော်နေလောက်ပြီဟုတွေ
ထားသော အတွေးသည် တက်တက်စင်အောင် လွဲနေလေသည်။

တအိအိ ရှိုက်ညည်းနေသော အလင်းကို မြင်တွေ့လိုက်ရ
သားချောရင်ထဲ ဆို့တက်သွားသည်။ သားချော အခန်းတွင်းသို့ ရော
နေသည်ကို အလင်း လုံးဝ သတိမပြုမိ။

တိုးသက်သော ငိုညည်းသံက ညအမှောင်မှာမို့ ကြည်လင်ပီ
နေ၏။

''ဘိုး ဘိုးရယ် အလင်း အဘိုးမရှိတဲ့ညတွေမှာ ဘယ်လိုအ
အားမျိုးနဲ့ စိတ်ဖြောင့်ဖြောင့် အိပ်လို့ရမှာလဲ၊ အလင်းဘဝက အားကိုးရ
နေရပါပြီ အဘိုးရယ်၊ အဘိုး ဆုံးပါးသွားတဲ့နေ့ကတည်းက အလင်းအိ
ရမှာ ကြောက်နေမိတယ်၊ အလင်း အရမ်းအားငယ်တယ် သိလာ
အဘိုး၊ ဒါကြောင့် အဘိုးသာ ဝိဉာဉ်အဖြစ် ရှိနေသေးရင် အလင်းဘေး
လာနေပေးပါ အဘိုးရယ်၊ အလင်း ကြောက်လို့ပါ''

ငိုလည်းငို ပြောလည်းပြောဖြင့် တသိမ့်သိမ့် လှုပ်ခါနေသေ
အလင်း၏ကြေကွဲဝမ်းနည်းနေပုံကိုကြည့်ပြီး သားချော ရင်ထဲ ဘယ်လ
မကောင်းနိုင်တော့။

''အလင်း အလင်းလေ အဘိုး ခွဲသွားတဲ့နေ့က ကြေကွဲရ
အဖြစ်ကို ဘယ်တော့မှ မေ့နိုင်မှာမဟုတ်ပါဘူး အဘိုးရယ်၊ အလင်းဒေ





အလင်းရဲ့ကန်းနေတဲ့ဘဝကို သိပ်စိတ်နာတယ်၊ ကိုယ့်အဘိုး ဆုံးလို့တောင်
နောက်ဆုံးအကြိမ်အဖြစ် မမြင်ခဲ့ရတဲ့ အဖြစ်ဆိုးထက် ဘယ်အရာက
ဆိုးနိုင်ဦးမလဲ အဘိုးရယ်''

အလင်း၏မျက်ရည်တွေနှင့်ငိုသံနှောသော တမ်းတသံတို့သည်
သုမဘဝတွင် အဘယ်မျှလောက် အထီးကျန်သိမ်ငယ်ခြင်းတွေနှင့် ပြည့်
နှက်နေသည်ဆိုတာကို သက်သေထူပြနေလေသလား။

''အဘိုး အလင်းကို ဘယ်လိုမှ စိတ်မချနိုင်ဘူးဆိုတာ အလင်း
သိပါတယ် အဘိုးရယ်၊ ဖြစ်နိုင်ရင် လာခေါ်ပါတော့ အဘိုးရယ်၊ အလင်း
အဘိုးဆီကို လိုက်ခဲ့ပါရစေ''

သားချော ဘယ်လိုမှ ရပ်တည်နိုင်စွမ်းမရှိတော့၍ တသိမ့်သိမ့်
ရှိုက်နေသော အလင်း ကိုယ်လေးကို နောက်မှသိမ်း၍ ပွေ့ဖက်လိုက်
သည်။ အလင်းနှင့်အတူ သားချောပင် အလင်းကို သနားလွန်း၍ မျက်
ရည်များဝေ့တက်လာသည်။

''သား သားချောလား သားချောလားဟင်၊ အလင်းကို ပြန်ဖြေ
ပေး လွှတ်ပါ ဘယ်သူလဲ အလင်း ကြောက်တယ်''

ငိုညည်းနေရင်းမှ အလင်း ကြောက်အားလန့်အားနှင့် သား
ချောရင်ခွင်ထဲမှ အတင်းရုန်းသည်။

''အလင်း မကြောက်ပါနဲ့ ကိုယ်ပါ အလင်းတစ်ယောက် ဘယ်



www.burmeseclassic.com

www.burmeseclassic.com



လိုများနေရှာမလဲလို့ လာကြည့်တာ၊ ခုတော့ ကိုယ်ထင်တဲ့အတိုင်းပဲ အလင်း အရမ်းကိုအားငယ်နေရပြီ''

သားချော၏အသံက တုန်ယင်အက်ရှနေ၏။ ဝမ်းနည်းကြေကွဲခြင်းတွေက ရင်ဝမှတစ်ဆင့် လည်ချောင်းထဲသို့ တိုးတက်ကာ အသံတွေပင် ဆို့တက်ကြေမွနေ၏။

''ကိုယ် အလင်းကို သနားလိုက်တာ အလင်းရယ်၊ ကိုယ်သိပ်ချစ်တဲ့မိန်းကလေးတစ်ယောက်ရဲ့ အားငယ်စိုးရွံ့နေတာကို အပြည့်အဝအင်အားအဖြစ် မသုံးပေးနိုင်တဲ့ ကိုယ် တော်တော်လေးကို ညံ့ဖျင်းပါတယ်၊ ကိုယ့်ကို ခွင့်လွှတ်ပါ အလင်းရယ်''

နောက်ကျောမှသိုင်းဖက်ကာ အလင်း၏ပခုံးပေါ် မေးတင်ပြီး ကြေကွဲစွာပြောနေသော သားချော၏မျက်လုံးအိမ်မှ အလင်းနှင့်အပြိုင် မျက်ရည်တွေ တွင်တွင်စီးကျလာသည်။

အလင်း သူမ၏ဝမ်းဗိုက်မှာ လက်နှစ်ဖက်ယှက်ပြီး သိုင်းဖက်ထားသော သားချော၏လက်ကို အားကိုးတကြီး ဆုပ်ကိုင်လိုက်သည်။

''သားချော ပြန်ပါတော့ အလင်း အရမ်းဝမ်းနည်းပြီး အထီးကျန်အားငယ်နေတဲ့အချိန်မှာ သားချော ရောက်လာလို့ ပြောမပြတတ်အောင်ကို အားတက်မိပါတယ်၊ ဒါပေမဲ့ ကြီးကြီးတို့သိသွားရင် ပြဿနာတွေ အကြီးကြီးတက်သွားလိမ့်မယ်၊ ဒါကြောင့် သားချော ပြန်ပါတော့





အလင်း တောင်းပန်ပါတယ်''

''ဟင့်အင်း မပြန်ဘူး၊ ဒီနေ့ကစပြီး ညတိုင်း အလင်းကိုဖော်လာလုပ်ပေးမယ်၊ အလင်း မအိပ်ဖြစ်ခဲ့တဲ့ညတွေ များနေပြီတ်လား၊ ခုညကစပြီး စိတ်အားငယ်တာတွေ အထီးကျန်တာတွေပြီး အိပ်ပျော်အောင်အိပ်၊ ကိုယ် အလင်းနားမှာ ရိုးသားစွာနဲ့စောင့်ယ်''

ငိုရလွန်း၍ အစ်မို့နေသော အလင်း၏မျက်ဝန်းလေးတွေ အံ့ဩကြောင့် ဝိုင်းစက်ရွှန်းလက်၍နေ၏။ ချစ်ရသောသူ၏ အားပေးနှစ်သိမ့်တွေဟာ အလင်းအတွက် အရမ်းရင်ခုန်စရာကောင်းပေမယ့် ထိုင့်အရေးအောက်မှာ အလင်း ငြိမ်းချမ်းစွာ မအိပ်စက်ရဲ။

အလင်းဘဝ ဒီထက်ဆိုးဝါးသွားနိုင်သည်ဆိုတာကို အလင်းသိ၏။ ကြီးကြီးတို့ ကြည်ဖြူနေ၍သော ဒီအိမ်အရိပ် အလင်းချစ်ရသူ၏အနားမှာ နေခွင့်ရနေတာ။

အလင်းသာ စိတ်အလိုလိုက်ပြီး နေလိုက်မည်ဆိုလျှင် အလင်းအရိပ်ကနေ ထာဝရ ထွက်ခွာသွားရမှာ။ ဒီလို ဂူကယ်ရာမဲ့နေတဲ့န်မှာ အလင်း ဒီအိမ်အရိပ်ကနေ ထွက်သွား၍မဖြစ်သေး။

ကိုယ့်ကြမ္မာကိုယ်ငင်သော အလုပ်မျိုး အလင်း ဘယ်နည်းနှင့်မျှပ်နိုင်သလို ချစ်သူကိုလည်း လုပ်ခွင့်မပေး။



www.burmeseclassic.com

www.burmeseclassic.com



အလင်းကို ပိုင်ဆိုင်လိုက်ရလို့ သားချောဘဝ ဘာမှတိုးတက်လာမှာမဟုတ်ဘူးဆိုတာ အလင်း သိနေလျက်သားနှင့် သားချောကို ချစ်မိလိုက်မည်ဆိုလျှင် သားချောဘဝတစ်ခုလုံး နစ်မွန်းသွားလိမ့်မည်

ဒီလိုအဖြစ်မျိုးကို အလင်း အဖြစ်မခံနိုင်။

''သားချော ပြန်ပါတော့နော်၊ အလင်း တောင်းပန်ပါတယ် အလင်းကို အနေခက်အောင်မလုပ်ပါနဲ့၊ အလင်း ရှိခိုးတောင်းပန်ပါတယ် သားချောရယ်''

သားချောဘက်ကိုလှည့်ကာ လက်အုပ်လေးချီပြီး တောင်းပန်နေသောအလင်းကိုကြည့်ပြီး ကိုယ့်ဆန္ဒကို ဖွတ်အတင်း ရှေ့တန်းတင်၍ မနေတော့ဘဲ

''ဒါဆို အလင်း အခုအိပ်တော့လေ၊ အလင်း အိပ်ပျော်သွားရင် ကိုယ်လည်းပြန်မယ်၊ အလင်း အိပ်မပျော်ဘူးဆိုရင်တော့ ကိုယ် ဒီမှာ တစ်ညလုံးနေပြီ၊ အလင်းကို အဖော်လုပ်ပေးမယ်၊ ကိုယ့်စကားကို နား မထောင်ရင် ကိုယ်ပြောတဲ့အတိုင်း လုပ်မှာနော်''

အလင်း သားချောကို ခေါင်းလေးတဆတ်ဆတ်ညိတ်ပြရင်း

''အင်း အလင်းအိပ်မယ်၊ ခုပဲ အိပ်တော့မယ်၊ အလင်း တကယ်ပြောတာ မညာဘူး''

''သိပါတယ် အလင်း မညာတတ်မှန်း ကိုယ်သိတယ် ကဲ





အိပ်လိုက်တော့''

အလင်း၏ကိုယ်လေးကို အိပ်ရာထက်သို့ လှဲသိပ်ပေးလိုက်ပြီး အလင်း၏ကိုယ်ပေါ်သို့ အညာစောင်ပါးလေးကို ယုယညင်သာစွာ လွှမ်းခြုံပေးလိုက်သည်။

ပြီးနောက် သနပ်ခါးရနံ့လေး သင်းနေသော နဖူးပြင်လေးကို နမ်းရှိုက်ကာ

''ကဲ မျက်လုံးမှိတ် အိပ်ပျော်အောင်အိပ်တော့နော်၊ ကိုယ် အလင်းအိပ်ပျော်သွားမှ ဒီအခန်းထဲကနေ ထွက်မယ်၊ အလင်း အိပ်တယ် အိပ်ဘူးဆိုတာ ကိုယ် အသေအချာ စောင့်ကြည့်ပြီးမှ ကိုယ်ပြန်မယ်၊ အလင်း လုံးဝအိပ်မောကျသွားမှနော်၊ အိပ်မောမကျမချင်း အလင်းဘေး ကိုယ် ထိုင်စောင့်နေမှာ''

အလင်း ရင်ထဲသို့ အမည်ဖော်၍ မရနိုင်သော စိတ်အင်အား ခု တိုးဝင်လာသည်။ စောစောကလို အားငယ်စိုးရွံ့ခြင်းတွေ ရှိမနေ တော့။ အားကိုးရှိသွားသူတစ်ယောက် စိတ်ထဲမှာ လုံခြုံနွေးမြသွားသလို လိုက်ရသည်။ ထို့ကြောင့် မျက်လုံးများကို ဖွတ်အတင်း မှိတ်လိုက် သည်။

အလင်းဘဝမှာ သောကဗျာပါဒတွေ မြူတစ်မှုန်စာတောင် ရှိ ဘူးဆိုလျှင် အလင်းဘဝ ခုလို နိမ့်ပါးသိမ်ငယ်သော အခြေအနေ



www.burmeseclassic.com

www.burmeseclassic.com



တစ်ရပ် မဟုတ်ခဲ့ဘူးဆိုလျှင် ထိုသို့သော ညချမ်းလေးမျိုးမှာ အိပ်
ခြင်းကို ဥပေက္ခာပြုပြီး ချစ်သော သားချောနှင့်အတူ ညကောင်းကင်
ကြယ်ကလေးတွေကို ထိုင်ပြီး ရေတွက်ရင်း ရင်ခုန်စရာကောင်းသေ
စကားလုံးတွေဖြင့် ချစ်သူရင်ခွင်မှာ စိတ်ချလက်ချ ခိုလှုံမိမှာပါ။

ခုတော့ ထိုသို့မဟုတ်။ ချစ်သူရင်ခွင်ကို ခိုလှုံချင်ပေမယ့် အသ
၏ကျန်ရှိနေသေးသော အနာဂတ်အတွက် အလင်းရင်ထဲက အချစ်
ကို သားချောကို ထုတ်ပေး၍မဖြစ်။ လျှို့ဝှက်စွာဖြင့် သိမ်းဆည်းထား
တော့မှာပင်။

သားချောကို ပွင့်လင်းစွာချစ်ဖို့ အလင်းမှာ အခွင့်အရေး
ဘူးလေ။ ဒီတော့ သားချော အလင်းအခန်းထဲက ထွက်သွားဖို့အ
အလင်း အိပ်ပျော်အောင် အိပ်မှဖြစ်တော့မည်။

ပြာလဲ့လဲ့ မီးရောင်အောက်မှာ အိပ်ပျော်ရန် ကြိုးစားနေ
အလင်း၏မျက်နှာလေးကို သားချော တစိမ့်စိမ့် ငေးမောနေမိ၏
ဆန္ဒတွေကို ချုပ်တည်းထားရလို့ ရင်တစ်ခုလုံး မောဟိုက်
သလိုတောင် ခံစားနေရသည်။

ကိုယ် မြတ်နိုးတဲ့ပန်းလေးတစ်ပွင့်ကို အဓိပ္ပာယ်မဲ့ မခြွေ
ချင်ဘူးလေ။ နမ်းရှိုက်ရရုံနှင့်တင် သားချော ကျေနပ်မိပါ၏။

■ ■ ■



## အခန်း (၁၈)

"အလင်း ဘာတွေလျှောက်လုပ်နေတာလဲကွယ်၊ မမြင်မစမ်းနဲ့ ကြက်သွန်တွေ ခွာနေတော့ လက်ကိုဓားထိမှာပေါ့လို့"

ဒေါ်ဝေ အလင်းလက်ထဲမှ ကြက်သွန်ဖြူကာနှင့်ဓားကို ပြော ပြောဆိုဆိုဖြင့် လှမ်းယူလိုက်သည်။

"အလင်း ကြက်သွန်ခွာတာလောက်တော့ လုပ်နိုင်ပါတယ် ဒေါ်ဝေရယ် အလင်းကို လုပ်ခွင့်ပြုပါ"

အလင်း ဒီအတိုင်းထိုင်ပြီး သူများချက်ကျွေးတာ အဆင်သင့် စားချင် မစားတတ်။ ဒါကြောင့် ကိုယ် လုပ်နိုင်တဲ့အလုပ်ကလေးတွေကို



www.burmeseclassic.com

www.burmeseclassic.com



အတတ်နိုင်ဆုံး ဝိုင်းကူလုပ်ပေးနေခြင်း ဖြစ်သည်။

"မားတော့ မကိုင်နဲ့ ရော့ လုပ်ချင်ရင် ဟောဒီ ပန်းကန်တွေ ကို အဝတ်သန့်နဲ့သုတ်"

"အင်း အလင်း သုတ်ပေးမယ်"

ဒေါ်ဝေ့လက်ထဲမှ အဝတ်သန့်တစ်ထည်ကို လှမ်းယူလိုက်သည် အလင်းစိတ်ထဲ အရင်ရက်တွေထက် ဒေါ်ဝေ ပိုပြီးအလုပ်ရှုပ်နေသည်ဟု ထင်မိသဖြင့်

"ဒီနေ့ ဒေါ်ဝေ ထမင်းဟင်းချက်တာ အရမ်းကြာသလိုပဲ ဟင် အမယ်တွေကလည်း များတယ်နော်"

"ဒီနေ့ ဧည့်သည်တွေလာမှာလေ အလင်းရဲ့ နိုင်ငံခြား ပြန်လာကြတဲ့ မိသားစုဆိုလားပဲ နောက်ပြီး သတင်းထူးတစ်ခု ပြောစ် မယ်တော့"

ဒေါ်ဝေ ပန်းကန်တွေကို အဝတ်ဖြင့် စမ်းသုတ်နေသော အလ ၏ ပခုံးကိုပုတ်ပြီး အနားသို့ တိုးကပ်လိုက်သည်။

"သားချောနဲ့လူကြီးချင်း သဘောတူထားတဲ့ ကောင်မလေ လည်း ပါတယ်ဆိုပဲ"

ဒေါ်ဝေ စကားကြောင့် အလင်းကိုယ်လေး ဆတ်ခနဲ တုန်သွ သွားသည်။ ရင်ထဲက နှလုံးသားတစ်စုံကို အရှင်လတ်လတ် ဆွဲနုတ်





ိုက်ရသလို နာကျင်မှုန်းကြပ်ခြင်းတွေက သွေးစိမ်းရှင်ရှင် ထွက်စေ၏။

ကံကြမ္မာက ရှုံးနိမ့်နေတဲ့ မိန်းမတစ်ယောက်ကို ဘာလို့များ ကြိမ်ကြိမ် ရှုံးနိမ့်စေရတာလဲ။ လောကကြီးထဲမှာ အလင်းအတွက် ်ချမ်းမြေ့စရာကောင်းသည့် မျှော်လင့်ချက်တွေက မြူတစ်မှုန်စာ ာက်တောင် မရှိတော့ဘူးလား"

"သားချောက အဲဒီကောင်မလေးကို ဟိုတုန်းကတည်းက သိပ် ကြည့်ရခဲ့တာမဟုတ်ဘူး အလင်းရဲ့ ပြောမယ့်သာပြောတာ ဒေါ်ဝေ ်စိတ်ထဲတော့လေ သားချော အရေးတယူရှိတဲ့ မိန်းကလေးဆိုလို့ အလင်း စ်ယောက်တည်းပဲရှိတယ်ထင်တယ်"

ခုချိန်မှာ ဒေါ်ဝေ စကားလုံးတွေက ရင်ထဲက ခံစားချက်တွေကို ယ်လိုမှ ချွေးသိပ်မပေးနိုင်တော့။

"သားချောက သိပ်စိတ်ကောင်းရှိတာ၊ လူတစ်ဖက်သားကိုသာ ညီနေရမယ်ဆိုရင်လေ ထမင်းမေ့ ဟင်းမေ့တင်မဟုတ်ဘူး သူ့အသား ေးရမယ်ဆိုရင်တောင် မညည်းမညူ မနာမကျင်ဘဲ စေတနာရှေ့ ြီး လှီးပေးမယ့် သူတော်ကောင်းလေး"

သားချောအကြောင်းကို အမွှန်းတင်နေသော ဒေါ်ဝေ စကားသံ က အလင်းနားထဲသို့ ဝင်တစ်ချက် မဝင်တစ်ချက်။

ဒေါ်ဝေ့စကားသာ အမှန်ဆိုလျှင် အလင်းဘဝဟာ လောကကြီး



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရပ်တည်နေမယ့်အစား သေသွားတာကမှ ကောင်းဦးတော့မည်

"ဒေါ်ဝေတော့လေ အလင်းကို သူတို့မျက်စိကုပေးမယ့်က

အမြန်ဆုံး အကောင်အထည်ဖော်ပါစေလို့ ဆုတောင်းပါရဲ့၊ ဒါမှ အလ

မျက်စိ အမြန်မြင်၊ သားချောနဲ့အလင်းလည်း အမြန်နီးစပ်၊ ဘယ်လော

ကောင်းလိမ့်မလဲ"

"တော် တော်ပါတော့ ဒေါ်ဝေရယ်၊ အလင်းနဲ့သားချော

လုံးဝ မတန်ပါဘူး၊ အလင်းဘဝက မျှော်လင့်ချက်ဆိုတာ ဘာမှမရှိတေ

လောက်အောင်ကို လမ်းဆုံးကို ရောက်နေတဲ့သူတစ်ယောက်ပါ၊ ဒီတေ

သားချောအနေနဲ့ မိဘသဘောတူတဲ့ မိန်းကလေးကိုပဲ လက်ထပ်သင့်

တယ်"

"ဒါပေါ့ အလင်းရဲ့ မင်းက ကိုယ့်ဘဝကိုယ်တော့ ကိုယ်

လည်သားပဲ အဟင်း မဝေ ရှင်ကရော ဘာလို့အဓိပ္ပာယ်မရှိတဲ့စကာ

တွေနဲ့ ဒုက္ခတွေပွေ့ပိုက်ထားတဲ့မိန်းကလေးတစ်ယောက်ကို မျှော်လင့်

တွေ ပေးနေရတာလဲ၊ ဒါက ဘယ်လိုမှ မဖြစ်နိုင်တဲ့ကိစ္စပဲ"

ဒေါ်ဝေရော အလင်းပါ မီးဖိုခန်းဝမှာ ဘွားခနဲပေါ်လာသေ

ဒေါ်ခင်သစ္စာစကားကြောင့် တုန်လှုပ်သွားကြသည်။

အလင်း မျက်စိဖြင့် မမြင်နိုင်ပေမယ့် ဒေါ်ခင်သစ္စာ၏ ကိုယ်

မလိုလားသောအရိပ်တွေကိုတော့ စိတ်မှန်းဖြင့် သိနိုင်ပါသည်။





ဒေါ်ခင်သစ္စာ အလင်းထိုင်နေသော နေရာနားသို့ လျှောက်လာ

ဒေါ်ဝေ မျက်နှာမှာ ဖိုးရွက်သာသာလောက်သာ ရှိတော့၏။

ဒေါ်ခင်သစ္စာ၏အကြည့်များသည် အလင်းအပေါ်မှာ စူးရှလွန်း

သလို အလင်း၏လက်ချောင်းသွယ်သွယ်လေးမှာ ဝတ်ဆင်ထားသော

က်စွပ်ကလေးဆီသို့ အကြည့်ရောက်သွားသည်။

အလင်းလက်ကို ဖျတ်ခနဲ ယူကြည့်လိုက်ပြီး ဟန်မဆောင်နိုင်

က်အောင်ကို မျက်စိမျက်နှာ ပျက်ယွင်းသွားရ၏။

"အလင်းကြည့် ဒီ ဒီလက်စွပ်ကို မင်း ဘယ်ကရတာလဲ"

ဒေါ်ခင်သစ္စာ၏အသံက ယခင်ကထက်ပို၍ မာကြောအေးစက်

သွားနေ၏။

အလင်းမျက်နှာလေးကိုမော့လျက် မမြင်နိုင်သော မျက်ဝန်း

ကြောင်ကြောင်လေးဖြင့် ဒေါ်ခင်သစ္စာကို မော့ငေးလိုက်သည်။

"ဒီလက်စွပ်က အလင်း လက်ဆောင်ရထားတာပါ ကြီးကြီး

ဖြစ်လို့လဲဟင်"

"ဘယ်သူပေးတာလဲ"

"သား သားချောပါ"

"ဒါဆို မင်းနဲ့သားချောနဲ့ ချစ်သူတွေဖြစ်နေပြီပေါ့"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



အလင်း ဘာဖြေရမှန်းမသိအောင်ကို တစ်ကိုယ်လုံး ကြော
တုန်ခါနေ၏။ ပြဿနာကစပြီ။

''ဟင့်အင်း မဟုတ်ဘူး မဟုတ်ဘူး ကြီးကြီး၊ သားရေ
အလင်း ဘာမှမဖြစ်ကြပါဘူး။ အလင်း တကယ်ပြောတာပါ၊ ယုံပေ
ကြီးကြီးရယ်''

''မင်းမညာပါနဲ့ အလင်း၊ သားချောက မင်းနဲ့ဘာမှမဖြစ်
တော့ ဒီလက်စွပ်ကိုမပေးဘူး''

အလင်း လက်ကလေး တခါခါ ခေါင်းလေး တခါခါဖြင့် ငြင်
''အလင်း တကယ်ပြောတာပါ ကြီးကြီးရယ်၊ သားချော ပေ
လက်စွပ် ဘယ်လောက် တန်ဖိုးကြီးတယ်ဆိုတာ အလင်း တ
မသိရပါဘူး။ အလင်း မျက်စိကရင် ဒီလက်စွပ်ကလေးက စွမ်းအာ
ပေးတယ်လို့ပြောပြီး ပေးထားလို့ အလင်း စိတ်ထဲမှာ ဒီလက်စွပ်က
ကို အားကိုးရာတစ်ခုအဖြစ်နဲ့ မှော်ဆန်တဲ့လက်စွပ်ကလေးတစ်ကွင်းအ
သိမ်းထားရုံပါ''

ဒေါ်ခင်သစ္စာ မဲ့လိုက်သည်။ ယခင်က အလင်းအပေါ်မှာ
မိ။ ခုလည်း မမုန်းချင်။ မမုန်းရက်။ ဒုက္ခတလေးဆိုပြီး အိမ်မှာ
တစ်ယောက်လို နေခွင့်ပေးခဲ့၏။

ခုတော့ ကိုယ့်ရဲ့သနားစိတ်ကြောင့် အလင်းက ကိုယ့်ယား





တစ်စစီစုတ်ပြတ်သတ်အောင် လုပ်တော့မည်။

ဒေါ်ခင်သစ္စာ ဤသို့အဖြစ်မခံနိုင်။ သို့သော် လက်စွပ်ရာဇဝင်
လည်း ကိုယ်ကသိထားလေတော့ အလင်းကို သားချော ချစ်နေလို့သာ
လက်စွပ် အလင်းကိုပေးထားတယ်ဆိုတာ ဒေါ်ခင်သစ္စာ အတတ်သိ၏။
တော့ သားဘဝထဲက အလင်းကိုထုတ်ပစ်ရတော့မည်။

''ကဲ အလင်းကြည့် ကြီးကြီး မင်းကို အပြစ်မပြောပါဘူးလေ၊
က မမြင်ရတော့လည်း ဒီလက်စွပ်ရဲ့တန်ဖိုးကို ဘယ်သိမလဲ၊ ဒါ
ရဲ့အပြစ်မဟုတ်ပါဘူး။ တကယ်တော့ ဒီလက်စွပ်က မင်းထင်သလို
ဆန်တဲ့လက်စွပ် မဟုတ်ဘူး၊ တန်ဖိုးအားဖြင့် သိန်းငါးဆယ်ဝန်းကျင်
ရှိတဲ့ စိန်လက်စွပ်တစ်ကွင်းကွယ့်''

''ရှင်''

အလင်း နှုတ်ခမ်းအစုံ ဟသွားကာ ဒေါ်ခင်သစ္စာကို အားနာ
ဟန်ဖြင့် ခေါင်းလေးကို မရဲတရဲ ငုံ့ချပစ်လိုက်သည်။

''အလင်း အဲဒီလောက်တန်ဖိုးရှိမှန်း မသိလို့ လက်ခံထားမိတာ
ကြီးကြီး၊ အဲဒီအတွက် ကြီးကြီးကို အလင်း တောင်းပန်ပါတယ်၊
င်းကို အပြစ်လုပ်မိသူတစ်ယောက်အဖြစ်နဲ့ ကြီးကြီး ရှိက်ပြီးဆုံးမ
ပါတယ်''

အလင်း မျက်ဝန်းအိမ်မှ မျက်ရည်တွေ တွင်တွင်စီးကျကာ



www.burmeseclassic.com

www.burmeseclassic.com



လက်အုပ်ကလေးချီလျက် တတွတ်တွတ် တောင်းပန်ရှာ၏။ ဒေါ်ခင်သ... အလင်းအတွက် အတည်တကျ စီစဉ်ပေးနိုင်ရန် ဖယားတစ်ခု ချရ... မည်။

"မဝေ မဝေနဲ့ကျွန်မ ဒီည စကားပြောကြတာပေါ့၊ အလင်း... ရှေ့ရေးကို ကျွန်မ စီစဉ်ပေးမှုဖြစ်တော့မယ်၊ ဒီတော့ ညကျရင် ကျွ... အခန်းထဲကို လာခဲ့ပါ"

"ဟုတ် ဟုတ်ကဲ့ လာခဲ့ပါမယ်"

"ကဲ လုပ်စရာရှိတာ ဆက်လုပ်ပါ၊ တော်ကြာ ညှိသည်... လာတော့မှာမို့ ခပ်မြန်မြန်လေး ပြင်ဆင်တော့"

ဒေါ်ခင်သစ္စာ မှာစရာရှိတာမှာပြီး မီးဖိုခန်းထဲမှ ထွက်... ခြေလှမ်း စရုံပင်ရှိသေး၏။

"ကြီးကြီး"

ဒေါ်ခင်သစ္စာ အလင်းကို အပြုံးမဲ့မဲ့ဖြင့် လှည့်ကြည့်၏။

"ဒီလက်စွပ်ကလေးကို ကြီးကြီးဆီကို ပြန်အပ်ပါရစေ၊ တ... ရှိတယ်ဆိုမှတော့ အလင်းနဲ့ ဘယ်လိုမှ မထိုက်တန်ပါဘူး၊ ရော့ ပြ... ပါ ကြီးကြီး"

အလင်း စိန်လက်စွပ်ကလေးကို လက်ကလေးနှစ်ဖက်ဖြင့်... ကာ တရိုတသေ လှမ်းပေး၏။





"သားချော မင်းကိုပေးထားတာပဲ၊ မင်း မလိုချင်ရင် သားချော... ပြန်ပေးလိုက်လေ၊ ကြီးကြီးကတော့ ဒီလက်စွပ် အလင်းဆီမှာရှိတယ် ...တာ မသိခဲ့ဘူးလို့ သဘောထားလိုက်မယ် ဟုတ်လား"

ဒေါ်ခင်သစ္စာ အလင်းရှေ့မှ လှည့်ထွက်သွားသည်။

အလင်းကတော့ ဆောက်တည်ရာမရဖြစ်ကာ နေရာမှာတင် ...တွေကြီးထိုင်ကာ ကျန်ရစ်ခဲ့၏။

သားချောကို လက်စွပ်ပြန်ပေးလိုက်တော့မည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၉)

''မဝေ ရှင့်ရဲ့တူ ပီတိဆိုတဲ့ကောင်လေး အိမ်ထောင်ကျသွား ပြီလား''

တစ်ခါမှမမေးဘူးသော အမေးကြောင့် ဒေါ်ဝေ ဒေါ်ခင်သ ကို တအံ့တသြ မော့ကြည့်လိုက်သည်။

''ဟင့်အင်း မကျသေးပါဘူး''

''ဒါဆို သူအခု ဘာလုပ်နေလဲ''

''သူအခု ကုမ္ပဏီကားမောင်းနေတယ်''

ဒေါ်ခင်သစ္စာ တစ်ခုချင်းမေး၍သာ ဖြေနေရတာ၊ ဒေါ် ဘာကြောင့် ခုလို ပီတိ အကြောင်းကို မေးနေရသလဲဆိုတာ မတွေး





''အလင်းကို မျက်စိခွဲစိတ်ကုသပြီးရင် ရှင့်တူ ပီတိနဲ့ လက်ထပ် ပေးလိုက်ချင်တယ်၊ ပြီးရင် သူတို့လုပ်ငန်းတစ်ခု လုပ်လို့ရအောင် ကျွန်မ ငွေအရင်းအနှီး ထုတ်ပေးမယ်၊ အဲဒီအတွက် ရှင် ဘယ်လိုသဘောရလဲ ဝေ''

ဒေါ်ဝေ ဒေါ်ခင်သစ္စာ၏အစီအစဉ်ကို အံ့သြနေပေမယ့် ငြင်းဆို ရာအကြောင်းတစ်စက်မှ မရှိ။ ကိုယ့်တူလေး ပီတိက လူရိုးလူအေး သေ။ ရုပ်ရည်အားဖြင့် သားချောလို့ နဖတ်နေအောင် မချောပေမယ့် ယောကျ်ားပီသသော အဆင်းအရောင်နှင့်မို့ အလင်းနှင့် သဘောမတူ နိုင်စရာ အကြောင်းမရှိ။

ပီတိကလည်း ကြွေရုပ်ကလေးလို လှပလွန်းတဲ့ အလင်းကို ငြင်းမှာမဟုတ်။ မချစ်ခဲ့ဘူးဆိုလျှင်တောင် အလင်း ဒုက္ခကို သိတာနှင့် အလင်းကို သူ ကယ်တင်စောင့်ရှောက်ထားမှာ အသေအချာ။

''အင်းလေ မမလေး အစီအစဉ်ကလည်း အလင်းအတွက် တော့ ငြင်းစရာမရှိပါဘူး။ အလင်းအတွက် ဒီအချိန်မှာ ကူကယ်ရာမဲ့ ဖြစ်နေတဲ့အတွက် မမလေးတို့အစီအစဉ်ကို သူ ငြင်းဆန်ရဲမှာမဟုတ်တာ တော့ သေချာတယ်''

ဒေါ်ဝေ အလိုက်အထိုက် လိုက်ပြောပေးနေသဖြင့် ဒေါ်ခင်သစ္စာ ကျေနပ်ပြုံး ပြုံးလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ဒီကိစ္စ မဝေကို လွှဲလိုက်ပြီနော်၊ အဲ တစ်ခုတော့ရှိတယ် အလင်းကို ဘယ်ပို့လိုက်တယ်ဆိုတာကိုတော့ သား လုံးဝမသိပါစေနဲ့ ဒီကိစ္စ အရေးကြီးတယ်၊ အလင်းကို ရှင့်တူနဲ့ပေးစားဖို့ စီစဉ်တာဟာ သားချောနဲ့အလင်းကို မနီးစပ်စေချင်လို့ဆိုတာ ရှင်သိရင် နှုတ်လုံပါ"

"စိတ်ချပါ မမလေး၊ မဝေ အလင်းကိစ္စ ယောင်လို့တောင် သားချောကို မပြောပါဘူး"

"ကောင်းပြီ ကျွန်မ စိတ်ချမယ် အင်း ခု အလင်းဘယ်မှာလဲ"

"မီးဖိုခန်းထဲမှာ ဘောစင်တွေ ဆေးနေတယ်"

"ခု ကျွန်မ အခန်းထဲကို ခေါ်လာခဲ့၊ သူ့ကို ဒီကိစ္စ အသိပေး ရမယ်"

"ဟုတ်ကဲ့ ကျွန်မ အခုပဲ သွားခေါ်လာခဲ့ပါမယ်"

ဒေါ်ဝေ အခန်းထဲမှ ထွက်သွားတော့ ဒေါ်ခင်သစ္စာ လယ်သာ ကုလားထိုင်တွင် ခြေချိတ်ထိုင်ပြီး အကြံအောင်သူအပြုံးမျိုးဖြင့် ကျန်ခဲ့၏

သိပ်မကြာလိုက် ဒေါ်ဝေ အခန်းထဲ ခပ်သုတ်သုတ် ပြန်ဝင်လာ သည်။ အလင်း တုတ်ကောက်ကလေးဖြင့် ဒေါ်ဝေ အနောက်မှ စမ်း တမ်းစမ်းတမ်းဖြင့် လိုက်လာသည်။

"လာ အလင်း ဒီမှာလာထိုင် မဝေ အလင်းကို ကျွန်မရှေ့ ခုံမှာလာထိုင်ခိုင်းလိုက်"

ဒေါ်ခင်သစ္စာ မေးငေါ့ညွှန်ပြရာသို့ အလင်းကို တွဲကူခေါ်လာပြီး ထိုင်စေလိုက်သည်။ အလင်း မဝံ့မရဲဟန်လေးဖြင့် ခပ်ရို့ရို့ ဝင်ထိုင်လိုက် သည်။

"မဝေ ရှင်သွားလို့ရပြီ၊ ကျွန်မ ခေါ်မှ ပြန်လာခဲ့"

"ဟုတ်ကဲ့ မမလေး"

ဒေါ်ဝေ ထွက်သွားသည်အထိ ဒေါ်ခင်သစ္စာ ဘာစကားမှ မဆို ဘဲ အလင်းကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်သည်။

ဒုက္ခသည်လေးလို့ ထင်ရက်စရာမရှိအောင် ငြိမ်းချမ်းအေးဆေး ...နှံးသော မျက်နှာလေး။ ပြစ်မျိုးမွဲ့မထင် အလှမျိုးဆိုတာ အလင်းလို ...း ကလေးလှသော အလှမျိုးကို ရှေးစာဆိုတွေ တင်စား ခေါ်ဝေါ်ထား ...တာ ဖြစ်မည်။

ခြေချောင်းလေးတွေဆိုလည်း ဆေးသားမတင်ဘဲနှင့် သဘာဝ ...တိုင်း နီတွေးနေပြီး ကြည်လင်သော အသားအရေမှ သွေးကြောစိမ်း ...တွေပင် ထင်ရှားစွာ မြင်နေရ၏။ ထိုမျှလောက်လှသော မိန်းကလေး ... ကိုယ့်သားချစ်မိသွားတာ အပြစ်မဆိုသာ။

လုံချည်နီညိုရောင် ပြောင်လေးပေါ်မှာ အပွင့်ဖြူလေးတွေပါ ...ာ အဆင်နှင့်မလိုက်ဖက်စွာ အပေါ်မှ ဝတ်ဆင်ထားသော အပြာရောင် ...ည်သားရင့်ရင့်မှာ ဘယ်လိုမှ မလိုက်ဖက်ပေမယ့် အလင်း၏အလှနှင့်





www.burmeseclassic.com

www.burmeseclassic.com



ထိတွေ့မိသောအခါ အသွင်တစ်မျိုး ဆန်းလေးနှင့် ကြည်ပျော်ရွှပျော် ရှိသွားပြန်သည်။

ဒီလို ရုပ်ရည်အဆင့်အတန်းရှိတဲ့ မိန်းကလေးဆီမှာ ပညာ အရည်အချင်းနှင့် မျိုးရိုးဂုဏ်သိက္ခာ စည်းစိမ်ချမ်းသာ ကြွယ်ဝမှုသာ လိုက်တော့ သားက တင်တောင်းပေးပါဆိုလျှင်တောင် ရှိသမျှ စည်းစိမ် ဥစ္စာနှင့် တင်တောင်းပေးနိုင်သေးသည်။

ခုတော့ သားရဲ့နှလုံးသားထဲကနေ အလင်းကိုရအောင် ဆွဲထုတ် ရတော့မှာပေါ့။

"ကြီးကြီး အလင်းနိုပ်ပေးမယ်လေ"

အလင်း၏ တိုးသဲ့သဲ့အသံနှင့် မဝံ့မရဲပြောလာတော့မှ ဒေါ်ခင် သစ္စာ အတွေးတို့ကို ပြန်ရုပ်ကာ

"ရပါတယ် သမီးရယ် ကြီးကြီး ဒီနေ့ မညောင်းပါဘူး၊ သမီး ကို ကြီးကြီး ပြောစရာရှိလို့ ခေါ်လိုက်တာပါ၊ အခု ကြီးကြီးပြောမယ့် အကြောင်းအရာက သမီးအတွက် အရမ်းအရေးကြီးတယ်"

ဒေါ်ခင်သစ္စာ အရေးကြီးတယ်ဆို၍ အလင်း ခေါင်းလေး လျှိုးနေရာမှ မျက်နှာလေး ချက်ချင်းပင် မော့လာသည်။ ဒေါ်ခင်သစ္စာ ပြောမည့်အကြောင်းအရာကို စိတ်စောစွာ နားစွင့်နေပုံရ၏။

"သမီးကို ကြီးကြီးတို့က မျက်စိပြန်မြင်အောင် ငွေကြေးကုန်





ခံပြီး ခွဲစိတ်ကုသပေးမယ်"

အလင်းမျက်နှာလေး အံ့ဩသည့်အရိပ်တချို့ ဖြတ်ပြေးသွား သည်။

"ဒါပေမဲ့ သမီးကလည်း ကြီးကြီးကို တစ်ခုပြန်ကူညီရမယ်၊ အဲဒါက ဘာလဲဆိုတော့ သားချော အချစ်ကို လုံးဝလက်မခံဘဲနဲ့ ကြီးကြီး တို့ပေးစားမယ့် လူငယ်လေးတစ်ယောက်နဲ့ လက်ထပ်ရမယ်"

"ရှင်"

အလင်း နှုတ်ခမ်းသားလေးတွေ တဆတ်ဆတ် တုန်လာအောင် ကို နှလုံးသားမှာ ပြောင်းဆန်အောင် တုန်လှုပ်ချောက်ချားသွားရ၏။

မျက်စိကလည်းမမြင် နောက်ပြီးကိုယ်လုံးဝမသိသည့်ယောကျ်ား တစ်ယောက်ကို ဖြန်းခနဲ လက်ထပ်ရဦးမည်။ ဒါ့အပြင် ကိုယ့်ရင်ထဲမှာ ခံတိတ်တိတ် ချစ်နေမိသော ချစ်သူကိုလည်း ဆုံးရှုံးရဦးမည်။ သောက တွေသာ အလင်း၏ဘဝမှာ မိုးရွာသလို အဆက်မပြတ် ရွာသွန်းနေပါလား။ အလင်း တကယ့်ကို ရူးသွပ်သွားချင်ပါသည်။ ဆိုးရွားလိုက်တာ အလင်း ဘယ်လိုထွက်ပေါက်ရှာရမှန်းပင် မသိတော့။

ကြီးကြီးတို့ပေးစားမယ့်သူဟာ အလင်းအပေါ်မှာ သားချော လောက် ကောင်းနိုင်ပါ့မလား။ ဘယ်လိုအကျင့်စရိုက်မျိုးလဲ။ အလင်းရဲ့ ရင်ထဲမှာ သားချောရှိနေပြီးတဲ့နောက် ဘယ်သူ့ကိုထပ်ပြီး ခံစားလို့ရဦး



www.burmeseclassic.com

www.burmeseclassic.com



မှာတဲ့လဲ။

"အလင်း အိမ်ထောင်မပြုပါရစေနဲ့ ကြီးကြီးရယ်၊ အလင်းကို မျက်စိမကုပေးချင်လည်း ရပါတယ်"

"မဟုတ်သေးဘူး အလင်း၊ ကြီးကြီး ခုလို စီစဉ်တာ အလင်းအတွက် တစ်ခုတည်းတင်မဟုတ်ဘူး အဓိကက ကြီးကြီးသားအတွက်ပါ၊ အလင်းအနေနဲ့ သားချောဘဝကို ဒီထက်မြင့်မားစေချင်တယ်၊ ဒီထက် ငြိမ်းအေးပျော်ရွှင်စရာကောင်းတဲ့ ဘဝလေးကို ပိုင်ဆိုင်စေချင်တယ်ဆိုရင် သားချောထက်အရင် အလင်းကြိုပြီး လက်ထပ်လိုက်မှဖြစ်မယ်၊ ဒါမှ ကြီးကြီးတို့ သဘောတူတဲ့ နိုင်ကြည်ဖြူကို သူ စိတ်လည်ပြီး လက်ထပ်မှာ"

အလင်း တွေဝေသွားသည်။ အမှန်ဆိုရင် ကိုယ်ချစ်တဲ့သူကို အလင်းဘဝတစ်သက်စာအတွက် ထာဝရ ပိုင်ဆိုင်ချင်တာပေါ့။ ဆုံးရှုံးရမယ်ဆိုလျှင် အလင်းအတွက် တကယ့်ကို ကမ္ဘာပျက်သလိုပါပဲ၊ သို့သော် အလင်း ဘဝအခြေအနေက စိတ်ကူးနဲ့မျှော်လင့်ချက်တွေ ပေါင်းစည်းပြီး အလင်း အိပ်မက်တွေ တကယ်ဖြစ်လာမှာမှ မဟုတ်တာ..

ဒီတော့ အလင်းဘဝကို မချစ်မနှစ်သက်တဲ့သူနဲ့ပေါင်းရမယ့် အတူတူ လောကကြီးထဲက ထွက်သွားလိုက်တာကမှ အလင်းရဲ့နိဂုံး ပြီးဆုံးသွားမှာပါ။

"အလင်းရှေ့ရေးကို ကြီးကြီးက စေတနာနဲ့ စီစဉ်ပေးမှတော့ အလင်း မငြင်းဝံ့ပါဘူး၊ ကြီးကြီးတို့သဘောအတိုင်းပါပဲ"





ဒေါ်ခင်သစ္စာ အလင်း၏ခေါင်းညိတ် လက်ခံမှုကြောင့် ကျေနပ်စွာ ပြုံးလိုက်ပြီး အလင်း၏ခေါင်းလေးကို ခပ်ဖွဖွ သပ်ပေးကာ

"ကြီးကြီးစကားကို အလင်းကြည် နားထောင်ပေးတဲ့အတွက် ကြီးကြီးက အလင်းကို ကျေးဇူးတင်ပါတယ်ကွယ် ကဲ ကဲ မဝေကိုခေါ်ပြီး အလင်း သွားနားတော့၊ နောက်မှ လက်ထပ်ပေးဖို့ကိစ္စ အသေးစိတ် ဆွေးနွေးကြတာပေါ့၊ တစ်ခုရှိတာက ဒီကိစ္စကို သားချောကို မပြောလိုက်နဲ့နော် အလင်း"

"ဟုတ်ကဲ့ အလင်း သဘောပေါက်ပါတယ် ကြီးကြီး၊ ကြီးကြီးတို့ သဘောအတိုင်း ဖြစ်စေရပါမယ်"

အလင်း ခေါင်းညိတ်ကတိတွေပေးပြီး ဒေါ်ခင်သစ္စာရှေ့မှ တုတ်ကောက်ကလေး ထောက်ကာ စမ်းတဝါးဝါးနှင့် အခန်းအပြင်သို့ လျှောက်သွားလိုက်သည်။

ရင်ထဲမှာ အလင်း၏အိပ်မက်ကမ္ဘာလေး တစ်စစီ ပြိုကျပျက်စီးခဲ့ပြီ၊ ကြီးကြီးဆန္ဒကို မလွန်ဆန်နိုင်၍ ခေါင်းညိတ်လက်ခံလိုက်ပေမယ့် အလင်း သူစိမ်းယောကျ်ားတစ်ယောက်နှင့် လက်မထပ်နိုင်။ အလင်းဘဝကို ဒီအိမ်ကြီးနှင့် ဝေးတဲ့နေရာတစ်ခုမှာ လူမသိ သူမသိ သွားပြီး အဆုံးစီရင်လိုက်တော့မည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီအိမ်ကြီးမှာ အဆုံးစီရင်လိုက်လျှင် ကြီးကြီးတို့ ဘဘတို့အတွ
မလိုလားအပ်တဲ့ ပြဿနာတွေ ရှင်းနေရမည်။

ထို့ကြောင့် အလင်း မနက်ဖြန်မနက်စောစော ဒီအိမ်ကထွ
သွားဖို့ ဆုံးဖြတ်ချက်ကို အခိုင်အမာချလိုက်သည်။

အလင်း တစ်ဦးတည်းအတွက်တော့ လောကကြီးက ရှေ့
နေသလိုပါပဲ။

■ ■ ■



အခန်း (၂၀)

အလင်း ညကတည်းက တစ်မှေးမှ မအိပ်ခဲ့ရ။ ည ညဥ့်နက်
တော့ အလင်းအနားကို သားချော ရောက်လာသည်။ အလင်း သိပေမယ့်
ပင် အိပ်မောကျနေဟန်ဆောင်လိုက်သည်။

ခွဲရမယ်ဆိုတာ ကြိုသိနေမှတော့ နောက်ထပ် အမှတ်ရစရာ
ကို ထပ်ပြီး မပွေ့ပိုက်လိုတော့။

အိပ်မောကျနေသည့်အထင်နှင့် အလင်း၏မျက်နှာအနံ့ကို နမ်း
ပြီး သားချော ရင်ခွင့်မှာ ခိုလှုံခွင့်ရခဲ့တဲ့ အလင်းရဲ့ကြေကွဲဝမ်းနည်း
ဟာ ဘယ်လိုသောကမျိုးတွေနှင့် ယှဉ်၍ရနိုင်မည် မထင်။

နံနက် ဝေလီဝေလင်းကျမှ သားချော အိပ်ကြီးဆီသို့ ပြန်



www.burmeseclassic.com

www.burmeseclassic.com



တက်သွားသည်။ ဒီတော့မှ တစ်ညလုံး ချုပ်တည်းထားသမျှ ငိုကြွေ
ခြင်းတွေကို စိတ်ကြိုက် ငိုခွင့်ပေးလိုက်သည်။

အလင်းရဲ့ငိုကြွေးသံကို သားချော ကြားနိုင်မှာမဟုတ်။

အလင်းကို ဖြည်းဖြည်းချင်း မေ့ပေးပါ သားချောရယ်။

အလင်း ငိုနေ၍မဖြစ်သေး။ အလင်း၏ကံကြမ္မာကို အ
သတ်ဖို့အတွက် ဒီအိမ်ကြီးနှင့် ဝေးသောနေရာသို့ အလင်း ပြေး
မည်။

ထို့နောက် ဆုံးရှုံးခြင်း အပူသောကတွေကို ရင်မှာ့မဆန့်အေ
သယ်ယူထုပ်ပိုး၍ ချစ်သော သားချောနှင့် အိမ်ကြီးကို ဥပေက္
ကျောခိုင်းခဲ့လေသည်။

အလင်းရောင်ဖျော့ဖျော့တောင် မသမ်းသေးသော အရ
အချိန်မို့ လမ်းတစ်လျှောက် လူသွားလူလာ နည်းပါးနေသေးသည
ကားလမ်းမကြီးတွေဆီမှ ကားတွေ ဖြတ်မောင်းသွားသံ
ကြားနေရသည်။ အလင်း စမ်းတဝါးဝါးနှင့် လျှောက်လာလိုက်သ

"အား အမေ့"

အရှေ့မှ ချိုင့်ကို မမြင်သဖြင့် အလင်းခြေခေါက်ပြီး လဲကျ
သည်။ အလင်း နာကျင်လွန်းသော ဝေဒနာကို အံကြိတ်ခံ
လဲကျနေရာမှ အတင်းကုန်းထသည်။





ကိုယ့်ကိုယ်ကိုယ် သေလုလို့ သတ်မှတ်ပြီးမှတော့ ထိုမျှလောက်
သော နာကျင်မှုကို စာဖွဲ့မနေတော့။ အလင်း၏ အဓိကရည်ရွယ်ချက်က
းချောနှင့်ဝေးသောနေရာတစ်နေရာမှာ ကိုယ့်ဘဝကိုယ် အဆုံးစီရင်ဖို့
င်း

ထို့ကြောင့် ဒီအနီးအနားမှာ အလင်းအသက်ကို စတေး၍မဖြစ်။
သို့ စတေးလိုက်လျှင် အလင်း သေသွားပြီဆိုတာ သားချော အနေး
အမြန်သိသွားနိုင်သည်။

"ဟော့ ကလေးမ ဟော့ကလေးမ"

လူကြီးတစ်ယောက်၏ခေါ်သံကြောင့် အလင်း အနောက်ဘက်
အစွင့်နေလိုက်၏။ ကားတံခါးဖွင့်သံနှင့်အတူ အလင်းနားသို့ လျှောက်
သော ခြေသံကိုကြားရသည်။

"ဟော့ ကလေးမ မင်း မျက်စိကွယ်နေတာလား"

စမ်းတမ်းစမ်းတမ်းဖြင့် ယောင်ဝါးဝါး လျှောက်နေသော အလင်း
ကြည့်ပြီး ထိုလူကြီး ဤသို့မေးခြင်းမှာ အပြစ်ဆိုဖွယ်ရာမရှိ။

"ဟုတ်ပါတယ် ဘဘ အလင်း မျက်စိကွယ်နေတာပါ"

"ဒါနဲ့များကွာ လမ်းကို တစ်ယောက်တည်း ထွက်လျှောက်လာရ
အဖော်လေးဘာလေး ခေါ်မှပေါ့ကွ"

အလင်း၏ဒုက္ခကိုကြည့်ပြီး ကရုဏာဒေါသဖြင့် ပြောသော ထို



www.burmeseclassic.com

www.burmeseclassic.com



လူကြီးကို အလင်း ဘာမှပြန်မပြောဘဲ ရှေ့ကိုဆက်လျှောက်ဖို့ တ[illegible]
ကောက်ကလေးဖြင့် လှမ်းစမ်းလိုက်သည်။

"မင်း ဘယ်သွားမလဲ၊ အဘလိုက်ပို့ပေးမယ်ကွယ် မြင်ရ[illegible]
တကယ့်ကို အမြင်မတော်ဘူး၊ ပြော မင်းအိမ်ကို လိုက်ပို့ပေးမယ်"

အလင်း အာရုံထဲ အကြံတစ်ခု လှစ်ခနဲ ရသွားသည်။ [illegible]
ကြောင့် ကိုယ့်ရဲ့နိဂုံးကို အဆုံးသတ်ဖို့နေရာတစ်ခုကို အပြေးအ[illegible]
စဉ်းစားလိုက်သည်။ ဘယ်နေရာ စဉ်းစားရမလဲ။

အလင်း၊ ရွာကနေ ရန်ကုန်တက်လာတော့ ရွှေပြည်သ[illegible]
လှိုင်သာယာတို့ အင်းစိန်တို့ ဆိုသည့် မြို့နယ်လေးတွေ၏ နာမည်[illegible]
အဘိုးပြောပြ၍ ကြားဖူးသည်။

"ဟို ဟိုလေ အလင်း အလင်း အင်းစိန်သွားမလို့ပါ အ[illegible]

အလင်း ပါးစပ်ထဲ တွေ့ကရာမြို့နယ်တစ်ခုကို ရွတ်ပြ[illegible]
သည်။ အလင်း၏ လိမ်လည်မှုကို ထိုအဘကြီး ရိပ်မိပုံမပေါ်။

"ဒါဆို လာ အဘလည်း အဲဒီဘက်သွားမှာ၊ လမ်းကြ[illegible]
လိုက်ခဲ့"

အလင်း ကံဆိုးတာလား၊ ကံကောင်းတာလား မခွဲခြား[illegible]
တော့။

ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံဖို့ ထွက်လာတဲ့သူကို ကိုယ်[illegible]





[illegible]သမည့်နေရာကို ဆိုက်ဆိုက်မြိုက်မြိုက် လိုက်ပို့မည့်သူက အဆင်သင့်။
[illegible]ဘကကြီးက အလင်းကို တော်တော်မျက်မုန်းကျိုးနေတာပဲ။

ဘာပဲဖြစ်ဖြစ် ကိုယ့်အသက်ကို စတေးမည့်နေရာကို လျော
[illegible]သွာလျှုသျှု ရောက်သွားဖို့ပဲမဟုတ်လား။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၁)

"ကဲ ကလေးမ အင်းစိန်မြို့နယ်ထဲတော့ ရောက်ပြီ မင်းအိမ်
ဘယ်နေရာမှာလဲ၊ အဘကိုပြော အဘ အိမ်အထိ လိုက်ပို့ပေးမယ်"

စေတနာတွေ ရေစီးကမ်းပြိုဖြင့် အိမ်ကိုပို့ပေးဖို့ ပြောနေသော
အဘကြီးကို အလင်း ကျေးဇူးတင်သော အပြုံးယဲ့ယဲ့ဖြင့်

"ရပါတယ် အဘ၊ ဟို အလင်းဘာသာပဲ သွားပါ့မယ်
နေရာအထိ ခေါ်လာပေးတဲ့အဘရဲ့ ကျေးဇူးကို အလင်း မမေ့ပါ"

"ကျေးဇူးတင်ဖို့ မလိုပါဘူး ရပါတယ်၊ ကလေးမသာ
တစ်ခါ လမ်းသွားရင် အဖော်လေးနဲ့သွားပါ"

"ဟုတ်ကဲ့ပါ အဘ"





"အေး အေး ဒါဆို အဘ သွားပြီ"

"ဟုတ်ကဲ့"

အဘကြီး အလင်းကို နှုတ်ဆက်ပြီး ကားမောင်းထွက်သွား
သည်။ အလင်း ကားလမ်းဘေးတွင်သာ တွေတွေကြီး ရပ်နေလိုက်သည်။

ဒီအချိန်လေးဟာ အလင်းရဲ့ခန္ဓာကိုယ် နောက်ဆုံးရပ်တည်
မည့်အချိန်ကာလငယ်လေးတစ်ခု။ အလင်းမျက်ဝန်းတို့ကို စုံမှိတ်ပစ်
လိုက်သည်။

အာရုံထဲမှာ အဘိုး၏ပုံရိပ်ကို ဝေဝါးစွာ ပေါ်လာသည်။

"အဘိုး အလင်း အဘိုးနောက်ကို လိုက်လာတော့မယ်၊ အ
လင်းကို စောင့်နေပါ၊ အလင်းဘဝမှာ အဘိုးမရှိတော့တဲ့နောက် ရှင်လျက်
သေနေရသလိုပါပဲ အဘိုးရယ်"

အလင်းရင်ထဲ ဆို့နစ်ခြင်းတွေဖြင့် ခြေလှမ်းတွေကို ပလက်
ဖောင်းပေါ်မှ ဆင်းနိုင်းလိုက်ပြီး ကားလမ်းမကြီးဆီသို့ တရွေ့ရွေ့ လျှောက်
လာလိုက်သည်။

ခပ်ဝေးဝေးမှ အရှိန်ဖြင့် မောင်းနှင်လာသော ကားတစ်စီး၏
အသံ။ ထိုကားအောက်မှာ အလင်း၏ဝိညာဉ်တွေ တမဟုတ်ချင်းကို လွင့်မျော
သွားစေဖို့ အလင်း စိတေးရမည်။

ကားသံက အလင်းအာရုံထဲမှာ နီးသထက် နီးလာပြီ။ အလင်း



www.burmeseclassic.com

www.burmeseclassic.com



အဖို့တော့ ထိုကားစက်သံဟာ သေမင်းတမန်၏ကြုံးဝါးသံလိုပါပဲ။

သားချောရေ နောင်ဘဝဆိုတာ ရှိခဲ့ရင် သားချောနဲ့ ထပ်ဆုံ

ပါသေးတယ်။ ခုဘဝမှာ သားချောကို မမြင်ဖူးလိုက်ရပေမယ့် နောင်ဘ

ဆိုတာမျိုး ရှိလာခဲ့ရင် အလင်းရဲ့နှလုံးသားမှာ သားချောဆိုတာကို အလုံ

သိလာပါစေ။

ဒီဘဝအတွက်တော့ ထာဝရ နှုတ်ဆက်ခဲ့ပါတယ် သားချေ

ရယ်။

"တီ တီ"

ရှည်လျားသော ကားဟွန်းသံနှင့်အတူ အလင်း၏ ကိုယ်လေး

တစ်စုံတစ်ဦးက နောက်မှ ဖမ်းဆွဲထားလိုက်သလို ခံစားရပြီး ခန္ဓာကိုယ်

အနောက်ဘက်သို့ ယိုင်သွားသည်။

"ဟေ့ ဟိုမှာ ကားလာနေတာကို မမြင်ဘူးလား၊ သေသွား

လို့လား"

ကရုဏာဒေါသောနှင့် ရောထွေးနေသော ခပ်ရင့်ရင့်အသံ

ကြောင့် အလင်း သေဆုံးခြင်းနှင့် လွဲခဲ့ရပြန်ပြီဟု စိတ်က သိလိုက်သည်

"ဟေ့ သေချင်ရင် တခြားနည်းနဲ့သေ ငါတို့ကို ဒုက္ခမပေး

ကားမောင်းသွားသော လူကြီးက သူ့ ထောင်ထဲဝင်ရဖို့ သ

လေးသာလိုတော့သဖြင့် ဒေါသဖြစ်ကာ အလင်းကို ကားပေါ်မှ အော်





သွားသည်။

"ကဲ ကြားပြီနော် ဒီလောက် ကားလာနေတာကို မြင်ရဲ့သားနဲ့ ကိုယ့်သေတွင်းကိုယ် တူးစရာလား"

ထိုလူ အလင်းလက်မောင်းကို ဖမ်းဆွဲထားနေရင်းမှ အလင်းကို အပြစ်တင်သေး၏။

အလင်း ကြောက်စိတ်ကြောင့် တုန်ခိုက်နေသည်။ မျက်ဝန်းမှ မျက်ရည်ကြည်တို့ တဖန် လိမ့်လိမ့်ကျလာပြန်သည်။

"အဲလင်း အလင်းဘဝက ဒီလိုလုပ်မှဖြစ်မှာမို့လို့ပါ ဦးကြီးရယ်၊ အလင်းကို ပေးသေပါ၊ လူ့လောကမှာ အလင်းရှိနေတော့ရော ရှင်လျက်နဲ့ သေနေရဦးမှာပဲ"

ထိုလူ အလင်း၏ကြောင်တောင်ကန်း မျက်လုံးတွေကို ရိပ်မိသွားဟန်တူသည်။

"မင်း မင်း မျက်စိမမြင်ဘူးလား"

"ဟုတ်ပါတယ် အလင်းက မျက်ကန်းမတစ်ယောက်ပါ"

"ဟာကွာ ဖြစ်မှဖြစ်ရလေ၊ မင်းမျက်စိ မမြင်တာနဲ့ပဲ မင်းဘဝကို ဒီလို မစတေးသင့်ပါဘူးကွာ"

"သွားစရာ နေစရာမရှိမှတော့ အလင်း အသက်ရှင်နေလို့ရော ဘာထူးမှာလဲ ဦးကြီးရယ်"



www.burmeseclassic.com

www.burmeseclassic.com



ငိုရှိုက်သံဖြင့် ပြောလိုက်သောကြောင့် ထိုလူ့ထံမှ သက်ပြင်းချ
သံကို ဟင်းခနဲ ကြားလိုက်သည်။

"ကဲ လာ ကားလမ်းမကြီးမှာ ငါတို့ကို လူတွေ ဝိုင်းကြည့်နေ
ကြတယ်၊ မင်းက မမြင်ရတော့ရှက်ရမှန်း မသိပေမယ့် ငါကတော့
ရှက်တယ်"

ထိုလူ အလင်းလက်ကို ဖျတ်ခနဲ ဆွဲကိုင်လိုက်သည်။

"ဆိုက်ကား"

ဆိုက်ကားဟု ခေါ်သံနှင့် မရှေးမနှောင်းမှာပင် ဘဲလ်တီးလာ
သော ဆိုက်ကားသံကို ကြားလိုက်ရသည်။

"ကိုပီတိ ဘယ်လဲ"

"အိမ်ကိုပြန်မယ်ဗျာ"

ဆိုက်ကားဆရာ ပီတိဆိုသောလူနှင့် အလင်းကို သေ
အကဲခတ်ပြီး ပြုံးဖြီးဖြီး အမူအရာနှင့်

"သဘောပေါက်ပြီ သဘောပေါက်ပြီ တို့လူပျိုကြီး ကိုပီတိ
တော့ စောစောစီးစီး မြားနတ်မောင် မျက်စိကျခံလိုက်ရပြီ ဟား ဟား
ဟား"

"ဟာဗျာ ခင်ဗျား ဘာတွေလျှောက်ပြောနေတာလဲ၊ စော
စီးစီး ရေချိန်ကိုက်ပြီး တလွဲလျှောက်မတွေးစမ်းပါနဲ့ နင်းမှာသာ နင်း





ပီတိဆိုသောလူ အလင်းကို ဆိုက်ကားပေါ် တွဲကူတင်ပေးလိုက်
သည်။ အလင်း ခုချိန်မှာ သေဖို့မဖြစ်နိုင်တော့မည့်အတူတူ ထိုလူ ဆိုက်
ကားပေါ်တွဲတင်ပေးခြင်းကို အလိုက်အထိုက် တက်ထိုင်လိုက်သည်။

"သူက ဘယ်သူလဲ ကိုပီတိ"

"ဟာ ခင်ဗျား အတော် စပ်စုတဲ့လူပဲဗျာ"

ပီတိ ဆိုက်ကားနောက်ခုံတွင် ဝင်ထိုင်ရင်း စပ်စုလွန်းသော
ဆိုက်ကားဆရာကို ငေါက်ဆတ်ဆတ် ပြန်ပြောလိုက်၏။ ထိုလူ စိတ်
မဆိုးသည့်အပြင် တဟဲဟဲနှင့် ရယ်သံကို အလင်း ကြားလိုက်ရသည်။
ထိုလူ ဆိုက်ကားနင်းရင်း အလင်းကို ရူးစမ်းသလို ကွက်ကြည့်ကွက်ကြည့်
သုပ်နေတာကိုတော့ အလင်းမသိ။

ဆိုက်ကားက သိပ်မနင်းလိုက်ရ။

"ကဲ ရောက်ပြီ ဆင်းတော့"

ပီတိ အလင်းကို တွဲပြီး ဆိုက်ကားပေါ်မှ ဆင်းခိုင်းလိုက်သည်။

"ရော့ ဆိုက်ကားခ ပိုတာ ပြန်မအမ်းနဲ့တော့"

"အိုကေ ကိုယ့်ဆရာ စောစောစီးစီး သဒ္ဓါတွေပေါက်နေပါလား။
ဒီနေ့တော့ ထီထိုးဖြစ်အောင် ထိုးလိုက်ဦးမှ ဟား ဟား ဟား"

ဆိုက်ကားဆရာ အဝေးသို့ ထွက်သွားမှ ပီတိ အလင်း လက်
ဆောင်းလေးကို ဖေးကူတွဲရင်း ခြံတံခါးကို အရင်ဆုံး ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အလင်း ကိုယ်မကျွမ်းကျင်တဲ့နေရာမို့ ပီတိခေါ်ရာသို့ တုတ်ကောက်လေး တစမ်းစမ်းဖြင့် လိုက်လာလိုက်သည်။

ပီတိ အိမ်တံခါးသော့ကို ကပျာကယာ ဖွင့်လိုက်သည်။

"ရောက်ပြီ၊ ဒါ ကိုယ့်အိမ်ပဲ၊ မင်းအကြောင်းကို ငါ သေချာ နားထောင်ပြီးမှ ဘယ်လိုကူညီပေးရမလဲလို့ အရင်ဆုံး စဉ်းစားပေးမယ် အဲ စောစောကလို မကြံ့အပ်မစည်အပ်တာကိုတော့ ကိုယ်လည်း လုံး လက်သင့်မခံဘူး၊ ဒီပွဲက မင်းသေသွားရုံနဲ့ မပြီးဘူး၊ မင်းက တမလွန်ကို ကျော့ကျော့ကော့ကော့လေး ထွက်သွားပြီး မင်းကိုတိုက်လိုက်တဲ့ ကား ဆရာက အလကားသက်သက် ထောင်ကျမယ်၊ သူ့နောက်မှာ ကျန်ခဲ့တဲ့ သူ့ရဲ့မိသားစု စားဝတ်နေရေး ဒုက္ခရောက်မယ်"

အလင်း ဘာမှပြန်မပြောဘဲ ခေါင်းကိုသာ တွင်တွင်ငုံ့ကာ မျက်ရည်တွေ စီးကျလာသည်။

"မင်း ဘာဖြစ်လို့ သေချင်ရတာလဲ၊ မင်းမိဘတွေကရော ဘာလဲ သူတို့မသိအောင် မင်းအပြစ်တွေ လုပ်ထားလို့လား၊ ဒါမှမဟုတ် မင်းချစ်သူနဲ့မင်း လွန်လွန်ကျူးကျူးတွေဖြစ်လို့ မိဘသိမှာကြောက်ပြီး ခုလို ကိုယ့်ကိုယ်ကိုယ် သေကြောင်းကြံစည်တာလား"

"အို မဟုတ်တာ ဦးကြီးရယ်၊ အလင်း ဦးကြီးထင်သလို မဟုတ် ရပါဘူး၊ အလင်းဘဝမှာ အားကိုးအားထားရာ အဘိုးဆုံးပြီးကတည်း





လောကကြီးထဲမှာ နေချင်စိတ်ကုန်ခမ်းသွားခဲ့တာပါ"

အလင်းက ဦးကြီးဟုခေါ်သဖြင့် ပီတိ မျက်နှာရှုံ့မဲ့သွားသည်။

"ဒီမှာ ငါ့အသက်က ခုမှ နှစ်ဆယ့်ရှစ်နှစ်ပဲ ရှိသေးတယ်၊ မမြင်မစမ်းနဲ့ လူကို ဦးကြီးလို့ ခေါ်ရသလား"

အလင်း အားနာသွားသည်။

"မသိလို့ပါ အစ်ကိုရယ်၊ လူကိုမမြင်ရတော့ အလင်းစိတ်ထဲ ရှိတဲ့အတိုင်း ခေါ်မိလိုက်တာပါ"

"ကဲပါ ထားလိုက်ပါ ခုလောလောဆယ် မင်း ဘာဖြစ်လာသလဲ ဆိုတာ ငါ့ကိုပြောပြ၊ နားထောင်ပြီးရင် မင်းကို ဘယ်လိုကူညီရမလဲဆိုတာ စဉ်းစားမယ်"

အလင်း ကိုယ့်ကိုယ်ကိုယ် သေနေ့မစေ့သေးဘူးဟု ခပ်တိုတိုတွေးကာ အလင်း ဖြစ်ပျက်သမျှ အကြောင်းအရာအားလုံးကို ပြည့်စုံစွာဖြင့် မချွင်းမချန် ပြောပြလိုက်လေသည်။

တကယ်တော့ အလင်းဘဝက လောကဓံရဲ့အထုအထောင်း အရိုက်အနှက်ကို ခံနေရပြီး မျှောချင်ရာ မျှောနေတဲ့ ဗေဒါပင်ငယ်လေး သို့ပါပဲ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၂)

"ဒယ်ဒီ မာမီ"

အိမ်ပေါ်သို့ ဝုန်းဒိုင်းဆန်စွာ တက်လာသော သားချော၏ခေါ်သံ
ကြောင့် ဘုရားခန်းထဲမှ ထွက်လာသော ဦးမြတ်ကိုနှင့် ဒေါ်ခင်သစ္စာ
သွေးပျက်နေသော သားချောကို အထိတ်တလန့် လှမ်းကြည့်လိုက်ကြ
သည်။

"သား ဒါက ဘယ်လိုဖြစ်လာတာလဲ၊ ဒယ်ဒီ့ကိုပြောစမ်း"

"အလင်း အလင်း မရှိတော့ဘူး ဒယ်ဒီ"

"ဟေ"

ဦးမြတ်ကို မျက်မှန်ကိုပင့်ကာ ဟောခနဲ ဖြစ်သွားသည်။ ဒေါ်ခင်





သစ္စာ ရင်ဘတ်ကို လက်ဖြင့်အသာဖိကာ

"တစ်နေရာရာမှာရှိမှာပေါ့ သားရယ်၊ မဝေ အခန်းမှာရော
ါမှမဟုတ် အိမ်သာတွေ ဘာတွေများ ဝင်နေသလား"

ဒေါ်ခင်သစ္စာ စိတ်ပူနေသော သားကို ဖြစ်နိုင်ချေရှိသည်များကို
ပြောရင်း ချွေးသိပ်၏။

"မရှိဘူး လုံးဝမရှိဘူး။ ရှာပြီးပြီ ဒေါ်ဝေလည်း အနီးအနားတွေ
လိုက်ရှာနေတယ်၊ မာမီ အလင်းကို သားကိစ္စနဲ့ပတ်သက်ပြီး ဘာတွေ
ပြောလိုက်သလဲ၊ သူ သူ စိတ်ထိခိုက်စရာကိစ္စရှိလို့သာ ဒီမှာမနေရဲဘဲ
ထွက်သွားတာ သား သိတယ်"

"အို မာမီ ဘာမှမပြောရပါဘူး သားရယ်"

ဒေါ်ခင်သစ္စာ လင်နှင့်သားကို စိတ်မလုံသူလို ကြည့်ကာ ခေါင်း
ကို တွင်တွင်ခါပြီးငြင်းသည်။

"အမေကြီး မင်း ဘာတွေလျှောက်လုပ်ပြန်ပြီလဲကွာ၊ ခများလေး
ဘာ မျက်စိမြင်တာ မဟုတ်ဘူး၊ အပြင်ကို တစ်ယောက်တည်း လျှောက်
ထွက်သွားတော့ ကားတွေဘာတွေ တိုက်မိကုန်တော့မှာပဲကွာ ငါ့နှယ်
ာက်တော့တာပဲ"

ဦးမြတ်ကို ကိုယ့်ဇနီးအကြောင်းသိထားသူပီပီ အလင်းအတွက်
စိတ်ပူသွားမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"အလင်းက ဘယ်မှသွားတတ်လာတတ်တာ မဟုတ်ဘူး မာမီ ရယ်၊ အလင်း ထွက်သွားရတာ မာမီကြောင့်ဆိုတာ သား သိတယ်"

သားချော မျက်ရည်တွေ ဝဲတက်ကာ မျက်နှာကြီးတစ်ခုလုံး နီမြန်းလာသည်။ မိခင်ကို စိမ်းတောက်သော အကြည့်ဖြင့် ခပ်ရူးရူး ကြည့်သည်။

"မင်း မင်းနဲ့အလင်းနဲ့ ဘာများပတ်သက်လို့ မင်းက ဒီလော ထိ ထိခိုက်ကြေကွဲနေရတာလဲ သားချော"

ဒေါ်ခင်သဲစွာ၏ ခပ်မာမာအမေးကို သားချော မဲ့ပြုံးတစ်ချက် ပြုံးရင်း

"ဟုတ်တယ် ပတ်သက်တယ် မာမီ၊ အလင်းဟာ သားဘဝ ရင်းပြီး ချစ်ခဲ့ရတဲ့ကောင်မလေး။ သူ့ဆီက အချစ်ကို သားမရသေးပေမယ့် ရအောင်ကြိုးစားနေတာ၊ သူ မျက်စိပြန်ကောင်းသွားရင် သူ့ကိုလက်ထပ် ဖို့အထိ သား ရည်ရွယ်ထားတာ မာမီ"

ဦးမြတ်ကို အလင်းကို သားဖြစ်သူကြိုက်နေသည်ဆိုတာ သိသွား၍ အံ့ဩမိတာကလွဲပြီး ဘာတစ်ခုမှ ဝင်ရောက်စွက်ဖက်ပြော ခြင်းမရှိ။

သား ဘယ်သူ့ကိုပဲ ချစ်မိချစ်မိ သား၏အချစ်ရေးကို ဝင်ရော စွက်ဖက်တတ်သော ဖခင်တွေထဲတွင် ဦးမြတ်ကို မပါဝင်။ လူလူ





တန်ဘူးဆိုတာ လောက၏နိယာမတစ်ခုမှ မဟုတ်တာ။

အလင်းကြည်ဆိုသည့် ကောင်မလေးဟာ မျက်စိမမြင်တာကလွဲ ၍ ရုပ်ရည်ရူပကာ ရိုးသားမှု ဘာတစ်ခုမှ အပြစ်ဆိုစရာမရှိအောင် ယဉ်ဖြူစင်လွန်းသော ပန်းလေးတစ်ပွင့်။

သူ့အဘိုးဆုံး၍ ကိုယ့်ဘက်က ပိုလို့တောင် ဂရုတစိုက် စောင့် ရှောက်ပေးရမယ့်ကိစ္စမှာ ဇနီးဖြစ်သူ၏စနက်ကြောင့် အလင်း ခုလို အိမ်ကထွက်သွားရသည်ဆိုတာတော့ အင်မတန် ရုပ်ဆိုးလွန်းသော လုပ် ရပ်တစ်ခု။

"မင်း စကားကို ဆင်ခြင်ပြောစမ်း သားချော၊ မင်းနဲ့အလင်း တူသလား တန်သလား၊ မျက်ကန်းမတစ်ယောက်ရဲ့လင်အဖြစ်နဲ့ ဘဝကို သိမ်ငယ်သွားချင်တာလား၊ အဲဒီလိုဆိုရင် မာမီ သားကို ခွင့်မလွှတ်ဘူးနော် သားချော၊ မာမီက ချစ်ရင်လည်း သားသမီး တွက်ဆို အသက်ပါပေးပြီးသား၊ မုန်းလာရင်လည်း အဲဒီသားဆိုးကို သက်လုံး လှည့်မကြည့်ဘူးမှတ်၊ ယယ်စဉ်ကတည်းက ပိုးလေးလို လာတဲ့ ကိုယ့်သား ကောင်းပေ့ညွန့်ပေ့ဆိုတာတွေသုံးပြီး ပညာရေး စ မိဘက အဘက်ဘက်က ကူညီဆောင်ရွက်ပေးခဲ့တာတွေ၊ မင်း လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ အကျိုး က ဒီလို မျက်စိမမြင်ဘဲ အနာဂတ်ပျောက်နေတဲ့မိန်းကလေးကို



www.burmeseclassic.com

www.burmeseclassic.com



လက်ထပ်ဖို့လား၊ မင်း စဉ်းစားစမ်း သားချော၊ မာမီက မင်းကို မွေးခဲ့
အမေပါ သားရယ်၊ မာမီ့ကို စိတ်ဆင်းရဲအောင် သားမလုပ်ပါနဲ့၊ မာ
တောင်းပန်ပါတယ်''

''တောင်းပန်ဖို့ မလိုပါဘူး မာမီ၊ မာမီ ပြောခဲ့သလို လူလာ
ပျောက်အောင် ပြုစုကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ သားချောမှာ ချစ်တတ်
နှလုံးသားက မာမီ မွေးကတည်းက ပါလာတာလေ၊ အဲဒီ နှလုံးသား
အလင်းကို ချစ်မိသွားတာ သားချော အပြစ်လား မာမီရာ''

ငိုရှိုက်ရင်းပြောနေသော သားဖြစ်သူကိုကြည့်ပြီး ဦးမြတ်
ရင်ထဲမကောင်းတော့။

''ကဲပါ မေကြီးရယ် ဒီအချိန်မှာ မင်းတို့သားအမိ တစ်ယောက်
ဆန္ဒကိုတစ်ယောက် ကန့်ကွက်ပြီး အတိုက်အခံပြောနေရမယ့် အချိ
မဟုတ်ဘူး၊ ပျောက်သွားတဲ့ အလင်းကို ရှာဖို့ကအဓိက၊ မတော်တဆ
တွေနဲ့ လမ်းမှာတွေ့သွားလို့ ခများလေး ဒုက္ခရောက်နေရှာပါ့မယ်ကွာ

ဒေါ်ခင်သစ္စာ အလင်း ခုလို သူ့သဘောနှင့်ထွက်သွားသည်
ရင်ထဲမှာ ကြိတ်ပြီးသဘောကျမိပေမယ့် မမြင်မစမ်းနှင့် အလင်းအ
အန္တရာယ်ကျရောက်လာမှာကိုလည်း ရင်တထိတ်ထိတ်နှင့် စိတ်ပူမိပါ
သည်။

ဒေါ်ငွေတူနှင့်မယူချင်၍ ဒီလို ထွက်သွားသည်ဆိုတာ





ကြည့်ရုံနှင့်တင် သေချာနေပြီ။

''သား အလင်းကို မတွေ့တွေ့အောင် လိုက်ရှာမယ် မာမီ''

''ရှာရမှာပေါ့ သားရယ်၊ မာမီတို့လည်း ရှာပေးပါ့မယ်''

ဒေါ်ခင်သစ္စာ ချွေးသိပ်လိုက်သည်။ ဒီအချိန်မှာ အတိုက်အခံ
ပ်နေလျှင် နိုင်ကြည်ဖြူနှင့် သား၏ကြားထဲက ဆက်ဆံရေးလည်း
စ်မျိုးတစ်မည် ပြောင်းလဲသွားနိုင်သည်။

မနေ့ကတောင် နိုင်ကြည်ဖြူ့ကိုဆက်ဆံသော သား၏ဆက်ဆံ
ရေးမှာ အေးတိအေးစက်နိုင်လွန်းသည်။

ဘယ်လိုပဲဖြစ်ဖြစ် နိုင်ကြည်ဖြူနှင့်သား လက်ထပ်မပြီးမချင်း
လင်းကို ရှာမတွေ့ပါစေနှင့်ဟု ခပ်တိတ်တိတ် တွေးမိသည်။

သား၏အနာဂတ်အတွက် အလင်းသည် ဆူးညှောင့်ခလုတ်
စ်ခုဟု လိုရာဆွဲတွေးမိသည်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၃)

"ဘုတ်"

အဝတ်တွေ ခေါက်နေသော အလင်း ဘုတ်ခနဲ အသံကြား

လိုက်ရ၍ ရင်ဘတ်ကလေးဖိကာ လန့်သွားပြီး ခေါင်းလေးကို ဟိုဒီလှ

ရင်း အသံကိုနားစွင့်နေ၏။

"အစ်ကို ပီတိလားဟင်"

ပီတိ ဘာမှပြန်မပြောဘဲ အပြစ်ဟူသည် တစိုးတစိမျှ ရှာမ

သော အလင်းမျက်နှာလေးကို သတိလက်လွတ် ငေးမောနေမိ၏။

သဘာဝအတိုင်းရှိနေသည့် ဖင်ယော်တောင်မျက်ခုံးတန်း

လေးအောက်မှ မျက်တောင်ရှည်ရှည်ကော့ကော့တွေက မျက်ဝန်းတစ်





ဘုတ်ခနဲ ခတ်လိုက်တိုင်း ပီတိရင်တွေ အကြိမ်ကြိမ်ခုန်နေရတာ။ ကြာတော့

ကိုယ့်ကိုယ်ကိုယ်တောင် သဘောတကျဖြင့် ခပ်တိုတ်တိုတ်ရယ်မိသေး၏။

ပီတိဘဝမှာ ထိုမျှလောက်အထိ ချောသောလှသော မိန်းက

လေးမျိုးကို တစ်ခါမှမတွေ့ဖူး မမြင်ဖူးတာ ပြောပြလျှင် ယုံနိုင်ကြပါ့မလား။

လောကကြီးက ဘယ်တော့မှ ကောင်းတာတွေ မပေးတတ်ဘူး

ဆိုတဲ့စကားကို ပီတိ မယုံ၍မရတော့။

တချို့မိန်းကလေးတွေ လှပါသည်၊ အရာရာ ပြည့်စုံပါသည်။

သို့သော် အလင်းလောက် မလှကြ။ ယခု အလင်းလေးမှာ တခြား

မိန်းကလေးတွေလို သောကတွေမကင်း ဒုက္ခတွေ ရင်ဝယ်ပိုက်၊ လောက

အလယ်မှာ ကူကယ်ရာမဲ့။ အလင်းဆီမှာ ဘာပိုင်ဆိုင်မှုမှ မရှိ။ မိသားစု

ဆိုတာ ဝေလာဝေး။

သို့သော် ထိုသို့ မပြည့်စုံမှုတွေနှင့် ပြည့်စုံနေသည့် အလင်းသည်

ကမ္ဘာပေါ်မှာ အလှဆုံးဟု စာဖွဲ့၍ရလောက်အောင်ကို ရက်ရက်စက်စက်

လှလွန်းပါသည်။

ဝတ်ထားသော စပန့်အင်္ကျီအရောင်မှိန်မှိန်လေးနှင့် အောက်က

ညည်ထဘီခပ်ကြမ်းကြမ်းလေးကို မလှမပ ဝတ်ထားတာတောင်မှ အလင်း

အလှသည် နာမည်နှင့်လိုက်အောင် ကြည်ကြည်လင်လင်နှင့် လှပလွန်း

နေတာတော့ အသေအချာ။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ သောကပေါင်းစုံကို ပိုက်ထွေးထားသည့် အလွန်လှ
သော မိန်းကလေးကို ပီတိဆီသို့ ကံကြမ္မာကြီးက ပို့ပေးခဲ့သည်ဆိုတော
ထိုမိန်းကလေးသည် ပီတိ၏ဖူးစာရှင်လေး ဖြစ်မည်မှာ လုံးဝမလွဲ။

တွေးရင်းဖြင့် ပီတိရင်ထဲမှာ အလင်းကိုချစ်မိသွားသော အချ
တွေ ရင်ထဲမှာ တဖွားဖွားဖြင့် အုံဖွဲ့၍လာလေသည်။

"ဘယ် ဘယ်သူလဲဟင်၊ အစ်ကိုပီတိ မဟုတ်ရင် ဘယ်သူ
ပြောပါ"

အလင်း ကြောက်ရွံ့နေသောဟန်လေးဖြင့် အလန့်တကြားမေ
နေသဖြင့် ပီတိ ရင်ခွင်မှာ ထွေးဖက်နှစ်သိမ့်ပေးချင်လောက်အောင်
သနားသွားရ၏။

"အစ်ကိုပါ အလင်းရဲ့၊ ဘယ်သူမှ မဟုတ်ပါဘူး"

ပီတိ အသံပေးလိုက်တော့မှ အလင်းမျက်နှာလေး ကြောက်စိ
ပြေကာ ပြုံးဖန့်ဖန့်လေး ပြန်ဖြစ်သွားသည်။

"အစ်ကိုပီတိက အလင်းကို အသံမပေး ဘာမပေးနဲ့မို့ အလ
လန့်သွားတာပဲ အဟင်း သူခိုးများလားလို့"

ရောက်ကတည်းက အပြုံးအရယ်မရှိသော အလင်းမျက်နှာ
မှာ ဒီနေ့တော့ အပြုံးဖျော့ဖျော့လေး တွေ့လိုက်ရ၍ ပီတိ စိတ်ချမ်းသာ
သည်။





"မလန့်ပါနဲ့ အလင်းရာ၊ အစ်ကိုတို့လို ဆင်ခြေဖုံးရပ်ကွက်က
မ်ကလေးထဲကို ဘယ်လို မသမာတဲ့လူမှ မလာဘူး စိတ်ချ လာချင်းလာ
အလင်းလို ကော်ပတ်ရုပ်မလေးကို လာခိုးတဲ့လူပဲလာမှာ"

အလင်း မျက်နှာလေး ရဲခနဲဖြစ်ကာ ခေါင်းငုံ့သွားသည်။

"ဒီနေ့ အစ်ကိုပြန်လာတာ နောက်ကျတယ်နော်"

"ဟေ အစ်ကိုပြန်လာတာ နောက်ကျမှန်း အလင်း ဘယ်လို
သိသလဲ"

တအံ့တဩ မေးသော ပီတိအမေးကြောင့် အလင်း အဝတ်
လေးတွေကို ဖြန့်ပြီးခေါက်နေရာမှ ခပ်ဖျော့ဖျော့ ပြုံးပြန်သည်။

"အရင်ရက်တွေကဆိုရင် အလင်း ရေချိုးပြီး သနပ်ခါးမခြောက်
င် အစ်ကိုပီတိ ရောက်လာနေကျ၊ ဒီနေ့ သနပ်ခါးခြောက်ရုံတင်မဟုတ်
ဘူး လှမ်းထားတဲ့ အဝတ်တွေ ရုပ်တယ်၊ အလင်း ဘုရားသောက်တော်
ရေကပ်၊ ဘုရားရှိခိုး ပုတီးစိပ်ပြီးလို့ အစ်ကို့အတွက် ထမင်းပွဲပြင်ပြီးတာ
အောင် အစ်ကို တော်တော်နဲ့ပြန်မရောက်သေးဘူး၊ ခုဆို မှောင်တောင်
မှောင်နေပြီ"

အလင်း စကားကြောင့် ပီတိ မျက်လုံးပြူးသွားသည်။ ဒီ
ကောင်မလေး မျက်စိမမြင်တာရော ဟုတ်ရဲ့လား၊ မျက်စိမမြင်တဲ့သူက
ညမိုးချုပ်သွားတာတော့ သိလား။



www.burmeseclassic.com

"အလင်း ညမိုးချုပ်တာကိုသိလို့ အစ်ကို အံ့သြပြန်ပြီလား"

"အင်း ဟုတ်တယ်၊ အလင်း မိုးချုပ် မချုပ်ဆိုတာ ဘယ်

သိလဲ"

"လွယ်လွယ်လေးပါ အစ်ကိုရယ်၊ ငှက်ကလေးတွေရဲ့ ကျွတ်

ကျွတ်စီ အသံလေးတွေ မကြားရတော့ရင် ဒါဟာ ငှက်ကလေးေ

အိပ်တန်းဝင်ပြီ၊ ဒါဆိုရင် မိုးချုပ်လို့ပေါ့ အစ်ကိုရ"

"ဪ အလင်းပြောတော့လည်း ဟုတ်သားပဲ၊ အဟား ေ

တော် တတ်လည်းတတ်နိုင်တဲ့ကောင်မလေး၊ အာရုံခံစိုက်မှု အတော်ေ

ကောင်းတာပဲ၊ ကဲ ဒါဆို အခု အစ်ကိုဘာဝယ်လာသလဲဆိုတာေ

သိလား"

ပီတိ အမေးကြောင့် အလင်း ကိုယ့်ရှေ့နားကို ဘုတ်ခနဲ ပြု

ကျထားသော အထုပ်ကို လက်ဖြင့်စမ်းယူပြီး ဖြည့်လိုက်သည်၊ ပြီးနော

အထုပ်ထဲမှ ပစ္စည်းတွေကို တစ်ခုချင်းစမ်းကာ

"အစ်ကို အလင်းအတွက် အဝတ်အစားတွေ ဝယ်လာ

လားဟင်"

"အင်း အလင်း တော်တယ်"

"အလင်းအတွက် ဘာလို့ ငွေကုန်ခံရတာလဲ အစ်ကိုရယ်

အလင်း အားနာလွန်းလို့ အစ်ကို့ကို ဘယ်လိုကျေးဇူးဆပ်ရမှန်းတော





မသိတော့ပါဘူး"

ပီတိ အလင်းအပေါ် လိုလေသေးမရှိအောင် သူတတ်နိုင်သည့်

ဘက်က ကူညီစောင့်ရှောက်ပေးနေသဖြင့် အလင်း အနေခက်ရလောက်

အောင်ကို အားလည်းနာမိ ကျေးဇူးလည်းတင်မိ၏။

"အစ်ကိုနဲ့အလင်းက အတိတ်က ရေစက်ပါလာလို့ ဒီဘဝမှာ

အလင်းရဲ့အသက်ကို ကယ်ခွင့်ရပြီး ခုလို တစ်မိုးအောက်ထဲမှာ အလင်း

ကို ရိုးသားစွာနဲ့ မှဲ့တစ်ပေါက် မစွန်းအောင် ကူညီစောင့်ရှောက်ခွင့်

ရခဲ့တာပေါ့"

"အလင်းသာ မျက်စိမြင်ခဲ့ရင် အစ်ကို့ကို အလင်း ဒီထက်

အများကြီး ကူညီပေးနိုင်မှာ"

မျက်နှာငယ်လေးဖြင့် ပြောလာသော အလင်းကိုကြည့်ပြီး ပီတိ

အလင်းကို မျက်စိကုပေးဖို့ ခေါင်းထဲဝင်လာသည်။

ဟုတ်သားပဲ အလင်းကို မျက်စိကုပေးဖို့ တာဝန်ပါ သူ့မှာရှိ

သာပြီပဲ။ ဒီအတွက်ကြောင့် အလင်းကို မျက်စိကုဖို့ ဘယ်လောက်

ကုန်ကျမည်ဆိုတာ ပီတိ စုံစမ်းရမည်။ ပီတိငွေစုရမည်။

အလင်းဘဝလေး အမြင်အာရုံတွေ ပြန်လည်ရရှိလာဖို့ သူ

အတတ်နိုင်ဆုံး ကြိုးစားမည်။ ပြီးလျှင် အလင်းကို ချစ်ရေးဆိုကာ

သက်ထပ်ယူမည်။ အသက်ဝိဉာဉ်တွေအပြည့်နှင့် ရှင်သန်နေသော လူငွေ

www.burmeseclassic.com



မှိုမိုတည်ရှိရာ ဟောဒီလောကမှာ ပီတိအတွက် ချစ်သူတစ်ယောက် ရှိ တော့မည့်အရေးတွေးပြီး အကြိမ်ထောင်သောင်းမက ဟစ်ဟစ်ပြီးတော့ သာ ပျော်ရွှင်ရယ်မောလိုက်ချင်ပါ၏။

ချစ်သူလေးတစ်ယောက် တွန်းပို့ပေးခဲ့တဲ့ လောကကြီးရေ.. ကျေးဇူးပဲဗျို့. . . ။

■ ■ ■



## အခန်း (၂၄)

နှစ်ဦးသား မျက်နှာချင်းဆိုင် ဆုံတွေ့ပြီး အကြည့်ချင်းဆုံမိတာ တောင် သားချော ရင်ထဲ ရင်မခုန်ခဲ့တာ နှိုင်ကြည်ဖြူက အလင်းလောက် ချစ်စရာမကောင်းလို့လား၊ ဒါမှမဟုတ် သူမနှင့် ဖူးစာမဆုံချင်လို့လား။

နှိုင်ကြည်ဖြူ အလှကို ဘယ်လိုရှုထောင့်က ကြည့်ကြည့် သား ချောရင်ထဲ ဘယ်လိုမှ လှုပ်ခတ်မသွား။ သူ့ခန္ဓာကိုယ်ပေါ်မှာ ကောင်းမွေ့ ညှိနှိုင်းဆိုသည့် အဝတ်အစား အသုံးအဆောင် လက်ဝတ်လက်စားတွေ ဆင်မြန်းထားသည်။

မင်းသမီးရှုံးလောက်အောင်ကို ပြင်ဆင်ခြယ်သထားသည်။ သို့ သော် သားချော စိတ်ထဲမှာ အိမ်နေရင်း ဝတ်စုံနွမ်းနွမ်းလေးဖြင့် အချို



www.burmeseclassic.com

www.burmeseclassic.com



အမြဲ ညှိုးငယ်နွမ်းလျနေသော အလင်း၏အလှကို ခြေတစ်ဖျားစာတော
မမီဟု စိတ်ထဲမှာ ခပ်တိတ်တိတ် မှတ်ချက်ချမိသည်အထိ နိုင်ကြည်ဖြ
အလှက မဖမ်းစားနိုင်။

မာမီ ဘယ်လောက်ပင် ချွေးမတော်ချင်နေပါစေ သားချော
အနေနှင့် နိုင်ကြည်ဖြူကို ဘယ်နည်းနှင့်မျှ လက်မထပ်နိုင်။

ဒီတော့ အားနာနေစရာ အကြောင်းမရှိ၊ ရင်ထဲက ဆန္ဒအမှ
ကိုသာ နိုင်ကြည်ဖြူ သိအောင် အတိအလင်း ပြောချလိုက်တော့မည
ကိုယ့်ဘက်က ထိုသို့ မပြတ်သားလျှင် ဇာတ်မျောကြီးဖြစ်နေဦးမည
ဒါ့ အပြင် တစ်ဖက်သား၏မျှော်လင့်ချက်တွေကို ရှင်သန်အော
ရေလောင်း ပေးသလို ဖြစ်နေလိမ့်မည်။

"ငါ နိုင်ကြည်ဖြူ့ကို ပြောစရာရှိတယ်"

မျက်ကပ်မှန် တပ်ထားသော ပြာလဲ့လဲ့ မျက်ဝန်းလေးဖြ
နိုင်ကြည်ဖြူ သားချောကို ပင့်မော့ကြည့်သည်။

"ကြည်ဖြူကလည်း ခိုင်ခန့်ကို မေးစရာရှိတယ်"

"ဒါဆို လေဒီဖတ်ပဲပေါ့၊ မေးပါ နိုင်ကြည်ဖြူ မေးတာ
ဖြေ ပြီးမှ ငါ ပြောစရာရှိတာကို ပြောမယ်"

"အိုကေ ဒါဆို ကြည်ဖြူ အရင်မေးမယ်"

ကြည်ဖြူ ခေါင်းလေးငုံ့ကာ လှတပတ မျက်နှာပေးလေးဖြ





ပ်ပြုံးပြုံးဆို၏။

"ခိုင်ခန့် ကြည်ဖြူကို ချစ်လား၊ အခု မချစ်သေးရင်တောင်
နောင်ရော ချစ်လာနိုင်မှာလား၊ ခုအခြေအနေမှာ ခိုင်ခန့်ကိုကြည့်ရတာ
ကြည်ဖြူ့အပေါ်မှာ သိပ်ရင်မခုန်သလို ခံစားရတယ်"

ဒဲ့မေးလိုက်သော ကြည်ဖြူ့အမေးကြောင့် သားချော ထိုမေးခွန်း
မျိုး မေးသည့် ကြည်ဖြူ့ကို စိတ်ထဲမှ ကျေးဇူးတင်မိသည်။

"မေးသင့်ပါတယ်၊ ခုရှုပ်မှနောင်ရှင်းဆိုသလို ကြည်ဖြူဘက်က
မေးခွန်း မေးသင့်ပါတယ်"

"ကဲ ဒါဆို ရင်ထဲမှာရှိတဲ့အတိုင်း ဖြေနော်၊ လုံးဝ မကွယ်ဝှက်
ာမ်းပေါ့"

ကြည်ဖြူ မျက်စလေးပစ်ကာ ခပ်လွင်လွင်လေး ရယ်၍ ပြော၏။
သားချော ကြည်ဖြူကိုငေးကြည့် အကဲခတ်လိုက်သည်။ ရင်ထဲမှ ဆန္ဒ
အမှန်ကို အားမနာတမ်း ဖွင့်ချရန် လည်ချောင်းတစ်ချက် ရှင်းလိုက်သည်။

"တကယ်တော့ ငါ နိုင်ကြည်ဖြူကို လုံးဝ မချစ်ဘူး၊ ခုလည်း
ချစ်သလို နောင်လည်း ချစ်မှာမဟုတ်ဘူး"

သားချော ဒဲ့ပြောချလိုက်တော့ ရယ်လွန်းသွေးနေသော မျက်နှာ
လေးမှာ ချက်ချင်းညှိုးကျမှိန်ဖျော့သွားကာ အနည်းငယ် တင်းမာစပြုလာ
သည်။



www.burmeseclassic.com

www.burmeseclassic.com



နှိုင်ကြည်ဖြူ ထင်ထားသည့်အဖြေက ဒီလို ပိုးစိုးပက်စက် ငြင်းချလိုက်သည့် အဖြေမျိုးမှမဟုတ်တာ။

နှိုင်ကြည်ဖြူ့ဘဝမှာ ကိုယ် ကသာ ယောကျ်ားတွေကို အရုပ်ကလေးတွေလို စိတ်ကြိုက် ကစားခဲ့တာ၊ ဘယ်ယောကျ်ားကမှလည်း နှိုင်ကြည်ဖြူကို မချစ်ပါဘူးလို့ မပြောဘူးခဲ့။ ခုတော့ နှိုင်ကြည်ဖြူ့ရာဇဝင် ရိုင်းရလေပြီ။ သို့သော် မမှုသည့်အပြုံးဖြင့် နှိုင်ကြည်ဖြူ ခပ်မဲ့မဲ့ ပြုံးလိုက်သည်။

"နိုင်ခန့်နဲ့ကြည်ဖြူနဲ့ စိတ်ချင်းများဆက်နေသလားကွယ် အမှန်ဆို ကြည်ဖြူ့ဘေးမှာ ဂုဏ်သိက္ခာရှိတဲ့ယောကျ်ားတွေ အများကြီး ရှိနေတာ ပဲ၊ ဒီလို မြန်မာပြည်က မိဘအရိပ်အောက်မှာ မှီခိုနေသေးတဲ့ ဘာမှမဟုတ်တဲ့ ကောင်လေးတစ်ယောက် လက်ထပ်ပေးချင်နေတဲ့ မာမီတို့ ကိုပဲ အံ့သြနေမိတာ၊ အဟင်း တကယ်တော့ နိုင်ခန့်က နှိုင်ကြည်ဖြူ့ အတွက် ဘာဂုဏ်ဒြပ်မှမရှိတဲ့ ခပ်ညံ့ညံ့ လူငယ်လေးတစ်ယောက်ပဲ ရှင့်ဘက်က ကြည်ဖြူကို ခုလိုပြောပေးတဲ့အတွက် သင့်ခယူ"

နှိုင်ကြည်ဖြူ သားချော၏လက်ကိုဆွဲ၍ ကျေးဖူးတင်စကား ဆို၏။

"ကဲ ဒီတစ်ခါ ရှင့်အလှည့် ကြည်ဖြူ့ကို ပြောစရာရှိတယ် ဆိုတာ ပြောတော့လေ"





"ငါပြောချင်တဲ့အကြောင်းအရာရဲ့အဖြေက စောစောက စကားတွေထဲမှာ ပါပြီးသွားပြီ၊ တကူးတက ပြောပြဖို့ မလိုတော့ပါဘူး"

"ဒါဆို ကြည်ဖြူ့ကို ငြင်းမယ့်စကားပေါ့ ဟုတ်လား"

"ဟုတ်တယ်"

နှိုင်ကြည်ဖြူ သားချောကို ခပ်စိမ်းစိမ်း ကြည့်ကာ ထိုင်ရာမှ ဆတ်ခနဲ ထလိုက်ပြီး တက်ခေါက်၍ ချာခနဲ လှည့်ထွက်သွား၏။ ထို့နောက် ပေါ်တီကိုအောက်မှာရပ်ထားသော ကားကို ဂူးခနဲ မောင်းထွက်သွား၏။

သားချောပခုံးကို ဆတ်ခနဲတွန့်ကာ ပြုံးလိုက်သည်။ အမှိုက်တစ်စတော့ ရှင်းသွားပြီ။ ဒါမှ အလင်းကိုရှာပုံတော်ဖွင့်သည့်ကိစ္စကို စိတ်ဖြောင့်ဖြောင့် လုပ်နိုင်မှာ။

သားချော အိမ်ကြီးထဲသို့ ပေါ့ပါးသော ခြေလှမ်းတွေဖြင့် ဝင်ခဲ့လိုက်သည်။ ဒေါ်ခင်သစ္စာ ဖုန်းပြောနေရာမှ သားချောကို ခပ်စူးစူး ဆောင်ကြည့်သည်။

"သားချော မင်းမိဘကလက်နဲ့ရေးတာကို ခြေနဲ့ဖျက်တယ်ပေါ့ လေ ဟုတ်လား၊ မင်းဘဝကို ဒီမျက်မမြင်မနဲ့ပဲ အဆုံးသတ်တော့မလို့ သား"

"ကိုယ့်ချစ်သူနဲ့ပေါင်းစည်းရလို့ ဘဝဆုံးမယ်ဆိုရင်တော့ သား



www.burmeseclassic.com

www.burmeseclassic.com



ရက်ရက်ရောရော အခုံးခံနိုင်တယ် မာမီ၊ ကိုယ် မချစ်တဲ့မိန်းမနဲ့ ရာသက်ပန် အတူနေရတာထက်စာရင် ကိုယ်ချစ်တဲ့သူနဲ့ တစ်နာရီ တစ်မိနစ်လေး ဖြစ်ဖြစ် နေရတာကမှ ဘဝမှာ ထင်ထားတာထက် ပိုပြီး ပြည့်စုံပါတယ် မာမီ၊ ဒါကြောင့် နိုင်ကြည်ဖြူကို သား အပြတ်ငြင်းလိုက်ပြီ၊ မာမိတို့ ထပ်ပြီး မကြိုးစားပါနဲ့တော့''

ယတိပြတ်ငြင်းဆိုနေသော သားကိုကြည့်ပြီး ဒေါ်ခင်သစ္စာ ဆောက်တည်ရာမရ ဖြစ်နေသည်။ ကလေးလေးတစ်ယောက်ဟု ထင်ထား ဆဲ သားချောက ခုတော့ အချစ်နဲ့တွေ့ပြီး ဘဝမှာ အတော်လေး ရင့်ကျက်နေသည့်ဘဝကို အချစ်နဲ့အတူ တိုက်ပွဲဝင်မည့် အချစ်သူရဲ ကောင်းကြီး ဖြစ်မှန်းမသိ ဖြစ်နေပါလား။

''မင်း မင်း အလင်းကို ဒီလောက်ထိ စွဲလမ်းရလား သားချော ခုဆို အလင်း သေသလား ရှင်သလားတောင် မသိဘူး၊ သေရင်သေ မသေသေးရင်တောင် သူ့ဘဝဟာ ခုချိန်လောက်ဆို သူများစော်ကားလို့ စုတ်ပြတ်သတ်နေပြီ ဒါကိုရော မင်းတွေးမိရဲ့လား''

ဒေါ်ခင်သစ္စာ ဒေါသကြောင့် အသံတွေ တုန်အက်နေသည်။

''အလင်း အဲဒီလိုဖြစ်အောင် မာမီအကွက်ရွှေ့ခဲ့တာ မဟုတ်လား၊ ဒီတော့ သား စကားကုန်ပြောမယ် မာမီရာ၊ အလင်းဟာ မသောင်းနဲ့ ယုတ်မာတဲ့သူတွေ ဆယ်ယောက်မကဘူး တစ်ကမ္ဘာလုံးက လူယုတ်မာတွေ စော်ကားလို့ အလင်းဘဝ သေလုမျောပါး စုတ်ပြတ်သတ်နေပါစေ အလင်းအပေါ်မှာချစ်တဲ့ သားရဲ့အချစ်တွေနဲ့ အလင်းဘဝကို သန့်စင်သွားအောင် ဆေးကြောပစ်လိုက်မယ် မာမီ၊ ဒါဟာ သားဘဝမှာ ရာသက်ပန် ပြင်မရတဲ့ စွဲလမ်းမှုတစ်ခုပဲ၊ သားဘဝကို သားမြတ်နိုးတဲ့ အချစ်တွေနဲ့ပဲ နေသားကျချင်တယ် မာမီ၊ သား အလင်းကို တွေ့အောင်ရှာပြီး လက်ထပ်မိရစေ''





သားချော ပြောပြီးသည်နှင့် ဒေါ်ခင်သစ္စာရှေ့မှ ချာခနဲ လှည့်ထွက်သွားသည်။

ဒေါ်ခင်သစ္စာ ဆိုဖာခုံပေါ်တွင် အသက်မဲ့သူတစ်ယောက်လို အရုပ်ကြိုးပြတ် ကျန်ခဲ့ရာ၏။

သား၏သစ္စာတရားကို အသိအမှတ်ပြုချင်ပေမယ့်လည်း ဒေါ်ခင်သစ္စာ ချို့ယွင်းချက်တွေနှင့် ဘဝပျက်နေသည့် မိန်းကလေးကိုတော့ ဘယ်လိုနည်းနှင့်မှ ချွေးမမတော်နိုင်။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၂၅)

အလင်း ရောက်ကတည်းက ပီတိ ရုံးကအပြန် အိမ်က...
တန်းပြန်လာတတ်သည်။ ယခင်ကဆိုလျှင် အိမ်သို့တန်းမပြန်...
ရပ်ကွက်ထဲက ကာလသားတွေနှင့်ရောပြီး လက်ဖက်ရည်ဆိုင်ထိုင်...
ဘောလုံးပွဲကြည့်လျှင်ကြည့်၊ မကြည့်လျှင် ထွေရာလေးပါးတွေ...
လူစုံလျှင် စုံသလို အဖွဲ့ကျသွားလို့ကတော့ တစ်ခါတစ်ရံ ညခုနစ်...
ရှစ်နာရီလောက်မှပင် အိမ်ကိုရောက်တော့သည်။

ခုလည်း အိမ်ပြန်လျှင် အမောပြေလေးကို တွေ့ရတော့...
ထိုင်နေကျ လက်ဖက်ရည်ဆိုင်သို့ ယောင်၍မျှပင် လှည့်မကြည့်တဲ့...
ပြန်လာခဲ့သည်။





လှေကားပေါ် တက်တက်ချင်းမှာပဲ

"ပီတိ မင်းက ခုတော့ ငါတို့ကို သစ်စိမ်းချိုး ချိုးပြီပေါ့လေ"

ပုဆိုးဖင်ချိတ်ပြီး ခြံထဲဝင်လာသော ကိုဖြားကြီးအသံကြောင့် ပီတိ လက်ထဲမှ ခေါက်ဆွဲကြော်ထုပ်ကလေးကို ကိုဖြားကြီး မမြင်အောင် ဝှက်လိုက်သည်။

"အောင်မယ် အောင်မယ် မင်းကဲ ခုတော့ ငါတို့ကို မသထာ တော့ဘူးပေါ့လေ မုန့်စမ်း ဝှက်လိုက်တာ ဘာအထုပ်လဲ"

ပီတိ ဝှက်လိုက်သော ခေါက်ဆွဲကြော်ထုပ်ကို အတင်းလိုက် ကြည့်နေသော ကိုဖြားကြီး၏အလိုက်မသိမှုကို ဘုကြည့်ကြည့်လိုက်သည်။

"ဟော့ ဟော့လူ ဒါဟော့မရဘူးနော်၊ ဒါ အလင်းအတွက် ဝယ် သာတဲ့ဟာဗျ၊ ခင်ဗျားတို့စားချင်ရင် နောက်နေ့ ကျွန်တော် ဝယ်ကျွေးမယ် ဗျာ၊ ဒီဟာကိုတော့ မရဘူး၊ အလင်းရေ အလင်း"

ကိုဖြားကြီးကို ပြောပြောဆိုဆိုဖြင့် အလင်းကို လှမ်းခေါ်လိုက် သည်။ အလင်း အိမ်ရှေ့ဝရန်တာသို့ စမ်းစမ်းစမ်းစမ်းဖြင့် ထွက်လာ သည်။ သနပ်ခါးဘဲကြားလေးနှင့် အလင်းကိုမြင်တော့ ကိုဖြားကြီး ကွမ်း ဝါးထားသော ပါးစပ်ရဲရဲကြီးဖြင့် သွားတွေပေါ်အောင် တဟဲဟဲရယ်ရင်း

"ညီမ ဒီကောင် မနက်က ကောင်မလေးတစ်ယောက်နဲ့ ရုံးလစ် ပြီး ရုပ်ရှင်သွားကြည့်တယ်သိလား၊ အခု ပြန်လာတော့မှ မခုတ်တတ်တဲ့

www.burmeseclassic.com



ကြောင်လေးလို အမြီးကုတ်ပြီး ပြန်လာတာ ဒီကောင့်ကို မယုံနဲ့"

"ဟာ ကိုဖြားကြီး ခင်ဗျား ဘလိုင်းကြီး လာဖွဲ့နေတယ်... ကျွန်တော် ခင်ဗျား မိန်းမ မလုံ့စီကို ခင်ဗျားအကြောင်းတွေ လာပြော... ကြောင်သေပါးရိုက် ရုပ်မလုပ်နဲ့ ခင်ဗျားက ဟွန်း"

ကိုဖြားကြီးဆိုသူနှင့် ပီတိ ပြောဆိုနောက်ပြောင်နေတာကို ကြ... ပြီး အလင်းပါ လိုက်ပြီးရယ်နေသည်။

"ရော့ အလင်း ဒီအထုပ်ယူထား။ ကိုယ် အထုပ်ဆွဲပြီး ပြန်... တာနဲ့ အပက တစ်ခါတည်းကို လိုက်မှိုပြီး လုတော့တာပဲ"

အလင်း လက်ကလေးထဲကို ခေါက်ဆွဲကြော်ထုပ် လှမ်း... ရယ်ကာမောကာဖြင့် ပီတိ ပြောသဖြင့် အလင်း ခေါက်ဆွဲကြော်ထု... လေး ကိုင်ကာ

"ကိုဖြားကြီးလည်း စားသွားပါ၊ အလင်းနဲ့အစ်ကို နှစ်ယော... တည်းစားလို့ ဘယ်ကုန်ပါ့မလဲ"

"ပြောရုံနဲ့တင် ဗိုက်ကပြည့်နေပါပြီ အလင်းရယ်၊ ငါ့ညီ... သာ အစ်ကိုတို့ကို စေတနာရှိတာ ဒီကောင်က စေတနာရှိတာမဟုတ်... သူ့စိတ်ထဲမှာ အမြဲတမ်း လင်းနေတာလေ ကဲ ကဲ နှစ်ယောက်သ... အောင်စားကြ၊ ဟော့ကောင် ညကျရင် ဆိုင်ကိုလာမှာလား၊ ဒီည ချ... နဲ့ လီဗာပူး ပွဲကောင်းမှာ"





"အင်း လာခဲ့မယ်ဗျာ၊ ခုတော့ မြန်မြန်ပြန်တော့"

ပီတိ အရစ်ရှည်နေသော ကိုဖြားကြီးကို အတင်းတွန်းလွှတ်... ၏။ ကိုဖြားကြီး တဟားဟားအော်ရယ်ရင်း ပီတိခေါင်းကို ဘတ်ခနဲ... ကာ အိမ်ပေါ်မှဆင်းသွား၏။

ဒီတော့မှ ပီတိ အိမ်ထဲကို လိုက်ဝင်လိုက်သည်။ အလင်း ...ကန်စင်ရှိရာသို့ စမ်းသွားကာ ပန်းကန်ပြားတစ်ချပ်ကို ယူလိုက်ပြီး ...ဘူးထဲမှ ခေါက်ဆွဲကြော်တွေ လှယ်ထည့်လိုက်သည်။

"အစ်ကို ရေချိုးပြီးမှ စားကြမလား၊ အခုစားမလား"

"ရေချိုးလိုက်ဦးမယ်လေ၊ ရေချိုးပြီးမှစားကြတာပေါ့ အလင်း ...နေရင်တော့ စားနှင့်လိုက်၊ ဒါနဲ့ မနက်က အစ်ကိုချက်ပေးခဲ့တဲ့ ...ကြွင်းဆီပြန်ဟင်း စားလို့ကောင်းလား"

"အင်း ကောင်းတယ် အစ်ကို၊ နောက်ဆိုရင် အလင်း ကိုယ့် ...ကိုယ် ချက်နိုင်အောင် ကြိုးစားပါ့မယ် အစ်ကိုရယ်၊ အလင်းကြောင့် ...ကို အလုပ်ပိုပါတယ်"

"ဟာ ဒီကောင်မလေး ဘယ်လိုလုပ် ကိုယ့်ဟာကိုယ် ချက်မလဲ၊ ...းလေး ချက်နိုင်တယ်ပဲထား မီးရေးထင်းရေးကြောင့် ကျုပ်က ...ချက်သေးဘူးဗျ၊ ကျုပ်ရဲ့ရှိစုမဲ့စုအိမ်လေး ပြောင်းသွားမှ အလင်းရော ...ရော ဖျာလိပ်ပတ်ပြီး နေနေရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို အစ်ကိုကလည်း ပေါက်ကရ ပြောတတ်တယ်"

"ဩော် ဒါနဲ့ စောစောက မြားကြီး ပြောသွားတာ တကယ် မဟုတ်ဘူးနော်၊ ယုံမနေနဲ့ဦး"

"ဘာကိုလဲ အစ်ကို"

အလင်း အကင်းမပါးသူပီပီ ပြန်မေးနေသည်။

"ဟိုလေ မနက်က ရုံးမတက်ဘဲ ကောင်မလေးနဲ့ ရုပ်ရှင်သွား ကြည့်တယ်ဆိုတာကို ပြောတာပါ"

"ဩော် ဒါများအစ်ကိုရယ် ဟုတ်တော့ရော ဘာဖြစ်လဲ၊ အလင်းက အစ်ကို့ကို ကိုယ့်အစ်ကိုတစ်ယောက်လို အားကိုးနေတာ၊ အစ်ကို့မှာ ချစ်သူရှိတယ်ဆိုတော့လည်း အလင်းအတွက် အစ်မတစ် ယောက် တိုးတာပေါ့လို့"

"ဟာ ဘာလို့ တိုးရမှာလဲ၊ မတိုးပါဘူး ကိုယ့်မှာ ချစ်ချ လုံးဝမရှိဘူး တကယ်ပြောတာ"

အလင်း ရှက်ရယ်ကလေးရယ်ကာ ခေါင်းလေးကိုငုံ့လိုက်သည်။ ကိုပီတိ ဘာကိုရည်ရွယ်နေသည်ဆိုတာ အလင်း ရိပ်မိပါသည်။

အလင်းအတွက် လိုအပ်ချက်တွေဖြည့်ဆည်းကာ ညီမလေး တစ်ယောက်လို ဖြူစင်စွာ စောင့်ရှောက်ပေးနေသော ကိုပီတိ၏ ယောက်ျား ပီသသောစိတ်ဓာတ်ကို အလင်းရင်ထဲမှာ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်





ရက် လေးလည်းလေးစားမိပါ၏။

ကိုပီတိက လူပျိုလူလွတ်တစ်ယောက်ဖြစ်နေ၍ အလင်းကို ချစ် ဆိုလာခဲ့လျှင် အလင်းမှာ ငြင်းရခက်ပေဦးမည်။

ဘာဖြစ်လို့လဲဆိုတော့ အလင်း ရင်ထဲမှာ သားချော ရှိနေလို့ ား ဒါကို ကိုပီတိလည်း သိနေပြီးသားပဲ။

ခုချိန်ထိ သားချောကို တစ်ရက်မှ မေ့၍မရသေး။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၆)

"သားချော မင်း ဘယ်သွားတော့မှာလားကွယ်"

ဒေါ်ဝေ မျက်ရည်အဝိုင်းသားလေးနှင့် အထုပ်အပိုးတွေ က
ပေါ်တင်နေသော သားချောကို စိတ်မကောင်းစွာ မေးလိုက်သည်။

"သွားမယ် ဒေါ်ဝေ၊ ကျွန်တော် အလင်းကို တွေ့အောင်ရှာမ
အလင်း အသက်ရှင်နေသေးတယ်ဆိုတာ ကျွန်တော့်စိတ်က အလို
သိနေတယ်၊ ဒါကြောင့် ကျွန်တော်ပါ ဒီအိမ်အရိပ်ကထွက်ပြီး အလင်
လွှတ်လွှတ်ကျွတ်ကျွတ် ရှာမယ်"

"သွားမယ်ဆိုလည်း မိတွေရှေ့မှာသွားပါလား သားချော
သူတို့မရှိကြတဲ့အချိန်မှာ သားချောက ထွက်သွားတော့ ဒေါ်ဝေကို အ





ဝိုင်းတင်ကြမှာပေါ့"

ဒေါ်ဝေ အလင်းလေးကို တွေ့အောင်လည်း ရှာစေချင်သည်။
သူ့ကို မမလေးအပြစ်တင်မှာကိုလည်း စိုးရိမ်သည်။

"မစိုးရိမ်ပါနဲ့ ဒေါ်ဝေ၊ ကျွန်တော့်ကို ဒေါ်ဝေက မသွားနဲ့ဆို
ပြီး ရိုက်နှက်တားဆီးလို့ရတာမှ မဟုတ်တာ၊ ဒီကိစ္စ ဒေါ်ဝေနဲ့မဆိုင်ပါဘူး"

"ဒါဆို သားချောက အခု ဘယ်မှာနေမှာလဲ၊ တခြားမှာနေဖို့
အဆင်မပြေရင် ဒေါ်ဖေတူလေး ပီတိဆီမှာသွားနေပါလား၊ သားချောနဲ့
ပီတိက ခင်ကြတာပဲဟာ၊ သူ့အိမ်မှာ သူတစ်ယောက်တည်းရှိတာဆိုတော့
သားချော လွတ်လွတ်လပ်လပ် နေလို့ရတယ်"

ဒေါ်ဝေ ပေးသောအကြံကို သားချော ငြင်းပယ်၍မဖြစ်။
ဟိုဘယ်မှာသွားနေလျှင် နေစရိတ် စားစရိတ် အကုန်အကျများမည့်အပြင်
ဒယ်ဒီနှင့်မာမီ အလွယ်တကူ ရှာတွေ့သွားနိုင်သည်။

"ကျွန်တော့်ကို လိပ်စာပေးလိုက်လေ၊ ကျွန်တော်က သူလုပ်တဲ့
ကုမ္ပဏီပဲသိတာ၊ နေတဲ့အိမ်ကို တစ်ခါရောက်ဖူးပေမယ့် ခု မသွားတတ်
တော့ဘူး"

"ပေးမှာပေါ့သားချောရယ်၊ သားချောသာ သွားနေဖြစ်အောင်
သွားနေလိုက်ပါ၊ ဒေါ်ဝေလည်း သူ့အလုပ်ကို ဖုန်းဆက်ပြီး သားချော
သာနေမယ့်အကြောင်း ကြိုပြီး အကြောင်းကြားထားလိုက်မယ်"



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်းတွေအိမ်နှင့် ကိုပီတီအိမ် ဘယ်အိမ်ကိုသွားဖြစ်မည်လဲဆိုတာတော့ သားချောကိုယ်တိုင်ပင် မ ရေရာ။ လိပ်စာကို ဗိုပိုလိုလိုသာ ယူထားလိုက်ရသည်။

သားချော ဘယ်မှာပဲနေနေ ဒ.ခဏိကက အလင်းကိုရှာဖို့ပဲ။ အလင်းအတွက်ဆိုလျှင် ဘယ်လိုဒုက္ခ ဘယ်လိုအခွန့်ရာယ်တွေနှင့်ပဲ ရင်ဆိုင်ရပါစေ သားချော ရင်ဆိုင်မည်။

အလင်း ဘယ်တာဝရောက်ရောက် အလင်းကို သားချော မပြုယ်သောမေတ္တာဖြင့် ချစ်နေမှာ။

သားချောသာ အလင်းနံဘေးမှာ မိုးလင်းထိ ဒိုရှိနေပေးခဲ့မည်ဆိုလျှင် အလင်း ခုလိုမျိုး ဘယ်သူမှမသိမမြင်အောင် တိတ်တိတ်လေး ထွက်သွား၍ ရမည်မဟုတ်။

"အလင်းလေးကို သားချော ရှာတွေ့ပါစေလို့ ဒေါ်ဝေ ဘုရားမှာ အမြဲဆုတောင်းနေမှာပါကွယ်၊ တကယ်တော့ အလင်း ခုလိုထွက်ပြေးရတာ မမလေးက အလင်းကို ဒေါ်ဝေ့တူလေး ပီတီနဲ့ပေးစားမယ်၊ ဒါမှ သားချော နိုင်ကြည်ဖြူကို လက်ခံမှာဆိုတဲ့ ရည်ရွယ်ချက်နဲ့ပေါ့၊ အလင်းခမျာ သုံးဝမသိတဲ့သူစိမ်းယောကျ်ားရဲ့ဘဝထဲကို ဘယ်လိုလုပ် ဖြုန်းစားကြီး ဝင်ရဲမလဲ၊ ဒီတော့ ကြောက်အားလန့်အားနဲ့ ထွက် ပြေးတာနေမှာပေါ့"

"ဟင် အလင်းကို ကိုပီတီနဲ့ပေးစားမလို့ မာမီဟုတ်စီစဉ်တယ်



တ်လား၊ ဒါ ဒါကို ကိုပီတီကရော သိလား"

"အို ဘယ်သိပါ့မလဲ အလင်းရှိမှန်း ပီတီက သိတောင်သိတာ ဟုတ်ဘူး၊ ဒီကိစ္စကို မမလေးနဲ့ဒေါ်ဝေရယ် အလင်းရယ်ပဲ သိတာ၊ ဝေတော့လေ တစ်ရက်မှကို စိတ်မချမ်းသာရပါဘူး သားချောရယ်"

ပြောရင်းဖြင့် ဒေါ်ဝေ မျက်ရည်ဝဲလာပြန်သည်။ အနေကြာလာ တော့လည်း ဒေါ်ဝေ့အဖို့ အလင်းကို သမီးလေးလို ချစ်လာမိတာပါ။ လင်း ခုလိုထွက်ပြေးမည့် အစီအစဉ်ကိုသာ ကြိုသိလျှင် ဒေါ်ဝေ ယ် ဒီလိုအဖြစ်ခံမလဲ။ ရအောင်တားမှာပေါ့။ အလင်းကို ချစ်လွန်းလို့ လင်းလေး စိတ်ချမ်းသာပါစေတော့ရယ်ဆိုတဲ့ တွယ်တာတဲ့စိတ်ကလေး သားချော အလင်းရှိရာကို ညတိုင်းသွားသွားနေတာတောင် ဒေါ်ဝေ င်မသိချင်ဟန်ဆောင်ခဲ့တာပဲ။ အလင်းဘဝလေးကို ဒုက္ခဆင်းရဲတွင်း အမြန်လွတ်အောင်ဆိုသည့် စေတနာနှင့်ပေါ့။

"မာမီ တကယ်ရက်စက်တယ်ဗျာ"

သားချော မိခင်ကိုအပြစ်တင်ပြီး ဒေါ်ဝေ့ရှေ့မှ တိတ်ဆိတ်စွာ ည့်ထွက်ခဲ့ပြီး အိမ်ရှေ့မှာ အသင့်ရပ်ထားသော ကားထဲဝင်ထိုင်ကာ နိုးပြီး ထွက်လာလိုက်သည်။

အလင်း ဘယ်နေရာများရောက်နေရှာပြီလဲ။ သားချော ရင် ခုလုံး ကျိုးကြေပျက်ပြုန်းသလို ခံစားနေရ၏။



www.burmeseclassic.com

www.burmeseclassic.com



သားချော အလင်းကို ရှာမတွေ့လျှင် တဖြည်းဖြည်းနှင့် ရူးသွားနိုင်လောက်သည်။

ရင်မှာအလင်းကို အဲသည်လောက်ထိ မြတ်နိုးတွယ်တာမိတာပါ။

■ ■ ■



အခန်း (၂၇)

သီဟဇော်က သားချောကို သူ့အိမ်မှာနေဖို့ အတင်းဆွဲပေမယ့် သားချော ဘယ်သူငယ်ချင်းအိမ်မှာမှ မနေချင်။

သားချော အိမ်ပေါ်က ဆင်းလာသည်ဆိုတာကို မာမီတို့သိသည်နှင့် သားချောသူငယ်ချင်းတွေအိမ်သို့ တစ်အိမ်ဝင်တစ်အိမ်ထွက် လိုက်ရှာတော့မည်။

အလင်းကို ရှာမတွေ့မချင်း မိဘတွေနှင့် ရင်မဆိုင်ချင်။

ကားကိုမောင်းနေရင်းမှ ဟိုဒီငေးဝဲလျက် အလင်းကို ရှာမိ၏။ တစ်နေရာရာမှာ အလင်းကိုများ ပြုံးခနဲ တွေ့ရလေမလားဆိုသော မျှော်လင့်ချက်တွေက ရင်မှာ တမေ့တမော။



www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်မြို့တစ်ပတ်ပင် ပြည့်တော့မည်။ အလင်းနှင့်တူသော အရိပ်အယောင်ပင် ရှာမတွေ့။ ထို့ကြောင့် ကားကို လမ်းဘေးတစ်နေ တွင် ထိုးရပ်ပြီး စိတ်ပျက်စွာ ထိုင်နေလိုက်သည်။

စိတ်ရှုပ်ပေါက်စွာဖြင့် အလင်းရေလို့သာ အာခေါင်ခြစ်ပြီး နေ အနှံ့လိုက်၍ အော်ခေါ်လိုက်ချင်ပါသည်။

လက်မှနာရီကိုကြည့်လိုက်တော့ ညနေ သုံးနာရီကျော်နေ သားချော ကိုပီတိကို သွားပြီး သတိရလိုက်သည်။

ဒီအချိန်ဆို ကိုပီတိ သူ့အလုပ်မှာပဲ ရှိဦးမည်။

သားချော ထိုင်ပြီး တွေဝေနေ၍မဖြစ်တော့၊ ကိုပီတိအလုပ် သော ကုမ္ပဏီရှိရာသို့ ကားမောင်းထွက်ခဲ့သည်။

ကုမ္ပဏီနှင့် သိပ်မဝေး၍ နာရီဝက်ပင် မမောင်းလိုက်ရ။ ကား ကုမ္ပဏီရှေ့သို့ ထိုးရပ်လိုက်သည်။

ကားပေါ်က မဆင်းသေးဘဲ ကိုပီတိ ရုံးအဆင်းကို ကား ထိုင်စောင့်လိုက်သည်။ လေးနာရီခွဲကျော်တော့ ကိုပီတိ ကျောပိုးအိတ် တကားကား လွယ်ကာ ကုမ္ပဏီလှေကားထစ်တွေအတိုင်း ခပ်သွက်သွ ပြေးဆင်းလာသည်။

ကိုပီတိပုံစံက တစ်စုံတစ်ခုကို အလျင်လိုနေပုံဖြင့် လက်မှ ကို ငုံ့ကြည့်လိုက်သည်။ သားချော ကားတံခါးဖွင့်ဆင်းလိုက်သည်။ ကို





သားချောကို မမြင်။

"ကိုပီတိ"

ခေါ်လိုက်တော့မှ ပီတိ သားချောကို လှည့်ကြည့်လိုက်သည်။

"ဟာ သားချော"

ပြုံးရွှင်သော မျက်နှာအမူအရာနှင့် သားချောဆီသို့ ပြန်လှည့် လာသည်။ အနီးရောက်သည်နှင့် သားချော ခါးကို သိုင်းဖက်လိုက်ပြီး

"ငါ့ကောင်ကြီး မတွေ့တာတောင် အတော်လေး ကြာနေပြီပဲ၊ ကြည့်စမ်း ချောလာလိုက်တာ တကယ့် မင်းသားပဲ ကျောင်းဖရာပြီးပြီ လား"

"ဖြေထားတုန်း မပြီးသေးဘူး"

"ဒါနဲ့ ညီ ကိုယ့်ဆီလာတာလား"

"ဒီဘက်ရောက်တာနဲ့ ကိုပီတိနဲ့များ တွေ့မလားလို့ သတိရတာ နဲ့ ဝင်ကြည့်တာ"

"ကြီးဒေါ်ဝေရော နေကောင်းလား၊ ကိုယ်လည်း အလုပ်မအား တာနဲ့ အဒေါ်ဆီ မရောက်ဖြစ်ဘူး၊ သတိကတော့ အမြဲရနေတာ၊ အဒေါ် က ကိုယ်နဲ့လာနေဆိုတော့လည်း မနေဘူး၊ ညီတို့မိသားစုကို သွေးရင်း သားရင်းလို ဖြစ်နေတာ"

"ဟုတ်တယ် ကျွန်တော်တို့မိသားစုကလည်း ဒေါ်ဝေ့ကို ဆွေ

www.burmeseclassic.com



ရင်းလို့ သဘောထားတာ''

''ညီ အချိန်ရတယ်မဟုတ်လား၊ ညီ့ကို ကြုံတုန်း တစ်ခုခု [illegible]

လိုက်ကျွေးမယ်ကွာ''

ပီတိ သားချောပခုံးကိုပုတ်ပြီး ခပ်ပြုံးပြုံး မေးလိုက်သည်။

''ကျွန်တော်က အချိန်အမြဲတမ်း အားတယ်၊ မနက်ကစပြီး [illegible]

အိမ်ပြေးလုပ်လာတာ''

''ဟေ''

သားချော စကားကြောင့် ပီတိ မျက်လုံးပြူးသွားသည်။ [illegible]

လောက် လိမ္မာရေးခြားရှိပြီး တစ်ပါးသူကို အမြဲတမ်းကူညီချင်စိတ် ဖြစ် [illegible]

ပြနေသော သားချောက အိမ်ကပြေးလာတာဆိုတော့ ပီတိ တကယ် [illegible]

မယုံချင်။

''မင်း တကယ်ပြောနေတာလား ငါ့ညီ''

''ဩော် တကယ် ပြောတာပါ အစ်ကိုရ၊ မယုံရင် ကားပေါ် [illegible]

ကြည့်လိုက် ကျွန်တော့်အဝတ်သေတ္တာတွေ''

ပီတိ ကားနောက်ခန်းကို ကြည့်လိုက်သည်။ အိမ်ပေါ်က ဆင်း [illegible]

တဲ့လူက အိမ်ပြောင်းတာကျနေတာပဲ အဝတ်သေတ္တာနှစ်လုံး သုံး [illegible]

''ဘာ ဘာကြောင့်လဲ''

''ကျွန်တော် ခုပြောပြရင် ပေရှည်နေမှာ၊ နောက်မှ အေးအေး [illegible]





[illegible]ပြောပြမယ်၊ ဒီတော့ ကျွန်တော် ကိုပီတိအိမ်မှာ ခဏဝင်အောင်းမှရမယ်၊

[illegible]ဖြစ်တယ်မဟုတ်လား''

''ဟာ ဖြစ်တာပေါ့ကွ၊ မင်းကလည်း မင်းနဲ့ငါ့ကြားမှာ ဖြစ်လား

[illegible] မေးစရာလား ဟား ဟား ဟား''

ပီတိ သားချောပခုံးကို သိုင်းဖက်ပြီး တဟားဟား အော်ရယ်

[illegible]သည်။ ပြီးနောက် မျက်နှာချက်ချင်း ပျက်သွားပြီး

''အဲ အဲဒါမှ ဒုက္ခ''

''ဟင် ဘာဒုက္ခလဲ''

ပီတိ အိမ်မှာ အလင်းလေးကို ခေါ်ထားသည်ကို သတိရသွား

[illegible] ခပ်တိုးတိုး ညည်းလိုက်သဖြင့် သားချော ပီတိကို နားမလည်သလိုဖြင့်

[illegible]ကြောင်ကြောင် ကြည့်ကာ

''ဟင် ဘာဒုက္ခလဲ ကိုပီတိ၊ ဘယ်ကိုဝင်စရာရှိလို့လဲ ဝင်စရာ

[illegible]ဘာ ဝင်နေ၊ ကျွန်တော်က 'ရှော့မရှိဘူး၊ ဒီအချိန်မှာ အလုပ်မရှိ

[illegible]ကိုင်မရှိ တစ်ရာ့ကိုးတစ်ရာ့တစ်ဆယ် ဖြစ်နေတာ''

ပီတိ ခေါင်းတွေ တဗျင်းဗျင်းကုတ်လိုက်သည်။ သားချောကို

[illegible]သင်းရှိနေလို့ မင်း ငါ့အိမ်လိုက်မနေနဲ့လို့ ပြောလို့ကလည်း မဖြစ်ပြန်။

[illegible]ပြောဘဲ ခေါ်သွားပြန်ရင်လည်း ကိုယ့်ရဲ့ကြွေရုပ်ကလေးက အရှမ်းလှ

[illegible] သားချော မျက်စိကျသွားလျှင် ဘယ်လိုလုပ်မည်လဲ။ ရင်လဲမှာ



www.burmeseclassic.com

www.burmeseclassic.com



စိုးရိမ်ပူပန်စိတ်နှင့်အတူ သားချောကို မချိသွားဖြဲလေးဖြင့် ရယ်ပြ

"အဟဲ မရှိပါဘူးကွာ ဘာမှမဟုတ်ပါဘူး ကဲ တက် တ

အိမ်ကိုပဲ တန်းပြန်ကြမယ်"

အလင်းက မျက်စိမမြင်လေတော့ ရုပ်ဘယ်လောက်ချော

သားချော စိတ်ဝင်စားမှုတော့ မဟုတ်ပါဘူးဟု ကြံဖန်ပြီး ကိုယ့်စိတ်

ကိုယ် ဖြေသိမ့်လိုက်ရသည်။

သားချော ပီတိ၏စိုးရိမ်ပူပန်စိတ်ကို နည်းနည်းလေးမျှ မ

ဘဲ ကားမောင်းနေရင်း ဘေးဘီဝဲယာတွေကို ကြည့်ပြီး မောင်းလာသ

"သားချော ဘယ်တွေကို လိုက်ကြည့်နေတာလဲ ကားကို

ချာမောင်းလေ"

"အင်းပါ မောင်းပါတယ်"

ရှေ့ကြည့်မမောင်းဘဲ ဂနာမငြိမ်သူတစ်ယောက်လို ဟိုကြ

ဒီကြည့် မောင်းနေသဖြင့် ပီတိ စိတ်ပူစွာသတိပေးလိုက်သည်။ ဒီကော

လေး စတွေ့ကတည်းက ဂနာမငြိမ်သောပုံပေါက်နေ၏။

"ညီပုံစံကြည့်ရတာ တစ်ယောက်ယောက်ကို ရှာနေသ

သားချော ဘယ်သူ့ကိုရှာနေတာလဲ"

ပီတိ အမေးကြောင့် သားချော စိတ်မသက်သာစွာဖြင့် ပြုံး

သည်။

"ကျွန်တော့်ကောင်မလေးကို ရှာနေတာ၊သူ ကျွန်တော့်ကိုထား

ဦး ထွက်သွားလို့ သူ့ကြောင့်ပဲ ကျွန်တော် အိမ်ပေါ်က ဆင်းလာတာ၊

သူ့ကိုမတွေ့မချင်း ကျွန်တော် အိမ်ကိုလုံးဝမပြန်ဘူး"

"ဟ ပြင်းလှချည်လား၊ မင်းကောင်မလေးကို မင်း တော်

တော်ချစ်တာပဲလား"

"ဒါပေါ့ ကျွန်တော့်အသက်ထက်တောင် ကျွန်တော်က ပိုချစ်

သေးတယ်"

ပီတိ မဲ့ပြုံးလေးဖြင့် ပခုံးလေးကို ဖတ်ခနဲ တွန့်လိုက်ပြီး

"ဒါကြောင့် မင်းမျက်နှာက သောကရုပ်ပေါက်နေတာကိုး၊ ရယ်

လို ငိုမလို မဲ့မလိုနဲ့ သရီးဒီရုပ်ပေါက်နေပြီ"

သားချော ခပ်တိုးတိုး ရယ်လိုက်သည်။

"ကျွန်တော့်ကိုကျတော့ ပြောတယ်၊ ကိုပီတိကရော ကုမ္ပဏီ

က ထွက်လာမှ မျက်နှာက ပြုံးစိစိနဲ့ နာမည်နဲ့လိုက်အောင် ဘာတွေ

ဖြစ်နေတာလဲလို့ မေးယူရလောက်အောင်ကို ချိုနေတယ်၊ ကျွန်တော်နဲ့

မတွေ့ရင် ကောင်မလေးနဲ့ သွားတွေ့မလို့ မဟုတ်လား"

"ကိုယ်က မင်းလောက် မစွံသေးပါဘူး ညီရာ အဟဲ ဒီနေ့မှ

တယ်လို့ ဖွင့်ပြောမလို့ ချိန်နေတာ"

ပီတိ ရယ်ကျဲကျဲဖြင့် ဆို၏။



www.burmeseclassic.com

www.burmeseclassic.com



"အဆင်ပြေပါစေလို့ ကျွန်တော် ဆုတောင်းပေးပါတယ် အစ်
ရာ"

ပန်းတစ်ပွင့်ကို နှစ်ယောက်ပြိုင်နမ်း၍ ခေါင်းချင်းဆောင့်မိ
မည့် အခြေအနေကိုတော့ နည်းနည်းမျှ မရိပ်မိကြ။

■ ■ ■



အခန်း (၂၈)

ပီတိ၏အိမ်ရှေ့အရောက် သားချော ကားကိုငြိမ့်ခနဲ ထိုးရပ်
က်သည်။ အိမ်တံခါးပွင့်နေသဖြင့် သားချော ပီတိကို ငဲ့ကြည့်ကာ

"အစ်ကို့အိမ်တံခါးကြီး ပွင့်နေပါလား၊ အထဲမှာ ဘယ်သူရှိလို့

သားချော၏အမေးကို ပီတိ မဖြေသေးဘဲ ရယ်လျက်

"အိမ်ပေါ်ရောက်ဖော့ ကြည့်ပေါ့ကွာ၊ အဲဒီတော့မှ မအံ့သြနဲ့
မသိသလိုနေပေး ဟဲ ဟဲ မင်းအတွက်တော့ အသုံးမဝင် ရင်မခုန်
က်ပါဘူး"

ပီတိအပြောကြောင့် သားချော ဟက်ခနဲ တစ်ချက်ရယ်ကာ



www.burmeseclassic.com

www.burmeseclassic.com



ကားစက်သတ်လိုက်သည်။ ပီတိက အလင်းဟူသော နာမည်ကို ခေါ်နေသဖြင့် သားချော

ပီတိ ကားပေါ်မှဆင်းပြီး အနောက်ခန်းတံခါးကို ဖွင့်ကာ သာ င်ထဲ ဟန်မဆောင်နိုင်သောက်အောင်ကို မရှိုးမရှုဖြစ်ပြီး လက်ထဲမှ

ချော၏အဝတ်သေတ္တာတွေကို သယ်ချရ၏။ သားချော အားနာစွာဖြ က်ဆွဲသေတ္တာငယ်လေးကို အိမ်ကြမ်းခင်းပေါ်သို့ ဘုတ်ခနဲ ပစ်ချလိုက်

အတင်းဝင်ဆွဲ၏။ သည်။

"ပေး ပေး ကိုပီတိ၊ ကျွန်တော့်ဟာသာ သယ်ပါ့မယ်" ရင်တွေ တဒိန်းဒိန်းခုန်ကာ အိမ်ထဲသို့ အတင်းလိုက်ကြည့်၏။

"ရပါတယ်ကွ ကိုယ်ကမင်းလောက် မပျော့ပါဘူး။ ဒီလော လင်းဆိုတာ ချစ်သူလေးများလား။ ဒေါ်ဝေ ပြောသလို အလင်းက

ကတော့ သယ်နိုင်ပါတယ်ကွ၊ မင်းသာ သေးတဲ့သေတ္တာကို နိုင်အော မေ့စနက်ကြောင့် ဒီရောက်နေတာလား။ ဒါဆို အလင်းနှင့်ကိုပီတိ . . ။

သယ်" အတွေးနှင့်အတူ ဖျဉ်းခနဲ ပူပင်သောက ဖြစ်သွားရပြန်သည်။

"ကျွတ် ကိုပီတိကလည်း ကျွန်တော်ကလည်း မာပါတယ် "ကိုပီတိ အလင်း အလင်းဆိုတာ"

မယုံရင် စမ်းဦးမလား" ပီတိ ဘာမှပြန်မဖြေခင်မှာပင် အခန်းဝမှ ကောင်မလေးတစ်

"ဟော့ ဟော့ နိုင်ငံရေးတွေ မပါနဲ့ တကယ့်ကောင်ကွာ အိမ် ဘက် ပေါ်လာသည်။

ကဆင်းလာတာတဲ့ အိမ်ပြောင်းလာတာကျနေတာပဲ၊ နည်းတာမှ မဟ "ဦးပီတိ ပြန်လာပြီလား"

တာ" "အေး ပြန်လာပြီကွ၊ ဒါနဲ့ မမရော"

ပီတိ လက်ဆွဲသေတ္တာကြီးကို ထမ်းကာ အိမ်ပေါ်သို့ အရင်ဦး "ဒေါ်လုံးစီ ဘုရားသွားလို့ ခေါ်သွားတယ်၊သမီးကို အိမ်စောင့်

တက်သွား၏။ သားချောက ကျောပိုးအိတ်ကို ထုတ်လွယ်ပြီး လက် င်းထားလို့"

သေတ္တာအသေးလေးကို ဆွဲပြီး အနောက်မှ လိုက်တက်လာသည်။ "ဩော် အေး ကျေးဇူးပဲ တူးတူးရေ၊ ကဲ ရော့ သမီးအတွက်

"အလင်း အလင်းရေ" နိုး"



www.burmeseclassic.com

www.burmeseclassic.com



ပီတို့ အိတ်ကပ်ထဲမှ နှစ်ရာတန်တစ်ရွက် ထုတ်ပေးရင်း တူ... ဆိုသော ကောင်မလေးကို ကျေးဇူးတင်စကားဆိုလိုက်သည်။

ကောင်မလေး နှစ်ရာတန်လေးကိုင်ကာ အိမ်ပေါ်မှ ဆင်းသွား... သည်။

"ပီတိရေ ပြန်ရောက်ပြီလားကွ"

ကောင်မလေး အိမ်ပေါ်မှဆင်းသွား၍ အလင်း အကြော... မးမည်ဆိုကာမှ နောက်ထပ် လူတစ်ယောက်က ခြံထဲဝင်လာပြန်သည်...

"ပြန်ရောက်ပြီ ကိုဖြားကြီးရေ၊ ဒီမှာ ညှော်သည့်လည်းပါတယ်..."

"ထင်တယ် မင်းအိမ်ရှေ့ကို ခုလို ဗိမ်ခံကားတစ်ခါမှ လာမ... ဖူးဘူးလေကွာ၊ ဒါကြောင့် ဘယ်သူများလဲလို့ လာကြည့်တာ"

"ညက အဲဗာတန်နဲ့ လီဗာပူးပွဲ ကောင်းတယ်၊ မင်းသွားကြ... သေးလား"

"မကြည့်ဖြစ်ပါဘူး ကိုဖြားကြီးရာ"

"မင်းလည်း ခုတလော အိမ်ပေါ်ကနေကို ခြေတစ်လှမ်း မ... တော့ဘူးနော်"

"အဟဲ မိန်းကလေး တစ်ယောက်တည်း ထားခဲ့လို့ ဘ... သင့်တော်မလဲ၊ ကိုဖြားကြီးရာ ကျွန်တော်က အစ်ကိုတစ်ယောက်အ...





စောင့်ရှောက်ရမှာပေါ့"

သားချော ကိုပီတိနှင့် ဖြားကြီးဆိုသောသူ ပြောနေသည့်စကား တွေကို အသေအချာ နားစွင့်လိုက်၏။ အလင်းဆိုသော နာမည် ပါလို ပါငြားပေါ့။

သားချောစိတ်ထဲ ဖြားကြီးဆိုသောလူ အမြန်ပြန်ပါစေဟု ဆု တောင်းနေမိ၏။

ထိုသို့ ဆုတောင်းကာမှ ထိုလူကြီးက တော်တော်နှင့်မပြန်။ ရပ်ကွက်ထဲကလူတွေ၏အတင်းကို မြိန်ရေယှက်ရေ ထိုင်ပြောနေသေး၏။

သားချောစိတ်တွေ ထိုလူကြီး မပြန်မချင်း ဂနာမငြိမ် ဖြစ်နေ ပြီး

"ကိုပီတိ, ကျွန်တော် ရေချိုးချင်တယ်"

သားချော တမင်ပင် စကားစဖြတ်လိုက်ခြင်း ဖြစ်သည်။

"သြော် အေး ဟုတ်သားပဲ၊ ကဲ ကိုဖြားကြီးရေ ဒီမှာ ကျွန်တော့် ညီ ရေချိုးဖို့ စီစဉ်ပေးလိုက်ဦးမယ်"

"အေး အေး လုပ်ပေးလိုက် လုပ်ပေးလိုက်၊ အဟဲ ခုတလော ...င်းအိမ်ကို နတ်သမီးလေးတွေ နတ်သားလေးတွေ နတ်သက်ကြွေလာ ...ယ် ထင်ပါ့၊ ကြည့်ရတာ အလန်းလေးတွေချည်းပဲ ဟဲ ဟဲ ဟဲ ဟဲ"



www.burmeseclassic.com

www.burmeseclassic.com



ကိုဖြားကြီး သားချောကိုကြည့်ပြီး ရယ်ကာမောကာဖြင့် အိမ်ပေါ်က ဆင်းမည်အပြု

"ဟော လုံးစီ ပြန်လာပြီ"

ကိုဖြားကြီး စကားကြောင့် ပီတိနှင့်သားချော ခြံဝသို့ ပြိုင်တူလှည့်ကြည့်လိုက်ကြသည်။

"ဟင် အလင်း အလင်း"

သားချော ဝမ်းသာလုံးဆို့စွာဖြင့် လှေကားဝတွင် ရပ်နေသော ကိုဖြားကြီးကို အတင်းတိုးဝှေ့ကျော်ခွပြီး အလင်းဆီသို့ ပြေးဆင်းသွားသည်။

သားချော၏လှုပ်ရှားမှု မြန်ဆန်ပုံကြောင့် ပီတိရော ကိုဖြားကြီးရော တအံ့တသြ ကြည့်နေကြသည်။

ဒေါ်လုံးစီ နောက်မှ တုတ်ကောက်လေး တရမ်းရမ်းဖြင့် လျှောက်လာသော အလင်း၏ခြေလှမ်းတွေ တုံ့ခနဲ ရပ်သွားသည်။

"သားချော သားချောလားဟင်"

အလင်း၏အသံက အံ့သြဝမ်းသာစိတ်ဖြင့် တုန်ယင်အက်ကွဲနေသည်။ မျက်နှာပေါ်မှ ဝမ်းသာရိပ်တွေက လတစ်စင်းလို ထိန်နေသည်

"ဟုတ်တယ် ကိုသားချောလေ အလင်းရဲ့ ခုလို ပြန်တွေ့ရလို့ ဝမ်းသာလိုက်တာ အလင်းရယ်"

အလင်းအား မထင်မှတ်သည့်နေရာမှာ တွေ့လိုက်ရ၍ ဝမ်းသာလွန်းသော သားချော၏မျက်နှာမှာလည်း နေအစင်းတစ်ရာသာသလိုပင် လင်းထိန်နေသည်။

သားချော အလင်းကို ရင်ခွင်ထဲ ဆွဲသွင်းကာ တင်းကျပ်စွာ ဖက်ထားလိုက်သည်။

"ဟယ် ဟော့တော် ဒါက ဘယ် ဘ်ယ်လို"

ဒေါ်လုံးစီ အံ့သြလွန်း၍ ပါးစပ်အဟောင်းသား လက်ညှိုးတထိုးထိုးနှင့် သားချောနှင့်အလင်းကို ကြောင်ကြည့်နေ၏။

ကိုဖြားကြီး ရင်ခုန်စရာကောင်းသော လက်ဖ်စင်းကလေးကို ကျွမ်းချိုးတက်နေသော သွားကြီးဖြဲကာ ကြည့်သောအကြည့်မှာ မျက်လုံး အစုံပင် ကျုတ်ကျုမတတ်။

ပီတိမှာတော့ မခံစားနိုင်လောက်အောင်ပင် ငိုင်ခနဲဖြစ်၍သွားသည်။

ရင်နှင့်အမျှ ချစ်မြတ်နိုးပြီးကာမှ ပိုင်ဆိုင်သူက ဖြုန်းခနဲ ပေါ်လာလေတော့ ဓားဆွဲရန်လုပ်ပြီး လုယူသွားတဲ့ ငါ့အချစ်ပြန်ပေးဟု အတင်းအဓမ္မတောင်း၍လည်း မရတော့။





စိုးမိုးစာပေ

www.burmeseclassic.com

www.burmeseclassic.com



ပီတိရင်မှာ သွေးစိမ်းရှင်ရှင် ထွက်ရလေပြီ။

ရင်မှာ မြွတ်နိုးမိတာကိုက ကိုယ့်ရဲ့ကံကြမ္မာပဲလေ။

■ ■ ■



## အခန်း (၂၉)

"အလင်းကို ခုလို မှဲ့တစ်ပေါက်မစွန်းအောင် စောင့်ရှောက်ပေး ခဲ့သဲ့အတွက် ကျေးဇူးတင်ပါတယ် ကိုပီတိရာ"

ဝမ်းသာလှိုက်လှဲသော ကျေးဇူးတွေဖြင့် အထပ်ထပ်ဆိုနေသော သားချောကိုကြည့်ပြီး ပီတိရင်မှာ ဝမ်းနည်းရမည်လား၊ ဝမ်းသာရမည် လား၊ မဝေခွဲချင်တော့။

လတ်တလော စိတ်ခံစားမှုကိုသာ ဦးစားပေးလိုက်ရလျှင် နှလုံး သားတစ်စုံလုံး အထုတ်ခံလိုက်ရသော နာကျင်မှုမျိုးဖြင့် လစ်ဟင်း၍သာ သိုက်ချင်တော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ်တို့တွေက အတိတ်ကအကြောင်းပါခဲ့လို့ ခုလိုမျိုး က ကြမ္မာရဲ့ဖန်တီးမှုတွေ ဆုံပေးခြင်းခံရပြီး မင်းကောင်မလေးကို ကူညီ စောင့်ရှောက် ပေးသလို ဖြစ်သွားရတာပါကွာ၊ သိပ်တော့ မဆန်းပါဘူး တကယ်တော့ ကိုယ်က အလင်းကို မင်းကောင်မလေးမှန်းသိလို့ ကူညီ ခဲ့တာလည်း မဟုတ်ဘူးလေ၊ ကိုယ့်မျက်စိရှေ့မှာ အသက်အန္တရာယ်နဲ့ ရင်ဆိုင်နေရတဲ့ မျက်မမြင်ဒုက္ခသည်လေးကို ကူညီလိုက်တာပါ၊ အဲ အတွက် ငါ့ညီက ကိုယ့်ကို ဘာကျေးဇူးတင်စရာလိုလဲ"

ရင်ထဲမှာ ဆို့ကျပ်နေသော ခံစားမှုကို သားချော မမြင်အောင် ဖုံးကွယ်ပြီး မျက်နှာပေါ်မှာ နာမည်နှင့်လိုက်အောင် ချိုမြိန်သော ပီတိ တစ်ခုကိုတင်ပြီး ပြောနေသော ပီတိ၏အသံလှိုင်းတွေက တကယ့်ကို ကျေနပ်စရာကောင်းလောက်အောင် ကရုဏာထရေးတွေ ပြည့်နှက်နေ

ကိုယ် သိပ်မြတ်နိုးသူရဲ့ရင်ထဲမှာ ကိုယ့်အရင် ဝင်ရောက်နိုင် နေသူရှိပြီးနေမှတော့ ခေါင်းငုံ့နောက်ပြန်လှည့်ရုံပဲရှိတော့တာပေါ့၊ လော ကြီး မတရားဘူးလို့ စောဒကပြန်တက်ခွင့်မှ မရှိတော့တာ။

ကိုယ် ကူညီခဲ့သည့် စေတနာတွေ အလကားဖြစ်မည်စိုး ချစ်စကားချွေဖို့ နှုတ်တွန့်ခဲ့မိသည့် ကိုယ့်ကံကြမ္မာကိုပဲ ကိုယ် ပြန်ကျေး တင်မိပါသည်။





ခုတော့ ဘယ်သူမှ အနေမတတ်တော့ဘူးပေါ့။

ရင်ထဲမှာတော့ မွှမွှကိုကြွေနေပြီဟူသော ခံစားမှုရင့်ရင့်ကြောင့် ဒိထက်ပိုပြီး ဘာစကားမှ မဆိုချင်တော့။ အလွမ်းအဆွေး ကြေကွဲခြင်း ဆုံးရှုံးခြင်း အနစ်နာခံခြင်းတွေပေါင်းစုဖွဲ့တည်ကာ လူတစ်ကိုယ်လုံး ဆောက်တည်ရာမရသလို နှံးခွေနေပြီ။

သားချောနှင့်အလင်းမျက်နှာလေးကို မသိမသာ အကဲခတ် ကြည့်တော့ ချစ်ခြင်းမေတ္တာတွေဖြင့် ရွှန်းလဲ့နေကြသည်။

အလင်း ဝမ်းသာလွန်း၍ထင်သည်။ နှုတ်ခမ်းသားလေးတွေ ဘာဆတ်ဆတ် တုန်ကာ

"သားချောရယ် အလင်းအပေါ် သားချော ခုလို အလေးအနက် ထားပြီး ချစ်တယ်ဆိုတာသိရတော့လေ ခုနေ အလင်းသေမယ်ဆိုရင် တောင် သေပျော်ပါပြီ"

အလင်း မျက်ရည်လေးတွေပင် ဝေ့ပြီးဆို့တက်လာသည်။ အလင်းလို ဘာမှမဟုတ်သည့် မိန်းကလေးတစ်ယောက်ကို သားချောလို ချောချောပြည့်စုံတဲ့ သူဌေးသားတစ်ယောက်က စွဲလမ်းနေတယ်ဆိုတာ အမှန်မှဟုတ်ရဲ့လားဟု သံသယဝင်ကာ အိမ်မက်တစ်ခုအဖြစ် ထင် ယောင်ထင်မှား ဖြစ်ခဲ့သေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒါပေမဲ့ အလင်းအနားမှာ သားချောကို ပေးမနေနိုင်ဘူး၊ အလင်းလို ဒုက္ခမိုးတွေ အဆက်မပြတ်ရွာချခံနေရတဲ့ မျက်မမြင်ဒုက္ခိတ တစ်ယောက်က သားချောနဲ့ ဘယ်လိုမှမအပ်စပ်ပါဘူး. သားချော၊ အလင်း အနားမှာရှိနေတာ အလင်းအတွက် အရမ်းအနေခက်စေတယ်၊ ဒါကြောင့် သားချော ကြီးကြီးတို့ဆီကို ပြန်ပါတော့"

"ဘာဖြစ်လို့ ကိုယ့်ကို အလင်းအနားကနေ နှင်လွှတ်နေတာလဲ အလင်းရာ၊ အလင်းနဲ့နီးစပ်ဖို့အတွက် ကိုယ် ဘယ်လောက်စွန့်စားခဲ့ သလဲဆိုတာ အလင်းလည်း သိရဲ့သားနဲ့"

သားချော အလင်းလက်ချောင်းလေးတွေကို ခပ်ဖွဖွတွေးဆုပ် လိုက်သည်။

ပီတိ အလွှမ်းသည်နေကြသော ချစ်သူနှစ်ဦးရှေ့မှာ ဆက်ပြီး ထိုင်မနေသင့်တော့၍ ထိုင်ရာမှ အလိုက်သိစွာဖြင့် ထလိုက်သည်။

ပီတိ ထထွက်သွားကာ အိမ်ပေါ်က ဆင်းသွားတော့မှ သားချော အလင်း၏ကိုယ်လေးကို ရင်ခွင်ထဲ ဆွဲသွင်းလိုက်သည်။

အချိန်အတော်ကြာ အောင့်အည်းမျိုသိပ်ခဲ့ရသော အကြင်နာ တွေကို မျက်နှာပြင်အနှံ့ စိတ်မထိန်းနိုင်စွာဖြင့် ချွေချပစ်လိုက်သည်။

"အို အလင်းကို အဲလိုမလုပ်ပါနဲ့ သားချောရယ်၊ အလင်း





တောင်းပန်ပါတယ်၊ ပတ်ဝန်းကျင်ကလူတွေ မြင်ရင် မသင့်တော်ပါဘူး"

သားချော လက်ထဲမှ အလင်း အတင်းရုန်းထွက်သည်။ ချစ်သူ ရဲ့အနမ်းကို ဘယ်သူမခံချင်ဘဲ ရှိပါ့မလဲ၊ ဒါပေမဲ့ အလင်းအခြေအနေက စိတ်အလိုလိုက်ရမယ့် အခြေအနေ မဟုတ်။ ကိုယ်ချစ်သောသူကို ကိုယ့် ဘဝထဲမှာဝင်ပြီး မနစ်မွန်းစေချင်။ စိတ်အလိုလိုက်မိလျှင် အဆုံးသတ်မှာ သားချောရော အလင်းပါ နာကျင်ရလိမ့်မည်။

"အလင်းကို ချစ်လို့နမ်းတာပဲ၊ မသင့်တော်တာ ဘာမှမရှိပါဘူး အလင်းရာ၊ အခု ကိုယ် အလင်းကို မျက်စိခွဲစိတ်ဖို့ ဆရာဝန်ကြီးနဲ့ သွားတွေ့မယ်"

"သားချောက ဘယ်ကပိုက်ဆံနဲ့ အလင်းကို ကုမှာလဲ၊ မဖြစ်နိုင် ပါဘူး သားချောရယ်"

အလင်းလေသံက မျှော်လင့်ချက်တွေမဲ့ကာ အားပျော့ပြေလျော့ နေသည်။ သားချောက လုပ်ငန်းခွင်မဝင်ရသေးသည့် ကျောင်းသားတစ် ယောက်ပဲ။ အလင်းကြောင့် မိဘတွေဆီက အကူအညီ အထောက်အပံ့ တွေနဲ့ အလင်းမျက်စိကို ခွဲစိတ်ကုသပေးမှာ မလိုလား။

"ကျွတ် အလင်းရာ ဘာကို သောကတွေဖြစ်နေတာလဲ၊ အ လင်းအမြင်မှာ ကိုယ်ဟာ မိဘအရိပ်က မထွက်သေးတဲ့လူမွဲလေးပေါ့



www.burmeseclassic.com

www.burmeseclassic.com



အဟာတ် ကိုယ်က ကိုယ့်အဘွားဆီက ရတဲ့အမွေတွေနဲ့ အလင်း မနာ
လောက်အောင် ချမ်းသာပါသေးတယ်၊ ခု ကိုယ် အိမ်ကထွက်လာတေ
အလင်းကိုရှာပြီးတွေ့တာနဲ့ မျက်စိခွဲစိတ်ကုသပေးမယ်လို့ ဆုံးဖြတ်ထ
တာမို့ ဘဏ်စာအုပ်ပါ တစ်ခါတည်း ယူလာပြီးသား''

အခွင့်အရေးတွေက အလင်းတာန်းတစ်ခုလို ကိုယ့်ဆီဦးတ
လာပြန်တော့လည်း အလင်း လက်ခံရမှာ မဝံ့မရဲဖြစ်မိပြန်သည်။

''သားချောက အလင်းကိုချစ်လို့ မျက်စိကုပေးပေမယ့် ကြီး
တို့သိရင် သားချောကို လုံးဝခွင့်လွှတ်ကြမှာ မဟုတ်ဘူးလေ၊ အလ
ကလည်း ကြီးကြီးတို့ ပေးစားမယ့်လူနဲ့မယူဘဲ ထွက်ပြေးလာတော့ သ
အပေါ် အပြစ်ကျူးလွန်ထားသလို ဖြစ်နေတာ''

ဘာမှမသိရှာသော အလင်းကို သားချော အကြင်နာအပြ
နှင့် တိုးသိပ်နေသောအကြည့်ဖြင့် တစိမ့်စိမ့်ကြည့်ကာ

''မာမိတို့ အလင်းကို ဘယ်သူနဲ့ပေးစားမယ်ဆိုတာကို အလ
သိလား''

သားချော အမေးကြောင့် အလင်း ခေါင်းလေးကို တဆတ်ဆ
ခါလိုက်သည်။

''ဟင့်အင်း ဘယ်သိမှာလဲ သားချောရယ်၊ အဟွင်း လော





အလင်းသိတဲ့ယောက်ျားတွေဆိုလို့ ဘိုးရယ် ဘဘရယ် သားချောရယ်
နောက်ပြီး ကိုပီတိရယ်၊ အဲ ဒေါ်လုံးစီယောက်ျား ကိုဖြားကြီးရယ်၊ ဒါပဲလေ
အင်း တစ်ယောက်ကျန်သေးတယ် အလင်း သားချောတို့အိမ်က ထွက်
လာတုန်းက ကူညီခဲ့တဲ့ ဘဘကြီးရယ်ပေါ့''

လက်ချောင်းကလေးတွေချိုး ခေါင်းလေးတဆတ်ဆတ်ဖြင့် ကလေးဆန်
စွာ ပြောနေသော အလင်းမျက်နှာလေးက ရိုးသားအပြစ်ကင်းစင်လွန်း
နေ၏။ ဒီလိုမိန်းကလေးမျိုးကို ချစ်မိသော သားချော အရာရာကို စွန့်
လွှတ်ရဦးတော့ စိတ်ကျေနပ်ချင်စရာပါပဲ။ သားချောအဖို့ နောင်တဆိုတာ
ရှိလာမည်မဟုတ်။

''သားချောကရော ကြီးကြီးက အလင်းကို ဘယ်သူနဲ့ပေးစား
ယ်ဆိုတာ သိလို့လား''

''အင်း သိတာပေါ့''

''ဒါဆိုပြော ဘယ်သူနဲ့လဲ''

''ဒေါ်ဝေ့တူ ကိုပီတိပေါ့''

''ဟင် ကိုပီတိ ဟုတ်လား၊ တိုက်ဆိုင်လိုက်တာနော် အလင်းရဲ့
ဘူးရှူးရှင် အစ်ကို ကိုပီတိနဲ့ နာမည်လာတူနေတယ်''

ဒီလောက်လေး တိုက်ဆိုင်ရုံနှင့် အံ့ဩနေသော အလင်းတအ



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကိုပီတိဟာ ဒေါ်ဝေ့တူပါဆိုတာသာသိလျှင် ဒီထက်အဆပေါင်း များစွာ ပို၍အံ့ဩသွားနိုင်၏။

သို့သော် ထိုတိုက်ဆိုင်မှုကို အလင်းအား မပြောပြတော့ဘူးဟု သားချော ဆုံးဖြတ်လိုက်သည်။

သိသွားလျှင် အလင်းရော ကိုပီတိရော အနေခက်ကုန်ကြလိမ့်မည်။

■ ■ ■



အခန်း (၃၀)

"ခုမှ ငိုနေလို့ရော သားက မင်းဆီကို ပြန်လာမှာလား အမေကြီးရယ်၊ ငိုမနေပါနဲ့ သားကို ရှာတွေ့နိုင်ဖို့ ဘယ်လိုနည်းလမ်းသုံးရမယ်ဆိုတာကိုပဲ ဝိုင်းပြီးစဉ်းစားကြတာပေါ့"

ဒေါ်ခင်သစ္စာ တသိမ့်သိမ့် ရှိုက်ငိုနေရာမှ တစ်ရှူးဘူးထဲမှ တစ်ရှူးတစ်ရွက်ကို လှမ်းနှိုက်ယူကာ နှပ်ရည်တွေကို သုတ်လိုက်သည်။

"ရှင်ကတော့ အဖေဆိုတော့ ခုလိုပဲ ဖြေသိမ့်နိုင်မှာပေါ့လို့၊ ကျွန်မက မွေးထားရတာလေ ကျွန်မသားကို ကျွန်မက အသက်ထက်တောင် ပိုချစ်သေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဆိုဖာနောက်ကျောမှီကို ခပ်အေးအေးမှီကာ ပြေသိမ့်ပေးနိုင်သော ဦးမြတ်ကိုကိုကြည့်ပြီး ဒေါ်ခင်သစ္စာ ပြန်ပြီးတော့ပင် အပြစ်တင်လိုက်သေးသည်။

ဒေါ်ခင်သစ္စာကိုကြည့်ပြီး ဦးမြတ်ကို ခေါင်းကို ခပ်ဖြည်းဖြည်းခါကာ စိတ်မသက်သာသလို သက်ပြင်းခပ်လေးလေး ချလိုက်သည်။

"ရှင်က ဘာကိုခေါင်းခါနေတာလဲ၊ ရှင့်သားပျောက်သွားတာဟာ ရှင့်အတွက် စာကြည့်စားပွဲပေါ်က ဖောင်တိန်လေးတစ်ချောင်း ပျောက်သလောက်တောင် မခံစားရဘူးလား"

"ဒီလိုလည်း မဟုတ်ဘူးလေ အမေကြီးရယ်၊ ကိုယ်လည်း ဖအေတစ်ယောက်ပဲ ပူတာပေါ့၊ ပူလို့လည်း နီးစပ်ရာအသိုင်းအဝိုင်း သူငယ်ချင်းတွေဆီမှာ လိုက်ပြီးစုံစမ်းနေတာပဲ မဟုတ်လား၊ အလုပ်နားရက်မှာတောင် အိမ်မှာနေလို့လား၊ ကားတစ်စီးနဲ့ ကိုယ်ပဲလိုက်ရှာနေတာပဲလေ"

ဦးမြတ်ကို၏အကြောင်းပြချက်ကို ဒေါ်ခင်သစ္စာ အသိအမှတ်မပြုသလို ပုံစံမျိုးဖြင့် မျက်နှာကိုမဲ့လိုက်သည်။

"ဒါဟာ ဘယ်သူမပြု မိမိမှုပဲလေ၊ သား ဒီလိုဖြစ်အောင် ဖွတ်အတင်းဖန်တီးတာ ကိုယ်မှမဟုတ်တာ မင်းလေ"

"ဘယ်လို ကျွန်မက ဟုတ်လား"

ဒေါ်ခင်သစ္စာ သူ့ရင်ဘတ်သူ တဘုန်းဘုန်းပုတ်ကာ ခပ်ငေါ်ငေါ် ပြန်မေး၏။

"ဟုတ်တယ်လေ သားမလိုချင်တဲ့ မိန်းကလေးနဲ့ ဘာလို့ အတင်းပေးစားဖို့ လုပ်လဲ၊ သူလိုချင်တဲ့ မိန်းကလေးကျတော့ မင်းက အိမ်ကထွက်သွားအောင် နည်းလမ်းအမျိုးမျိုး သုံးပစ်တယ်"

"ဩော် မသုံးလို့ရမလား၊ ရှင်ရော ရှင့်သားကို မျက်မမြင်မိန်းကလေးတစ်ယောက်နဲ့ သဘောတူလား"

"မတူပေမယ့်လည်း သားက အသေအလဲ စွဲလမ်းနေပြီဆိုရင် ကိုယ့်သားစိတ်ချမ်းသာဖို့အတွက် သဘောတူသင့်ရင် တူရတော့မှာပဲ၊ နောက်ပြီး သူက မွေးရာပါ မျက်မမြင်မှမဟုတ်တာ၊ ခွဲစိတ်ကုသမှုခံယူရင် ကောင်းသွားမှာပဲ၊ ကိုယ်က သား အလင်းကြည်လေးကို စိတ်ဝင်စားနေမှန်း ရိပ်မိကတည်းက ကိုယ့်မိတ်ဆွေ ဆရာဝန်ကြီးတွေနဲ့ တိုင်ပင်ပြီးပြီ အလင်းမျက်စိက ပြန်မြင်နိုင်တာပဲ"

ဦးမြတ်ကို သဘောထားကြီးသလောက် ဒေါ်ခင်သစ္စာ သဘောထားမကြီးနိုင်။ ဂုဏ် ဂုဏ်ချင်းပဲ ထပ်ချင်သည်။ ငွေ ငွေချင်းပဲ ထပ်ချင်သည်။



www.burmeseclassic.com

www.burmeseclassic.com



"သူ့ဟာသူ ပြန်မြင်မြင် မမြင်မြင် ဒီလိုအခြေအမြစ်မရှိတဲ့ ခပ်ညှံ့ညှံ့ မိန်းကလေးနဲ့တော့ ဘယ်နည်းနဲ့မှ သဘောမတူနိုင်ပါဘူး မိဘက ရွံ့ထဲမဆင်းစေချင်လို့ ပန်းခင်းလမ်းပေါ် တင်ပေးတယ်၊ ဒင်းက ခြေထောက်ရွံ့ပေအောင်လို့ ရွံ့ထဲ တမင်ဆင်းချတယ်၊ သေသလား ရှင်သလားမသိတဲ့ မိန်းကလေးကိုရှာဖို့အတွက်နဲ့များ မိုက်မိုက်မဲမဲ အိမ်ပေါ်က ဆင်းသွားရတယ်လို့"

ဒေါ်ခင်သစ္စာ ရင်ထဲမှာ နည်းနည်းမှ မကောင်းစွာဖြင့် သားဖြစ်သူကို အပြစ်တွေ ဖာချဲ့၍မဆုံးသေး ပူပင်၍မဆုံးသေး။

"မင်းသား ပြန်လာတော့ရော နိုင်ကြည်ဖြူကို လက်ထပ်မယ်လို့ ထင်လား၊ မင်းသားက အပြတ်ငြင်းထားပြီးလို့ ဟိုက မင်းရဲ့သားကို လက်ခံဦးမှ"

"နိုင်ကြည်ဖြူ လက်မခံလည်း ကျွန်မတို့အသိုင်းအဝိုင်းမှာ ဂုဏ်သရေရှိ လူကြီးလူကောင်း သားသမီးတွေ အများကြီးပဲ၊ သူတို့နဲ့ ပေးစားမယ်၊ ဒီတစ်ခါ မယူဘူးလို့ငြင်းရင်တော့ အမွေပြတ်ပဲ၊ ဘာတစ်ခုမှကို မပေးဘူး၊ ဒီအတိုင်းလမ်းဘေးမှာ ပစ်ထားမယ်"

ဒေါ်ခင်သစ္စာ စကားကြောင့် ဦးမြတ်ကို တဟဲဟဲနှင့်ရယ်၏

"အို ရှင်က ဘာရယ်တာတုန်း၊ ကျွန်မ တကယ်ပြောနေတာ"





"မင်း တကယ်ပြောနေတယ်ဆိုတာကို ကိုယ်လည်း ယုံပါတယ်၊ ဒါပေမဲ့ ကိုယ်တို့ဆီက အမွေဖြတ်လိုက်လို့ မင်းသားကရော မှုမယ်လို့ မင်းထင်နေသလား"

ဦးမြတ်ကိုစကားကြောင့် ဒေါ်ခင်သစ္စာ ဦးမြတ်ကိုကို စွေခနဲ ကြည့်လိုက်ပြီး မေးဆတ်ပြကာ

"ကဲ ပြောပါဦး၊ ရှင်က သားဘက်က စစ်ကူပေးပြီး ဘာအကြောင်းပြချက်ပေးဦးမလို့လဲ"

"မင်းသား ကိုယ့်မီးခံသေတ္တာထဲက သူ့ရဲ့ဘဏ်စာအုပ်ကို ဘယ်အချိန်ကတည်းက ယူသွားလည်းမသိဘူး၊ ကိုယ် သတိရလို့ မီးခံသေတ္တာကို ဖွင့်ကြည့်လိုက်တော့ သူ့ဘဏ်စာအုပ်ပါ သူနဲ့တပါတည်း ယူသွားတာ"

"ဘာ ဘယ်လို"

ဒေါ်ခင်သစ္စာ မျက်ဝန်းအစုံ ပြူးကျယ်ဝိုင်းစက်သွား၏။ သား၏ အကွက်စေ့စေ့ လှုပ်ရှားမှုကို ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်သစ္စာ လိုက်၍မမှီနိုင်တော့။

ထိုဘဏ်စာအုပ်သည် သားဘဝကို တစ်အိုးတစ်အိမ် ထူထောင်နိုင်လောက်အောင်ကို အများကြီး ပိုလျှံနေသေးတာပဲ။

ခေါင်းထဲမှာ တဒိတ်ဒိတ်နှင့် ဒေါ်ခင်သစ္စာ ချက်ချင်းသွေးတွေ



www.burmeseclassic.com

www.burmeseclassic.com



တိုးလာသည်။

"မဝေရေ သံပုရာရည်တစ်ခွက် ဖျော်ခဲ့ပေးစမ်းပါ"

■ ■ ■



## အခန်း (၃၁)

မျက်စိအထူးကုဆရာဝန်ကြီး ဒေါက်တာခွန်းချိုရှေ့မှာ ခြေ
ချုပ်မိပြီဆိုကတည်းက အလင်းရင်တွေ တဒိတ်ဒိတ်နှင့် ခုန်နေသည်။

ဘေးမှာ သားချောနှင့် ကိုပီတိပါနေ၍သာ အလင်း အားကိုး
တော်ဖြင့် ခွေယိုင်မသွားခြင်း ဖြစ်သည်။

အလင်းအဖို့ ဆေးရုံဆေးခန်း ဆိုတဲ့အတွေ့အကြုံဆိုတာ
ပြီးဖူးတာမဟုတ်။

မျက်စိဆရာဝန်ကြီး ဒေါက်တာခွန်းချို သားချောနှင့် ကိုပီတိ
ကို ဖော်ရွေစွာ ပြုံးပြလိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



"ထိုင်ကြပါ ထိုင်ကြပါ ကလေးမကိုလည်း ထိုင်ခိုင်းလိုက်ပါ"

"ဟုတ်ကဲ့ ဆရာကြီး"

ဝီတိ အလင်းပခုံးလေးကို ကိုင်ကာ ခုံမှာထိုင်စေလိုက်သည်။ အလင်း ထိုင်ခုံမှာ မဝံ့မရဲဝင်ထိုင်လိုက်သည်။

အလင်းနှာခေါင်းထဲသို့ ဆေးရုံအနံ့တွေ တိုးဝင်လျက် မျက်နှာကြက်မှ တဝီဝီလည်နေသော ပန်ကာအသံကို ကြားလိုက်ရသည်။

သားချော အလင်း၏ကြောက်စိတ်ကြောင့် အေးစက်စက်ဖြစ်နေသော လက်အစုံကို အားပေးနှစ်သိမ့်သည့်အနေဖြင့် ခပ်တင်းတင်း ဆုပ်ကိုင်လိုက်သည်။

"မျက်စိဝေဒနာရှင် နာမည်က အလင်းကြည်နော်"

"ဟုတ်ကဲ့ အလင်းကြည်ပါခင်ဗျ"

သားချော ခေါင်းညိတ်လျက် လေးလေးစားစား ဖြေလိုက်သည်။ ဆရာဝန်ကြီး ခေါင်းညိတ်သည်။

"ကဲ သမီး မျက်စိဘာကြောင့် ကွယ်သွားရလဲဆိုတဲ့ အကြောင်း အရင်း ဇစ်မြစ်ကို ဘဘကို ပြောပြနော်"

"ဟုတ်ကဲ့"

အလင်း ခေါင်းလေး ဆတ်ခနဲညိတ်ပြကာ အတိတ်က ဖြစ်ပျက်





ခဲ့သည့်အကြောင်းအရာတွေကို ပြန်လည်ပြောပြဖို့အတွက် စကားလုံးတွေကို လည်ချောင်းဝသို့စုယူကာ တွန်းပို့လျက် မျက်ရည်တွေ ဝဲတက်လာသည်။

အမေဆုံးသည့်နေ့က အလင်း မျက်စိကွယ်သည့်နေ့ပေါ့။

ထို့နောက် အလင်း ဆရာဝန်ကြီးအား အလင်းမျက်စိကွယ်ရခြင်း အကြောင်းအရာတွေကို တစ်လုံးမကျန် ပြန်ပြောလိုက်သည်။

ပြန်လည်ပြောပြနေစဉ်အတွင်းမှာ ချောက်ချားမှုနှင့်ကြေကွဲခြင်းနှင့်သော ငိုရှိုက်သံတွေက ပါးပြင်ပေါ်မှာ တလိမ့်လိမ့်နှင့်။

ဆရာဝန်ကြီးပင်လျှင် အလင်း၏အဖြစ်ကို သနားသွားသဖြင့် ကရုဏာသက်သောအကြည့်တွေဖြင့် ကြည့်ကာ ခေါင်းတညိတ်ညိတ် လုပ်၏။

"အင်း ဒီသမီးရဲ့ရောဂါဖြစ်စဉ်အရဆိုရင်တော့ ဦးနှောက်နဲ့ အာရုံကြောဆရာဝန်ကြီးနဲ့တွေ့ဖို့တော့ လိုအပ်လာပြီ"

"ဗျာ အလင်းက မျက်စိကွယ်တာတင် မဟုတ်ဘူး၊ ဦးနှောက်ကိုပါ ထိသွားလို့လား ဆရာကြီး"

သားချော အထိတ်တလန့်ဖြင့် မေး၏။

"ဒီလိုပါ ဒီသမီး မျက်စိကွယ်ရတဲ့အကြောင်းအရင်းက ဦး



www.burmeseclassic.com

www.burmeseclassic.com



နှောက်နဲ့အာရုံကြောတွေကို ထိခိုက်သွားလို့ မျက်စိကွယ်သွားရတာပါ အဲဒီဆရာဝန်ကြီးနဲ့တွေ့ပြီးမှ မျက်စိခွဲစိတ်ကုသဖို့ကိစ္စကို ဆောင်ရွက်နိုင်မှာပါ၊ ဘာမှတော့ မစိုးရိမ်ပါနဲ့၊ ပြန်ကောင်းနိုင်ဖို့က ရာနှုန်းပြည့်ရှိပါတယ်''

''ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ် ဆရာကြီးရယ်၊ ကျွန်တော်ဦးနှောက်နဲ့အာရုံကြောဆိုင်ရာ ဆရာဝန်ကြီးကို ဘယ်တော့ သွားတွေ့မယ်ဆိုတာကိုပဲ ညွှန်ကြားပေးပါ''

''ဦးနှောက်နှင့်အာရုံကြော ဆေးရုံကို မနက်ဖြန်ပဲ သွားလိုက်ပါ မနက်ဖြန်ဆိုရင် ဆရာဝန်ကြီးထိုင်မှာ၊ စာရေးပေးလိုက်မယ်လေ''

''ဟုတ်ကဲ့ ဆရာကြီး ညွှန်ကြားချက်အတိုင်း ကျွန်တော်တို့ မနက်ဖြန်ပဲ သွားလိုက်ပါ့မယ်၊ ကျေးဇူးတင်ပါတယ် ဆရာကြီး''

အလင်း မျက်စိပြန်မြင်နိုင်သည်ဆိုသဖြင့် သားချော ဝမ်းသာလွန်း၍ မျက်ရည်ပင်ဝဲမိ၏။

သိပ်မကြာတော့မည့်ကာလငယ်တစ်ခုမှာ အလင်းရဲ့အနာဂတ်တွေ တစ်ရှိန်ထိုး လုပတော့မှာ အသေအချာ။

ပျော်ရွှင်ပီတိဖြစ်စရာ ခံစားမှုကိုယ်စီနှင့်အတူ ဆရာဝန်ကြီးကို နှုတ်ဆက်၍ စမ်းသပ်ခန်းထဲမှ ထွက်လာကြသည်။





အလင်းအပေါ်မှာ အဆက်မပြတ် ရွာသွန်းနေသော ဒုက္ခမိုးတွေ မကြာခင်စဲတော့မှာပါ။

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၂)

ဒီနေ့ အလင်း မျက်စိခွဲစိတ်ကုသမည့်နေ့ဖြစ်၍ စိတ်တွေ လှုပ်ရှား၍နေသည်။

"အလင်း စိတ်ကိုငြိမ်ငြိမ်ထားနော်၊ ဘာမှမစိုးရိမ်နဲ့သိလား၊ အလင်းဘေးမှာ ကိုယ်တစ်ယောက်လုံးရှိတယ်"

သားချော အလင်းဘေးမှာဝင်ထိုင်ရင်း ခပ်တိုးတိုး ပြောသည်။

"အလင်း ရင်တွေခုန်နေတယ် သားချောရယ်"

"အင်း ဘာလို့ ရင်ခုန်တာလဲ၊ ကိုယ့်ချစ်သူလေးအဖြစ် ကိုယ့်ဘေးမှာ တရားဝင်ရပ်တည်ရတော့မှာမို့လား"





"ဟင့်အင်း မဟုတ်ပါဘူး၊ အလင်း တစ်ခါမှ မမြင်ဘူးတဲ့ သားချောနဲ့ ကိုပီတိကို မြင်ရတော့မှာမို့လေ"

သားချောမျက်နှာ အိုဆင်းသွားသည်။ သားချော မျက်နှာမြင်ရတော့မှာမို့ဆိုလျှင် ဟုတ်သေး၏။ ခုတော့ ဘာကြောင့် ကိုပီတိက ပါလာရတာလဲ။

သို့သော် ဒီအချိန်မှာ အလင်းထံမှ ဘယ်လိုစကားတွေ ပြောလာပြောလာ သားချော ဂျစ်တိုက်မွေ့ယူနေ၍မဖြစ်၊ ခွဲစိတ်ခါနီးမှာ အလင်းကို စိတ်အနှောင့်အယှက် မဖြစ်စေချင်။

"မအလင်းကြည် ခွဲခန်းဝတ်စုံ လဲထားမယ်"

နာ့စ်၏အသံကြောင့် ပိုးသတ်ဆေးဖြင့် ပေါင်းထားသော ခွဲခန်းဝင် လူနာဝတ်စုံကို အခန်းတွင်းဝင်လဲလိုက်သည်။

ပီတိ လွယ်အိတ်တစ်လုံးလွယ်ကာ အနားသို့ ခပ်သွက်သွက် လျှောက်လာ၏။

"အလင်းရေ ဆရာဝန်ကြီးရောက်ပြီကွ၊ မကြာခင် အလင်း ခွဲခန်းဝင်ရတော့မယ်၊ ဘာမှမကြောက်နဲ့နော် ဘုရားတရားကိုသာ အာရုံပြု ထားပြီးမှ သဘောဖြူလိုမှာတဲ့ ကောင်မလေးမို့ ခွဲစိတ်မှုအောင်မြင်မှာပါ"

"အစ်ကိုနဲ့သားချော အပြင်မှာရှိနေနော် သိလား"



www.burmeseclassic.com

www.burmeseclassic.com



ပီတိ မျက်ရည်တွေဝဲလျက် အလင်း၏ပခုံးလေးကို ခပ်ဖွ
ဆုပ်ကိုင်ကာ အားပေးစကားဆို၏။

"အလင်းလည်း ခွဲစိတ်မှုအောင်မြင်မယ်လို့ ယုံကြည်နေပါတယ
ကိုပီတိရယ်၊ အလင်းရဲ့ကျေးဇူးရှင်တွေ မျက်နှာကို အလင်း ပြန်မြင်
ဖို့အတွက် ခွဲစိတ်မှုအောင်မြင်မှာ သေချာပါတယ်"

အလင်း၏မျက်နှာလေး ယုံကြည်မှုတွေဖြင့် ထွေးလိပ်လျ
ကြည်လင်ဝင်းပနေသည်။

ခုချိန်မှာ အလင်း၏မျှော်လင့်ချက်တွေဟာ ခမ်းနားထည်ဝါ
သလို အနာဂတ်မှာ ဖြစ်ပေါ်လာမည့် သုခတွေကိုလည်း မြိန်ယှက်
စားသုံးဖို့ စိတ်အင်အားတွေ အပြည့်အတင်း ခန္ဓာကိုယ်သွေးကြောထဲ
တိုးဝင်စီးမျောနေသည်။

သားချော အလင်း၏နဖူးလေးကို မြတ်နိုးစွာ တစ်ချက်
ရှိုက်လိုက်သည်။

"အလင်း မျက်စိပြန်မြင်ပြီးတာနဲ့ ကိုယ်နဲ့အလင်း လက်
ကြမယ်နော်၊ အလင်းဘက်မှာ အုပ်ထိန်းသူအဖြစ် ကိုပီတိက အစ်ကို
ရာမှာ ဝင်ရပ်ပေးလိမ့်မယ်"

သားချော စကားကြောင့် ပီတိ ခပ်ကျဲကျဲလေး ရယ်သ





ချစ်သူအဖြစ် ရင်ခွင်မှာထွေးပွေ့ခွင့်မရမှတော့ အစ်ကိုနေရာကနေဝင်ပြီး
ခုပ်တည်ပေးဆိုလည်း ပီတိအနေဖြင့် ရောင့်ရဲတင်းတိမ်နိုင်ပါသည်။

"ဟေ ငါက အလင်းရဲ့အစ်ကိုနေရာကနေ ဝင်ရပ်ရမယ်ဆိုရင်
မင်းဘက်ကလည်း မိဘအုပ်ထိန်းသူ လိုမယ်လေကွာ၊ မိဆုံဖဆုံ လာ
တောင်းမှ ကိုယ်က လက်ခံမှာနော်၊ ဒီတော့ မိန်းမတောင်းခါနီး ကန်တော့
ရှက်ဖို့ မင်းအမေတော့ ပါရမယ်မဟုတ်လား၊ အဟဲ ပြီးရင် စိန်တစ်ဆင်
၊ တိုက်တစ်လုံး၊ ကားတစ်စီး စီးပွားရေးလုပ်ငန်းစုတစ်ခု အဲဒါလေး
တော့ ပါမှဖြစ်မှာနော်၊ ဘာဖြစ်လို့လည်းဆိုတော့ ကိုယ်က သမီးရှင်လေ
ကိုယ်သဘောမကျရင် လုံးဝ လက်ထပ်ခွင့်မပြုနိုင်ဘူး"

ပီတိ ရယ်သွမ်းသွေးလျက် ရွှတ်နောက်နောက်ဆိုတော့ သား
ချော ပီတိလက်မောင်းကို မနာအောင် ချစ်စနိုးဖြင့် ခပ်ဖွဖွထိုးလိုက်ပြီး

"အဲဒီ တောင်းဆိုမှုက မနည်းဘူးလား ယောက်ဖကြီးရာ၊
ကျွန်တော်က ဒီထက်တန်ဖိုးကြီး မြင့်မြတ်တဲ့အရာနဲ့မှ တင်တောင်းချင်
တာ၊ ယောက်ဖကြီးတင်တောင်းတဲ့ ပစ္စည်းတွေက ကျွန်တော့်အတွက်
အခန်းလွယ်ကူနေတယ်၊ အဟဲ သိန်းပေါင်းများစွာ အမွေရထားတဲ့ ခေတ်
ဆင်သူဌေးနော် ဒီလောက်ကတော့ ပါးပါးလေး ဟဲ ဟဲ"

သားချော ကော်လာစလေး တစ်ထောင်ထောင်ဖြင့် ခပ်မော



www.burmeseclassic.com

www.burmeseclassic.com



မောပြောနေသဖြင့် ပီတိ သားချောခေါင်းကို ခပ်ဖွဖွပုတ်ကာ တဟ

ဟား ရယ်လိုက်၏။ ပြီးမှ ဆေးရုံဆိုတာ သတိရသွား၍ အသံထွက်အော

ရယ်နေသော ပါးစပ်ကို လက်ဖြင့်အသာပိတ်ကာ ဘေးဘီဝဲယာကို အာ

စွာဖြင့် ဝေ့ကြည့်လိုက်သည်။

အခန်းထဲဝင်လာသော နာ့စ်လေးက ပီတိကို ပြုံးမဲ့မဲ့လေး

ကြည့်သွား၏။ ပီတိ ပျော်စေပျက်စေ သဘောမျိုးဖြင့် မျက်စိတစ်

မှိတ်ပြလိုက်သည်။

ရင်မှာ ကြေကွဲလွမ်းဆွတ်ရလွန်းလို့ ဟာသသက်သက် လျှော

လုပ်နေတာပါ။ စိတ်ထဲကတော့ ဘာမှမရည်ရွယ်ပါဘူး။

ချစ်မိသွားတဲ့ ကိုယ့်နှလုံးသားကို ကိုယ်ကိုယ်တိုင် ပျော်

ဆက် လုပ်နေတာလေ။

■ ■ ■



အခန်း (၃၃)

"မဝေ ရှင်ပြောနေတာ တကယ်ပဲလား"

ဒေါ်ခင်သစ္စာ ဝမ်းသာလုံးဆို့သော လေသံဖြင့် အားရပါးရ

လိုက်သည်။

"ဟုတ်ပါတယ် မမလေး၊ ကျွန်မကို ပီတိ အကြောင်းကြားတာ

သားချော သူ့အိမ်ရောက်နေတယ်ဆိုတဲ့အကြောင်း၊ ကံကောင်းချင်

သားချော ရှာပုံတော်ဖွင့်နေတဲ့ ချစ်သူလေးကို ပီတိက အသက်

ယ်ကနေ လွတ်အောင် ကယ်တင်ထားလိုက်မိတာတဲ့"

ဒေါ်ဝေဆီမှ သတင်းထူးက ဝမ်းသာစရာနှင့် စိတ်ပျက်စရာ

ခေါင်းပြီး ဒေါ်ခင်သစ္စာကို စိတ်အနှောင့်အယှက်တွေ ပေးနေ၍



www.burmeseclassic.com

www.burmeseclassic.com



အပြည့်အဝ မပျော်ရွှင်နိုင်ရှာ။

"ကျွန်မက ရှင့်တူနဲ့အလင်းကြည်ကိုပေးစားဖို့ စီစဉ်တုန်းက တော့ ဒင်းလေးက ယူရမှာစိုးလို့ အိမ်ကထွက်ပြေးတယ်၊ အဟင်း ဖူး... များ ဆုံချင်တော့ ကြဖန်ပြီး ဆုံကြတယ်၊ ကျွန်မ ပေးစားချင်တုန်းက မဆုံတဲ့နဲ့ အိမ်ကထွက်ပြေးမှပဲ ဆုံကြရတယ်လို့ တိုက်ဆိုင်မှုတွေ အမျ... ကြီးရှိခဲ့ရင်တောင် ခုလောက် အံ့သြစရာကောင်းလောက်အောင် တိုက်ဆိ... မှာမဟုတ်ဘူး၊ သားချောက အဲဒီအိမ်ကို ရောက်မသွားရင် သူတို့... ခုလောက်ဆို နီးစပ်နေကြလောက်ပြီ၊ အဟင်း ပြောလို့မရဘူး ယောက်... တစ်ယောက်နဲ့ မိန်းမတစ်ယောက် ဘာမှသွေးမတော် သားမစပ်ဘဲ ...

အိမ်တည်းမှာ ညပေါင်းများစွာ အတူဖြတ်ကျော်ကြတယ်၊ သူတို့ရဲ့... သားဆန္ဒတွေက စည်းတစ်ခုကို မကျော်ခဲ့ဘူးဆိုရင် အဓိပ္ပာယ်ရှိနိုင်... မလား"

ဒေါ်ခင်သစ္စာ ညှိခန်းထဲတွင် လက်ပိုက်စဉ်းစားခန်းဖွင့်... ဟိုဘက်ဒီဘက် လျှောက်ကာ သူ့ထင်မြင်ယူဆချက်တွေကို ဒေါ်... အဖြေညှိနေ၏။

"ပီတိကတော့ အဲဒီလို ယောက်ျားမျိုးမဟုတ်ပါဘူး၊ မမ... 'ကိုယ့်တူမို့လို့ ကိုယ်ပြောတာ မဟုတ်ဘူးနော်"





ဒေါ်ခင်သစ္စာ နှုတ်ခမ်းကွေးရုံမျှ ပြုံးလိုက်ပြီး

"ရှင်က ရှင့်တူရိုးသားပါတယ်ဆိုတာကို ဘာအလေးထားနဲ့ တိုင်းပြော... တာလဲ မဝေ"

"ရှင်"

ဒေါ်ဝေ ဘာပြန်ပြောရမှန်းမသိတော့။ ကိုယ့်တူ၏အကျင့်သိက္ခာ... ...င်းကို ခုလို နှိမ့်ချပြောဆိုနေတာကိုတော့ နည်းနည်းလေးမှ မခံချင်။ ...သို့သော် ပြန်ပြောနိုင်ရန် အင်အားကလည်း မရှိ။ ဒီတော့ ရေငုံနှုတ်ပိတ် ...နေရုံမှ တတ်နိုင်တော့တာပေါ့။

"ကဲပါလေ ရှင့်တူလေးကို ခုလို စွပ်စွဲရတာလည်း အားနာပါ... ...ယ်ရှင်၊ ဒီတော့ ကျွန်မတို့ပါးစပ်က ပြောမနေဘဲနဲ့ အိမ်ကိုပဲလိုက်သွား... ...ကြရအောင်၊ ကျွန်မကတော့ အရင်ကတည်းကမှ သဘောမတူတာ ခုလို ...ပြီးတော့ ကျွန်မသားနဲ့ သဘောမတူနိုင်တော့ဘူး"

"ကျွန်မရော လိုက်ခဲ့ဖို့ လိုသေးလား မမလေး"

ဒေါ်ဝေ့အမေးကြောင့် ဒေါ်ခင်သစ္စာ ခပ်တွေတွေ စဉ်းစားပြီး

"အင်း ဒီဖတ်လမ်းက ရှင်ပါစရာတော့သိပ်မလိုအပ်ပါဘူးလေ၊ ...တယ် မလိုက်ပါနဲ့၊ ရှင်ပါနေရင် ရှင့်တူအတွက် ရှင်ပါ စိတ်အနှောင့် ...ယှက်ဖြစ်နေပါ့မယ်၊ ဒီတော့ ရှင့်တူ ပီတိနေတဲ့လိပ်စာကိုပဲ ကျွန်မကို



www.burmeseclassic.com

www.burmeseclassic.com



ပေး၊ အဲ ကျွန်မသွားမယ်ဆိုတဲ့အကြောင်းကိုတော့ ရှင် ကြိုပြီးသတင်း မပေးလိုက်နဲ့"

"စိတ်ချပါ မမလေး၊ ကျွန်မ မပြောပါဘူး"

"စိတ်ချပါ ရှင့်တူ အလင်းနဲ့လက်ထပ်ဖြစ်လည်း ကျွန်မ အရင် ပြောထားတဲ့အစီအစဉ်ကို အကောင်အထည်ဖော်ပေးမှာပါ"

ဒေါ်ခင်သစ္စာ ပြောချင်ရာကို အထက်စီးနင်းဆန်စွာပြောပြီး ဧည့်ခန်းထဲမှထွက်ကာ အပေါ်ထပ်လှေကားပေါ်သို့ တစ်ထစ်ချင်း တက် သွား၏။

ဒေါ်ဝေမှာ ဧည့်ခန်းတွင်းမှာ ငူငူကြီးထိုင်ကျန်ခဲ့၏။ ဒေါ်ဝေ စိတ်ထဲမှာ ပီတိအတွက် သောကဖြစ်ရတာထက် သားချောနှင့်အလင်း အတွက် စိုးရိမ်ပူပန်စိတ်တွေကသာ ပိုမိုကြီးထွားနေသည်။

ထို့နောက် ဒေါ်ဝေ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်သည်။

ကလေးနှစ်ယောက်၏ ဖြူစင်တဲ့ချစ်ခြင်းမေတ္တာတရားတွေ သားဖော်ဖြင့် အတ္တမာန်တက်နေသော ဒေါ်ခင်သစ္စာကြောင့် မပျက်စီးစေ ချင်။

ထိုဆုံးဖြတ်ချက်နှင့်အတူ ဖုန်းစင်ပေါ်ရှိ ဖုန်းခွက်ကလေးကို ကောက် ဒေါ်ခင်သစ္စာ မသိအောင် ခိုးကြောင်ခိုးဝှက် ဟိုကြည့်ဒီကြည့်ဖြင့်

ကမ္ဘာကယာ နှိပ်လိုက်သည်။

သားချောတို့ကို ကြိုပြီး ဖုန်းဆက်ထားမှ...။

■ ■ ■





www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၄)

ခုတင်ထက်တွင် ခွဲစိတ်ခန်းဝတ်စုံဖြင့် ဖြူလျော့စွာ မှေးမှိတ်နေသော အလင်းကို သားချော ရင်မှာ ပူပန်စိတ်ဖြင့် မျက်တောင်မခတ်တမ်း စိုက်ကြည့်နေသည်။

ရင်ထဲမှ ပူပန်မှုတို့သည် တိမ်မည်းအုပ်ကြီးများသဖွယ် တလိမ့်လိမ့် အုံ့ဖွဲ့နေကြ၏။ အလင်း ခွဲစိတ်ပြီးသည့်အတိုင်း သတိမရသေး။

မျက်ဝန်းမှ ပိတ်စည်းထားသော ပတ်တီးလိပ်ဖြူဖြူတွေက သားချော၏ပူပင်သောကတွေကို ပို၍သွေးမျက် အားငယ်စေ၏။ ဆရာဝန်ကြီးက စိတ်ချရသည့်အခြေအနေသို့ ရောက်သွားပြီဟု ပြောခဲ့ပေမယ့် သားချော စိတ်မချနိုင်သေး။





"ကိုပီတီ အလင်းမျက်လုံးတွေ ပြန်မြင်နိုင်ပါ့မလားဗျာ"

အလင်း၏လက်ကလေးကို ထွေးဆုပ်ပြီး သားချော သူ့ပါးပြင်နှင့်ထိကပ်ကာ တညည်းညည်း ဆိုနေသောကြောင့် ပီတီ ကျောကို ခပ်သာသာလေးပုတ်ပြီး

"အဲဒီလောက်ထိ သောကတွေများမနေပါနဲ့ ညီရာ၊ အလင်း ခွဲစိတ်မှုက အောင်မြင်တယ်ပြောပြီးပြီပဲ၊ ဆရာဝန်ကြီးတွေက မဟုတ်တဲ ပြောမလားကွ"

"ဒါဆို တကယ် ပြန်မြင်တော့မှာပေါ့နော်"

"ဒါပေါ့ ခုဟာက မေ့ဆေးအရှိန်ကြောင့် သတိမရသေးတာ၊ နောက်သုံးလေးရက်ဆိုရင် ပတ်တီးဖြည်ပြီး အဲဒီကျရင် အလင်းလေးက ညီ့ကိုမြင်နိုင်ပါပြီကွာ"

"မြင်နိုင်လည်း သူက မင်းကိုပဲ မြင်စေရမယ် ပီတီ၊ အန်တီ့သားကိုတော့ သူ ဘယ်တော့မှ မမြင်စေရဘူး"

ဆေးရုံခန်းထဲဝင်လာသော ဒေါ်ခင်သန္တာအသံကြောင့် သားချောရော ပီတီပါ တအံ့တသြ လှည့်ကြည့်လိုက်ကြသည်။ ဦးမြတ်ကိုက နောက်မှလိုက်ဝင်လာသည်။

"ဟင် မာမီ"



www.burmeseclassic.com

www.burmeseclassic.com



"အန်တီ"

နှစ်ယောက်သား မျက်လုံးအပြူးသားနှင့်ကြည့်နေတော့ ဒေါ်ခင်သစ္စာမှာ အလင်း ခုတင်နားသို့ လက်ပွေ့အိတ်ကြီး တရမ်းရမ်းဖြင့် လျှောက်လာသည်။

"အလင်းရဲ့ခွဲစိတ်ကုသမှု အောင်မြင်တယ် မဟုတ်လား ပီတီ"

"ဟုတ် ဟုတ်ကဲ့ အောင်မြင်ပါတယ် အန်တီ"

ဒေါ်ခင်သစ္စာ အလင်းကိုကြည့်ကာ မေးလိုက်ခြင်း ဖြစ်သည်။

"ဒါပေါ့ ပီတီရဲ့၊ မေတ္တာ စေတနာတွေရဲ့လောင်းရိပ်အောက်မှာနေခဲ့တဲ့ အလင်းကြည်လေးက ပီတီအတွက်ပဲ၊ လောကရဲ့အလင်းကို ပြန်မြင်နိုင်ရမှာပေါ့"

"ဗျာ"

ပီတိ ဒေါ်ခင်သစ္စာ ဘာကိုရည်ရွယ်ပြီး ပြောမှန်းမသိ၍ ဗျာ လိုက်ရသည်။ သားချော သူ့မိခင်ကို ဘာမှမပြောဘဲ ကြည့်နေ၏။ မိခင်ဖြစ်သူလိုက်လာတာ ကောင်းသောလာခြင်းမဟုတ်ဘူးဆိုတာ စိတ်က အလိုလို သိနေသည်။

"ခုလို ပီတိက အလင်းကို ပြုစုစောင့်ရှောက်ခဲ့တဲ့အတွက် အန်တီ ကျေးဇူးတင်ပါတယ်ကွယ်"





"ရပါတယ် အန်တီ၊ ဒုက္ခရောက်တဲ့သူကို ကူညီရတာ လူသားဆန်တဲ့ဝတ္တရားတစ်ခုပါ၊ ကျေးဇူးတင်ဖို့ မလိုပါဘူးဗျာ"

"သား အလင်းအခြေအနေ ထူးခြားမှုရှိလား"

ဦးမြတ်ကိုကတော့ ဒေါ်ခင်သစ္စာလိုမဟုတ်။ တည်ငြိမ်အေးဆေးသောအသံဖြင့်ပင် သားဖြစ်သူကို မေးလိုက်ခြင်းဖြစ်သည်။

"မေ့ဆေးအရှိန်ကြောင့် သတိမရသေးတာပါ ဒယ်ဒီ၊ တခဏနေရင် သတိရတော့မှာပါ"

သားချောအသံက ပုံမှန်ပင်။

"ကဲ သားချော ပြန်လိုက်ခဲ့တော့ကွယ်၊ မာမီ့မှာ သားပျောက်သွားလို့ ဘယ်လောက် စိတ်သောကရောက်ရလဲ သိလား"

"သား လိုက်လို့မဖြစ်ဘူး မာမီ၊ အလင်း မျက်စိအလင်း ပြန်ရတာနဲ့ အလင်းကို လက်ထပ်ဖို့ ဆုံးဖြတ်ပြီးသွားပြီ"

သားချော ဘာကိုမှ မမှုသောဟန်ဖြင့် ဆန့်ကျင်လိုက်သည်။

"ဘာပြောတယ်၊ မင်းက အလင်းကို လက်ထပ်မယ် ဟုတ်လား။ မှင်းရူးနေတာလား၊ နွားကျခံချင်နေတာလား၊ တစ်အိမ်တည်းမှာ သူစိမ်းယောကျာ်းတစ်ယောက်နဲ့ ညပေါင်းများစွာကို အတူဖြတ်ကျော်လာခဲ့တဲ့ မိန်းကလေးတစ်ယောက်ကို မင်းက လက်ထပ်မယ် ဟုတ်လား"

www.burmeseclassic.com



ဒေါ်ခင်သစ္စာ စကားကြောင့် ပီတိ ရင်ထဲအောင့်မျက်သွားရသည်။ လူငယ်တွေ၏မှန်မြတ်သည့် သစ္စာတရားနှင့် စောင့်ထိန်းမှုကို သက်သက်မဲ့ ရိုက်ချိုးပစ်လိုက်တာပဲ။

"အန်တီ အလင်းနဲ့ကျွန်တော်နဲ့ အန်တီ ထင်သလို ဘာမှမဖြစ်ခဲ့ကြပါဘူး၊ ကျွန်တော် အလင်းအပေါ် ဘာအခွင့်အရေးမှ မယူခဲ့ဘူးဆိုတာ ကျွန်တော့်အသက်နဲ့ထပ်တူ လောင်းကြေးထပ် ကိုးနက်ရဲပါတယ် သားချောကို အလင်းနဲ့သဘောမတူတိုင်း အလင်းရဲ့ဂုဏ်သိက္ခာနဲ့ ကျွန်တော့်ရဲ့ရိုးသားမှုကို သံသယတွေ ထင်ကြေးတွေနဲ့ မခြေမွလိုက်ပါနဲ့"

"မင်းကို စွပ်စွဲနေတာလည်း မဟုတ်ဘူး၊ အပြစ်တင်နေတာလည်း မဟုတ်ပါဘူး ပီတိရယ်၊ အန်တီကလေ အမှန်ပြောရရင် မင်းနဲ့အလင်းကို အစောကြီးကတည်းက နေရာချထားပေးဖို့ မဝေနဲ့ တိုင်ပင်ပြီးသား၊ မယုံရင် မင်းအဒေါ်ကို မေးကြည့်ပါကွယ်"

ပီတိ ဒေါ်ခင်သစ္စာ၏ယုံရခက်ခက် စကားကြောင့် အံ့သြလွန်းကာ ဘာပြန်ပြောရမှန်းပင် မသိတော့။

"မာမိ သားတို့ချစ်ခြင်းကို နည်းမျိုးစုံနဲ့ မခွဲပါနဲ့၊ အလင်းကိုပီတိရဲ့ရိုးသားမှုကို သားအကြွင်းမဲ့ ယုံတယ်၊ နောက်ဆုံး အလင်းကိုပီတိနဲ့မှမဟုတ်ဘူး ဘယ်ယောက်ျားတွေနဲ့ပဲ ငြိစွန်းခဲ့ ငြိစွန်းခဲ့ သား





အလင်းအပေါ်မှာ ချစ်တဲ့အချစ်တွေကတော့ လျော့မသွားဘူး"

ဒေါ်ခင်သစ္စာ အောက်နှုတ်ခမ်းကို ဖိကိုက်လိုက်ကာ

"ဘာပဲဖြစ်ဖြစ် မင်း မာမိနဲ့ပြန်လိုက်ခဲ့ရမယ်၊ မာမိ စိတ်ကို သားသိတယ်နော်၊ မာမိက ဘယ်ကိစ္စမဆို ဖြစ်အောင်လုပ်တတ်တယ်ဆိုတာ"

"ဒီမှာ မာမိ မဖြစ်နိုင်တာကို ဘာဖြစ်လို့ အတင်းဖွတ်အတင်းဆုပ်ချင်နေရတာလဲ၊ မာမိက ကျောင်းအုပ်ဆရာမကြီးတစ်ယောက်ပါ၊ ကိုယ့်အတွက်ကို ကိုယ်ရှေ့တန်းမတင်ရဘူးလေ၊ ခုဟာက အလင်းနဲ့သဘောမတူဘူးဆိုတာ မာမို့ဂုဏ်သိက္ခာ ညှိုးနွမ်းသွားမှာစိုးလို့ပါ၊ သားအတွက်မဟုတ်ပါဘူး၊ ရာထူးစည်းစိမ်ဆိုတာ လူတွေက သတ်မှတ်ထားတဲ့ဂုဏ်သိက္ခာပါ၊ လောကကြီးထဲကလူတွေ ပျောက်သွားရင် အဲဒီ ဂုဏ်သိက္ခာကြီးကလည်း သုံးစားလို့ မရပါဘူး၊ ဖြူစင်တဲ့မေတ္တာတရားသာလျှင် ...မှည်းတင်ကျန်ခဲ့မှာပါ မာမိ"

"သြော် မင်းက မာမို့ကိုပြန်ပြီး မိကျောင်းမင်းရေခင်းပြတယ် ...ကောင်းပြီလေ မင်းရိုးသားဖြူစင်ပါတယ်ဆိုတဲ့ အလင်းက ယောက်ျား ...ယောက်ကို တစ်ပြိုင်တည်း အမိဖမ်းပါတယ်ဆိုတာကို အားလုံးသိသွား ...ရမယ်၊ ဒါကလည်း မင်း မာမိနဲ့ပြန်မလိုက်မှပါ"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်သစ္စာ အကျပ်ကိုင်လိုက်မှန်း ပီတီရော သားချောရော သိသည်။ ထို့ကြောင့် ပီတီ သားချောနားသို့ တိုးကပ်ကာ

"သားချော ကိုယ်နဲ့အလင်း ဘာမှမငြိစွန်းခဲ့ဘူးဆိုတာ မင် ယုံတယ်ဆိုရင် ဒီပြဿနာကို အိမ်မှာ လိုက်ရှင်းလိုက်ပါကွာ၊ ဆေးရုံပေါ် မှာ မိသားစုပြဿနာကို ထုတ်ရှင်းနေလို့ မသင့်တော်ပါဘူး၊ အလင် ပတ်တီးဖြည်ကတဲ့နေ့ကျမှ မင်းလာခဲ့တော့၊ အဲဒီနေ့ကိုတော့ မင်း ရောက် မလာလို့ မဖြစ်ဘူး၊ အလင်းက သူ့ချစ်သူကို သူအရင်ဆုံး မြင်ချင်တာ ပါ"

သားချော အိမ်သို့ပြန်မလိုက်သွားချင်ပေမယ့် ဆေးရုံပေါ် မိခင်၏အတွင်တွေ အစွမ်းကုန် ထုတ်သုံးတော့မည်ဆိုတာ သားချောလည် သိနေသဖြင့် မေ့မျောနေသော အလင်းကို ငုံ့ညှာသည့်အနေဖြင့် သား လိုက်သွားရန် ဆုံးဖြတ်လိုက်သည်။

ဒယ်ဒီက တစ်ချိန်လုံး ဘာမှဝင်မပြောဘဲ သားချော၏ပခုံ နှစ်သိမ့်သလိုဖြင့် ပုတ်လိုက်ပြီး

"ပီတီ ပြောတာ မှန်တယ် သား၊ အိမ်ကိုလိုက်ပြီး ရှင်းလိုက် ဒယ်ဒီ သားဘက်က ရပ်တည်ပေးမှာပါ"





မာမီ မကြားအောင် ခပ်တိုးတိုးပြောလာသော ဒယ်ဒီ့ကို သား ချော မော့ကြည့်လိုက်သည်။ ဒယ်ဒီ့ကိုတော့ ယုံသည်။

ထို့နောက် သားချော အလင်းကို တစ်ချက်စိုက်ငေးကြည့်ပြီး ဆိုင်ရာမှ လေးပင်စွာ ထလိုက်သည်။"

"အလင်း ကိုယ် ပြန်လာခဲ့မယ်"

■ ■ ■



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃၅)

BURMESE CLASSIC .com

အလင်း မျက်လွှာလေးကို အားယူ၍ ဖွင့်သည်။ ကြိုးစားဖွင့်သည်။ ဘယ်သူတွေ အလင်းကို တကြော်ကြော် ခေါ်နေသည်လဲ။

ခေါ်သံတွေထဲမှာ မိန်းမသံတွေလည်း ပါလာပြီ။ ဟုတ်သည်။ ထိုအသံသည် ဒေါ်ဝေ့အသံ၊ နောက်ပြီး ဆရာဝန်ကြီးနှင့် နာ့စ်ကလေးများ၏အသံ။ နောက်ပြီး ကိုပီတိ နောက်ပြီးကျန်သေးသည်။

အလင်း၏ အရင်းနှီးဆုံး အလင်းကို အကြင်နာတွေအများကြီး ပုံပေးခဲ့သည့် သားချောအသံ။ ဘာဖြစ်လို့ သားချောအသံတစ်သံထဲသာ အလင်းနားထဲသို့ တိုးဝင်မလာရတာလဲ။





အလင်း မျက်လုံးတွေထဲသို့ အလင်းရောင်ဖျဖျလေး တိုးဝင်လာသည်။ အလင်းအတွက် အထူးအဆန်း ဖြစ်နေသည့် အလင်းရောင်။ အလင်း နေသားမကျသူလို မျက်ဝန်းလေးတွေကို ဖျတ်ခနဲ ပြန်ပိတ်လိုက်သည်။

နောက်တစ်ခါထပ်၍ မျက်လွှာကို ဖွင့်မိပြန်သည်။ အလင်းရှေ့တွင် လှုပ်ရှားနေသော အရိပ်များ။

အလင်းရင်တွေ ဒိတ်ခနဲ အခုန်မြန်သွားသည်။ ဘုရားရေ အလင်း တကယ်မြင်ရပြီပေါ့။ ဒါဟာ အိပ်မက်ဖြစ်မသွားပါစေနဲ့။ အလင်း အခုမြင်နေရသော အလင်းရောင်နှင့်လူရိပ်တွေဟာ အိပ်မက်တွေလို ဖျတ်ခနဲ ပျောက်မသွားပါစေနှင့်။ အလင်း မျက်လုံးတွေအား ပွတ်သပ်ကြည့်ရန် အင်အားမဲ့သော လက်အစုံကို အားယူလိုက်သည်။

"အလင်းကြည် မကိုင်နဲ့ မျက်လုံးတွေကို ထိကိုင်ဖို့ မကြိုးစားနဲ့"

ဆရာဝန်ကြီး၏တားမြစ်လိုက်သံကြောင့် အလင်းလက်တွေကို ငြိမ်ငြိမ်လိုက်သည်။

မထင်ရှားသောအရိပ်တွေ တဖြည်းဖြည်း ပီပြင်လာသည်။ အလင်း ဝမ်းသာလွန်း၍ နှုတ်ခမ်းနီနီထွေးထွေးလေးတွေ တဆတ်ဆတ် တုန်နေသည်။ ဘယ်သောအခါမှ ဤမျှအထိ ရင်ထဲမှာ မပျော်ရွှင်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



အလင်း၏မျက်ဝန်းလှလှလေးတွေ ပြန်မြင်ရပြီ။

"သားချော ကိုပီတိ အလင်း ပြန်မြင်ရပြီ၊ အလင်းရဲ့ကျေးဇူး
ရှင်နှစ်ယောက်ကို အလင်း အရင်ဦးဆုံး ကြည့်မြင်ချင်တယ်၊ အလင်း
ရှေ့မှာ လာရပ်ပေးကြပါ"

ဝမ်းသာလွန်း၍ ပြောသောအသံမှာ တုန်ခိုက်နေသည်။

ပီတိရင်ထဲမှာ အလင်းအတွက် စိတ်မကောင်း။ မျက်စိအလင်း
ရသည်နှင့် ချစ်သူမျက်နှာကို အရင်ဆုံးမြင်ချင်ရှာမှာပေါ့။ ခုတော့ သား
ချော ရောက်မလာ။ ဖုန်းဆက်ကြည့်တော့လည်း စက်ပိတ်ထားသည်
လူကိုယ်တိုင် လိုက်ခေါ်ဖို့ကျပြန်တော့လည်း ဒေါ်ခင်သစ္စာနှင့် ထိပ်တိုက်
တိုးမှာစိုးသလို ဒီမှာလည်း အလင်းတစ်ဇယောက်တည်း စိတ်မချနိုင်
ဒေါ်ဝေပြောတော့ သားချောကို ဒေါ်ခင်သစ္စာ အခန်းပိတ်ထား
သည်ဟု ပြောသည်။

အလင်းမေးလျှင် ပီတိ ဘယ်လိုဖြေရမှန်း မသိတော့။ ရင်း
ရှတ်ချည်းဆိုသလို အပူလုံးက ကြွလာပြန်သည်။

"ကိုပီတိ သားချောရော သားချော မလာသေးဘူးလား
အလင်း သားချောကို အရမ်းတွေ့ချင်တယ်"

အလင်း မျက်နှာလေးက ပြုံတော့မည့်မိုးလို ညှိုမှောင်နေသည်
"အလင်း မျက်စိတွေ ပြန်မြင်ရပြီ၊ သားချော မျက်နှာ





တစ်ဝကြီးကြည့်ပါရစေ"

အလင်း မျက်နှာလေးကို မမှိတ်မသုန် ငေးစိုက်ကြည့်ရင်း
ပီတိမှာ ဝမ်းနည်းဝမ်းသာ ဖြစ်နေရသည်။ ချစ်သောသူမလေးကို-သူ့ချစ်
သူနှင့်လည်း ဆုံစည်းစေချင်ပါသည်။

"အလင်း သမီးလေး"

ဒေါ်ဝေ အလင်း ပခုံးလေးကို သိုင်းဖက်၏။

"ဒေါ်ဝေ အလင်းမြင်ရပြီ ဒေါ်ဝေရဲ့၊ အလင်း အခုတကယ်
မြင်ရပြီ"

ဒေါ်ဝေ မျက်ရည်တွေစို့ဝဲတက်လာသည်။ ဝမ်းသာ၍ကျသော
မျက်ရည်တွေပါ။

"သားချော အလင်းကို ထားသွားပြီလားမသိဘူး ဒေါ်ဝေရယ်
အလင်း သားချောကို အရမ်းတွေ့ချင်တယ်"

ဒေါ်ဝေ့ရင်ခွင်ထဲ အားကိုးတကြီး နိုဝင်ငိုရှိုက်လိုက်သည်။

ဆရာဝန်ကြီးတွေ၊ နာ့စ်တွေ အခန်းထဲမှ အလျှိုလျှို ထွက်သွား
ကြ၏။ အားလုံး အလင်း၏အဖြစ်ကို သိထားကြ၍ အလင်းအပေါ်မှာ
ကရုဏာသက်နေမိကြသည်။

"အလင်းလေ သားချောကို အရမ်းချစ်တယ်ဆိုတာ ပြောချင်
တယ် ဒေါ်ဝေရယ်"



www.burmeseclassic.com

www.burmeseclassic.com



"အလင်း ကိုယ့်ကို တကယ်ချစ်တာလား"

အခန်းဝမှာ ဘွားခနဲ ပေါ်လာသော သားချော၏အသံကြောင့် အလင်း မျက်ရည်မဝ့မျက်ဝန်းဖြင့် ငဲ့ကြည့်လိုက်သည်။ ပီတိ သားချော ကိုမြင်မှ အလင်းအတွက် သောကပွေပေးနေရသော အပူလုံး ခုမှကျ တော့သည်။

"သားချော သားချောလားဟင်"

ကျစ်လျစ်သန်မာသော ခန္ဓာကိုယ်အချိုးအစားနှင့် အရပ်မြင့် မြင့် ဖြူဖြူချောချော ကြည်လင်ရှင်းသန့်သော မျက်နှာပိုင်ရှင်ကို အလင်း မင်တက်စွာ ငေးကြည့်လိုက်သည်။ အလင်း စိတ်ကူးဖြင့် ပုံဖော်ထားသော သားချော၏ရုပ်သွင်သဏ္ဍာန်ထက် ယခုလက်တွေ့ မြင်လိုက်ရသော သား ချောသည် အဆပေါင်းများစွာ သာလွန်ချောမွေ့နေသည်။

ရင်ခုန်စရာကောင်းလိုက်တာ။ မိုးနတ်မင်းက အလင်းကို ဤချ ချစ်သူချောချောလေး နှင်းအပ်ထားတာပဲ။ ရင်ခုန်ကျေနပ်ခြင်းများစွာဖြင့် အလင်း သားချောမျက်နှာကို တစ်ဝကြီး ငေးမောလိုက်သည်။

အလင်းရှိရာသို့ သားချော ပန်းစည်းကိုင်ပြီး လျှောက်လာသည် အလင်းလက်ထဲသို့ ပန်းစည်းထည့်ပေးလိုက်သည်။

"သားချော အလင်းဆီလာတယ်နော်။ စောစောက သားချော ကို မတွေ့ရတော့ အလင်း ရှူးမတတ် ခံစားရတယ် သိလား"





"အခုတော့ မခံစားနဲ့တော့ ကိုယ် အလင်းနားကို အပြီးထွက် လာခဲ့တာ၊ အရှုံးအမှုးချစ်ကြဖို့ပဲ လိုတော့တယ်"

"ကဲ အရှုံးအမှုးချစ်မယ်ဆိုလည်း ဒီကပဲ အလိုက်တသိ ဖယ် ပေးရတော့မှာပေါ့၊ ကဲ ကြီးဒေါ်ဝေ ကျွန်တော်တို့ ပြန်ကြရအောင်၊ ညနေမှပဲ တစ်ခေါက်ပြန်လာမယ်၊ သူတို့လေးတွေ အေးအေးဆေးဆေး အလွမ်းသယ်ကြပါစေ"

"အေးပါ ဒေါ်ဝေလည်း အလိုက်သိပါတယ်ကွယ်"

ဒေါ်ဝေ ချစ်သူနှစ်ဦး ပေါင်းစည်းမှုကို တစိမ့်စိမ့်ကြည့်ရင်း

"သမီး ဒေါ်ဝေ သွားမယ်နော်"

အလင်း ခေါင်းလေးတဆတ်ဆတ်ညိတ်ပြလိုက်သည်။ အားလုံး အခန်းထဲမှ ထွက်သွားတော့မှ သားချော အလင်း ခုတင်စွန်းတွင် ဝင် ထိုင်လိုက်ပြီး အလင်း ကိုယ်လေးကို ရင်ခွင်ထဲဆွဲသွင်းလိုက်သည်။

"ကိုယ်တို့ ဒီတစ်ခါတော့ တကယ် ဆုံဆည်းပြီနော်၊ အလင်း ဘဝမှာ ဘယ်လိုသောကမျိုးမှ ထပ်မဖြစ်အောင် အလင်းဘေးကနေ ကွယ်မယ်၊ အလင်းဘက်ကသာ ကိုယ့်ကိုတစ်ခုပဲ ပြန်ပေးဆပ်ရမယ်"

"ဘာလဲဟင် သားချော၊ အလင်း ဘာကိုပြန်ပေးဆပ်ရမလဲ"

"ကိုယ့်ကို များများချစ်ပေးဖို့ပေါ့"

သားချော၏ တောင်းဆိုမှုကြောင့် အလင်း၏ရင်ထဲ နွေးခနဲ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လိုက်ဖို့သွားရ၏။

"သားချော်ရယ် အလင်းလေ သားချောကို အသက်နဲ့ထပ်တူ ချစ်မှာပါ၊ အလင်းဘဝကို သားချော သဘောအတိုင်း ကြိုက်သလို စီမံပါတော့၊ အလင်းဘဝမှာ ဘယ်တော့မှ မသေဆုံးတဲ့အချစ်နဲ့ ချစ်နေမှာကိုတော့ ယုံပေးပါ"

ရင်မှဖြစ်တည်ရပါသော သစ္စာစကားတို့ကို ချစ်သူရင်ခွင်မှာ နိဝင်ရင်း ရက်ရောစွာ တိုင်တည်လိုက်ပါသည်။

ချစ်သူနှစ်ဦး၏ကြည်နူးတိမ်းမူးခြင်းများသည် အခါခပ်သိမ်းအား မေ့လျော့သွားစေလောက်အောင် အနမ်းမိုးတွေ မျက်နှာပြင်အနှံ့ ရွာသွန်းလိုက်ကြသည်။

ကြောက်ရွံ့နေတဲ့မျှော်လင့်ချက်တွေ တုန်လှုပ်နေတဲ့စကားလုံးတွေဟာ ခုတော့ ဟိုးအဝေးကြီးမှာ ကျန်ရစ်ခဲ့ကြလေပြီ။

ရင်ခုန်သံတွေကတော့ နွေးခနဲ နွေးခနဲနှင့် အော်ဟစ်ကခုန်နေကြသည်။

အားလုံးအတွက်
နုတ်သမီး

မိုး မိုး ၈၇ မေ

BURMESE CLASSIC .com

www.burmeseclassic.com